
The Commerce Journal
စီးပွားရေးသတင်းဂျာနယ်
http://www.commercejournal.com.mm
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL. 25, NO. 5 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | May 5, 2025


# မြေကြီးမှ ရွှေသီးမည့် မြန်မာ့အိုးလုပ်ငန်း

စာမျက်နှာ - 28 ➤









## အီလက်ထရွန်နစ် ကူးသန်းရောင်းဝယ်ရေးအကြောင်း တစေ့တစောင်း

စာမျက်နှာ - 8 ➤

အီလက်ထရွန်နစ် ကူးသန်းရောင်းဝယ်ရေးအကြောင်း တစေ့တစောင်း
စာမျက်နှာ - 8 ➤
အီလက်ထရွန်နစ် ကူးသန်းရောင်းဝယ်ရေးအကြောင်း တစေ့တစောင်း
စာမျက်နှာ - 8 ➤

ကောမတ်စ်ပုံနှိပ်လုပ်ငန်း
အောက်ပါလုပ်ငန်းများကိုလက်ခံဆောင်ရွက်ပေးနေပါသည်။
Pamphlets, Calendar(Table/Wall)
Visiting Card, Company Letter Head
File Holder, Business Cards
Certificates Labels, Voucher, Book,
Catalouges, Postcards, Envelopes, Journal

No.240(A), Upper Pazundaung Road, Setsan, Mingala Taung Nyunt Tsp:
Ph:09 43034879, 09 795679800

# EMIN

Testing & Measuring Everything

## စမ်းသပ်တိုင်းတာရေးလုပ်ငန်းများအတွက် အရည်အသွေးပြည့်ဝသော
## Testing & Measuring Instruments များ




- လျှပ်စစ်တိုင်းတာရေး ကိရိယာများ
- စက်ပစ္စည်းတိုင်းတာရေး ကိရိယာများ
- သဘာဝပတ်ဝန်းကျင် တိုင်းတာရေး ကိရိယာများ
- ဓာတ်ခွဲခန်းသုံး တိုင်းတာရေး ကိရိယာများ
- ဆောက်လုပ်ရေးသုံး တိုင်းတာရေး ကိရိယာများ
- ရေစမ်းသပ်တိုင်းတာရေး ကိရိယာများ

**အစရှိသောပစ္စည်းအမျိုးမျိုးကို Emin Myanmar တွင် ဝယ်ယူရရှိနိုင်ပါသည် ။**


ACCREDITATION CERTIFICATE
VERIFICATION & CALIBRATION CENTER
ISO/IEC 17025:2017

Vietnam နိုင်ငံ သိပ္ပံ နှင့် နည်းပညာ အဖွဲ့အစည်းမှ Calibration Center အဖြစ် အသိအမှတ်ပြု လက်မှတ်ရရှိထားပါသည် ။

SCAN HERE

## Emin Myanmar

09-266 993 007

www.emin.com.mm

အမှတ် (၅၁၁/B)၊ ဝေဇယန္တာလမ်း၊ (၄) ရပ်ကွက် ၊
ပါရမီ မီးပွိုင့်အနီး၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။





# ရောဝတီတိုင်းဒေသကြီးအတွင်း ပို့ကုန်ကဏ္ဍတိုးမြှင့်ရေးနှင့် ပြည်ပပို့ကုန် သီဟိုဠ်ဈေးကွက်

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်ပြီး တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ ရေမြေသဘာဝရာသီဥတုပေါ်မူတည်၍ ပြည်တွင်းစားသုံးရန်နှင့် ပြည်ပသို့တင်ပို့ရန် ဆန်၊ စပါး၊ ပဲမျိုးစုံ၊ လယ်ယာကိုင်းကျွန်းသီးနှံ၊ သစ်သီးဝလံမျိုးစုံ ၊ စားဖိုဆောင်သီးနှံ၊ ဟင်းသီးဟင်းရွက်မျိုးစုံ၊ စက်မှုကုန်ကြမ်းသီးနှံ၊ နှစ်ရှည်သီးနှံ၊ သစ်တောထွက်ပစ္စည်းများ အမယ်များစွာ စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။

ရောဝတီတိုင်းအတွင်း ပြည်တွင်း၊ ပြည်ပဈေးကွက်ဝင် သီဟိုဠ်ကိုလည်း စိုက်ပျိုးလျက်ရှိရာ သီဟိုဠ်ကို မူရင်းဒေသ တောင်အမေရိကတိုက်ရှိ ဘရာဇီးနိုင်ငံမြောက်ပိုင်းတွင် စတင်စိုက်ပျိုး၍ အိန္ဒိယနိုင်ငံနှင့် အာဖရိကနိုင်ငံများသို့ ပျံ့နှံ့ စိုက်ပျိုးခဲ့သည်။ မြန်မာနိုင်ငံအတွင်းသို့ သီဟိုဠ်ကျွန်းမှ ဝင်ရောက်လာပြီး ၁၉၈၈ ခုနှစ်မတိုင်မီ အနည်းအကျဉ်းသာ စိုက်ပျိုးခဲ့သော်လည်း ၎င်းနောက်ပိုင်း ကာလများတွင် ရခိုင်ကမ်းရိုးတန်း၊ တနင်္သာရီကမ်းရိုးတန်း၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ရောဝတီတိုင်းဒေသကြီးများတွင်လည်း ရေ၊ မြေရာသီဥတုနှင့် ကိုက်ညီမှုရှိ၍ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

ရောဝတီတိုင်းဒေသကြီးအတွင်း သီဟိုဠ်စိုက်ဧက ၆၆၅၂၉ ဧက ရှိပြီး အထွက်နှုန်း ပိဿာ ၁၀၀၀၀၀ ဝန်းကျင် အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၁၅၅၆၇၇၈၆ ပိဿာ ခန့် ထွက်ရှိ ကြောင်း သိရသည်။

ရောဝတီတိုင်းဒေသကြီးအတွင်းရှိ ဒေသထွက်ကုန်များတွင် ပြည်ပပို့ကုန် သီဟိုဠ်ဈေးကွက်မှာ ရာသီသီးနှံအဖြစ် ဖေဖော်ဝါရီလကုန် နောက်ဆုံးပတ်မှစတင်၍ ဈေးကွက်သို့ ဝင်ရောက်လျက်ရှိပြီး မတ်လတွင် သီဟိုဠ်လှိုင်လှိုင်ပေါ်ပြီ ဖြစ်သည်။ သီဟိုဠ်ရာသီမှာ မိုးမရွာခင်အချိန်အထိ ဈေးကွက်မှာ အရောင်းအဝယ်ဖြစ်၍ မေ၊ ဇွန်လများတွင် မိုးဖြိုင်ဖြိုင် ရွာသွန်းပါက အရောင်းအဝယ်မဖြစ်တော့ဘဲ သီဟိုဠ်ရာသီ ပြီးဆုံးသွားပြီဖြစ်သည်။

ယခင်နှစ်က သီဟိုဠ်ကုန်ကြမ်း တစ်ပိဿာလျှင် ကျပ် ၅၀၀၀ ဈေးရှိပြီး ယခုနှစ်တွင် သီဟိုဠ် တစ်ပိဿာကို ကျပ် ၇၀၀၀-၇၂၀၀ ဈေးရရှိသည့်အတွက် ယခင်နှစ်ထက် တစ်ပိဿာကို ကျပ် ၂၀၀၀-၂၂၀၀ ဈေးပိုမိုရရှိပြီး သီဟိုဠ်တောင်သူများ တွက်ခြေကိုက်လျက်ရှိကြောင်း ပုသိမ်မြို့ပေါ်ရှိ သီဟိုဠ်အဝယ်ဒိုင်မှ သိရသည်။

တိုင်းဒေသကြီးအတွင်း ပြည်တွင်း/ပြည်ပဈေးကွက်ဝင် နှစ်ရှည်သီးနှံသီဟိုဠ်ကို ပုသိမ်ခရိုင်၊ ဟင်္သာတခရိုင်နှင့် မြောင်းမြခရိုင်တို့တွင် အများဆုံးစိုက်ပျိုးလျက်ရှိပြီး လပွတ္တာခရိုင်နှင့် ဖျာပုံခရိုင်တို့တွင်လည်း စိုက်ပျိုးကြောင်း သိရသည်။ ပုသိမ်မြို့နယ်နှင့် သာပေါင်းမြို့နယ်ထွက် သီဟိုဠ်စေ့မှာ အစေ့ကြီး၍ ရေကြည်မြို့နယ် ထွက်သီဟိုဠ်မှာ အလယ်အလတ်ရှိ၍ မြောင်းမြမြို့နယ်ထွက် သီဟိုဠ်စေ့မှာ အစေ့သေးသော်လည်း အထွက်နှုန်းပို၍ ကောင်းမွန်သည်။ သီဟိုဠ်သည် စတင်စိုက်ပျိုးချိန်မှ ခူးဆွတ်ရသည်အထိ ၄းနှစ်စိုက်ပျိုးရပြီး အပင်သက်တမ်း နှစ်(၆၀)ရှိသဖြင့် ရေရှည်အကျိုးအမြတ်ရရှိသည့် နှစ်ရှည်သီးနှံအမျိုးအစားဖြစ်သည်။ သီဟိုဠ် ခူးဆွတ်ခြင်းကို ဖေဖော်ဝါရီလမှ စတင်ခူးဆွတ်၍ မေလ မိုးမရွာမီအထိ ဈေးကွက်တွင် အရောင်းအဝယ်ဖြစ်၍ မိုးထိလျှင် သီဟိုဠ်စေ့မှာ မူလအရောင်ပျက်ကာ မည်းသွားပြီး ဈေးကွက်တွင်လည်း အရောင်းအဝယ်မဖြစ်တော့ကြောင်း သိရသည်။

သီဟိုဠ်ပေါ်ချိန် ပုသိမ်မြို့တွင် အဝယ်ဒိုင် ၁၀ ဒိုင်ခန့်၊ သာပေါင်းမြို့ပေါ်တွင် သုံးဒိုင်ခန့်၊ မြောင်းမြမြို့ပေါ်တွင် အဝယ်ဒိုင် နှစ်ဒိုင်နှင့် ရေကြည်မြို့ပေါ်တွင် အဝယ်ဒိုင် နှစ်ဒိုင်ဖြင့် ဝယ်ယူလျက်ရှိပြီး ဝယ်ယူရရှိသော သီဟိုဠ်ကုန်ကြမ်းများကို ရန်ကုန်မြို့သို့ အဓိကတင်ပို့သည်။ ပုသိမ်မြို့နှင့် ရေကြည်မြို့တို့တွင် သီဟိုဠ်စေ့ကုန်ချောပြုလုပ်၍ ပြည်တွင်းဈေးကွက်နှင့် ပြည်ပဈေးကွက်အဖြစ် တရုတ်နိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ စင်ကာပူနိုင်ငံနှင့် မလေးရှားနိုင်ငံများသို့ ရန်ကုန်မှတစ်ဆင့် တင်ပို့ရောင်းချ လျက် ရှိကြောင်း သိရသည်။

သီဟိုဠ်စေ့ကို တန်ဖိုးမြှင့် စားသောက်ကုန်အဖြစ် ချောကလက်၊ ရေခဲမုန့်၊ ထိုးမုန့်၊ ကိတ်မုန့်အမျိုးမျိုး၊ မုန့်မျိုးစုံ၊ ယိုမျိုးစုံ၊ ဒန်ပေါက်နှင့် ဟိုတယ်စာအဖြစ်နှင့် မုန့်အမျိုးမျိုးတို့တွင် ပါဝင်အသုံးပြုလျက်ရှိပြီး သီဟိုဠ်စေ့တွင် Vitamine-E ပါဝင်သဖြင့် ပြည်ပနိုင်ငံများတွင် ဆံပင်၊ အသားအရေလှပသည့် မိတ်ကပ်အကူ ပစ္စည်း ခေါင်းလိမ်းဆီ ထုတ်လုပ်ရာနှင့် အိန္ဒိယနိုင်ငံတွင် သီဟိုဠ်စေ့အခွံကို သင်္ဘောဆေးလုပ်ငန်းတွင် ကုန်ကြမ်းအဖြစ် အသုံး ပြုလျက်ရှိကြောင်း သိရသည်။

ရောဝတီတိုင်းဒေသကြီးအတွင်း သီဟိုဠ်စိုက်ပျိုးသော ဧကများစွာရှိပြီး ဆက်စပ်နေရာများတွင် စိုက်ပျိုးနိုင်ခြင်း၊ မြေလွတ်မြေရိုင်းများ ရှိနေခြင်း၊ နေရာမရွေး စိုက်ပျိုးနိုင်ပြီး အထွက်နှုန်း သင့်တင့်ကောင်းမွန်၍ ပြည်တွင်း/ပြည်ပဈေးကွက် ဝယ်လိုအားရှိသည့်အပြင် ကုန်ကြမ်းအဆင့်မှ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် တိုးမြှင့်ထုတ်လုပ်၍ ပုဂ္ဂလိ ကကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ရမည်ဖြစ်သည်။

ထို့အပြင် ပြည်တွင်းကုန်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှုမှ ပို့ကုန်ကဏ္ဍတိုးမြှင့် တင်ပို့နိုင်ရန်အတွက် တိုင်းသီဟိုဠ်အသင်းကို ဖွဲ့စည်းပြီး ရောဝတီကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ တစ်ဆင့် ရန်ကုန်မြို့ရှိ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် UMFCCI နှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့ကြောင့် One Village One Product ကဲ့သို့ ပို့ကုန်အမယ်သစ်အဖြစ် ပြည်ပဈေးကွက် ပိုမိုထိုးဖောက်နိုင်ရန် တိုင်းဒေသကြီး သီဟိုဠ်လုပ်ငန်းရှင်များအသင်း သီဟိုဠ်စိုက်တောင်သူများ၊ ဒေသအာဏာပိုင် သက်ဆိုင်ရာ ဌာနဆိုင်ရာများ ပါဝင်၍ သီဟိုဠ်ကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်ပပို့ကုန်မြှင့်တင်ရန် အားလုံးဝိုင်းဝန်းပါဝင်ကြိုးပမ်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

**မင်းမင်းဦး (ပသ)**



Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
သောင်းနိုင်၊ နီနီကျော်

**စာတည်းမှူးချုပ်**
ငွေစိုး

**တာဝန်ခံစာတည်း**
စိန်သံ

**စာတည်းအဖွဲ့**
ကျော်ကျော်

**အုပ်ချုပ်ရေးမှူး**
ဖြူဖြူဝင်း

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး

**သတင်းထောက်များ**
သဇင်(မအူပင်)
ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)
မင်းမင်းဦး(ပုသိမ်)
ဝင်းဝင်းခိုင်(ပြည်)
သင်းသင်းအေး(မုံရွာ)
မျိုးဝင်းသန်း(မုံရွာ)
စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
အိမ့်သဇင်ခိုင်

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (၀၉ ၇၇၇ ၁၂၇၂၇၂)

**ထုတ်ဝေသူ**
ဦးမျိုးခိုင်ဝင်း (၀၀၉၇၇)
အမှတ်-၂၂၈/၂၄၀၊
ကမ်းနားလမ်း၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၁၀၉၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေး**
အုန်းခင်(၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**
အိမ့်သဇင်ခိုင်

**Layout Design & Graphic Design**
**CJ Design Group**

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com



メラノCC®
မယ်လာနိုစီစီ
နေ့သစ်တိုင်းလှပဝင်းနေစေဖို့
Pure
C
Vitamin
အမဲစက်ကင်းပြီး
ရေဓာတ်ပြည့်ဝစေကာ
အသားအရေကို
ကြည်လင်တောက်ပစေပါသည်။
NEVER SAY NEVER
ROHTO


Golden World
One Stop Energy Solution
After Sale Service မှာ စိတ်ချရတာ
Golden World ပါ
Golden World
One Stop Energy Solutions
Shark
TOPSUN
No-(7), 14 Qtr, Thanthuma St, South Okkalapa, Yangon, Myanmar.
+959 44470 1742 / 09 777 224 114

နန်းထိုက်
Google Map
(နန်းထိုက်ရွှေဆိုင် Nan Htike Gold Store)
Facebook
Scan Here
Tiktok
Scan Here
ဆိုင်(၃) အမှတ် (၅၂၂-ဘီ)၊မဟာဗန္ဓုလလမ်းနှင့်
(၂၈)လမ်းထိပ်၊(အလယ်ဘလောက်)
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
၀၉ ၉၇၅၅၅၅၉၂၄
'Our shop offers the Finest Quality Gold and Competitve Prices'

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဖြစ်ပေါ်နေသော စပါး/ဆန်စျေးနှုန်းများ အခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဧပြီလစတုတ္ထပတ်တွင် ဖြစ်ပေါ်နေသော စပါး/ဆန်စျေးနှုန်းများမှာ ရွှေဘိုပေါ်ဆန်း (စပါး)(သစ်) တင်း ၁၀၀ လျှင် ကျပ် ၃၉၀၀၀၀၀၊ ပေါ်ဆန်း (ဆန်)(သစ်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၄၀၀၀၀၊ ရောမင်း (စပါး)(သစ်) တင်း ၁၀၀ လျှင် ကျပ် ၂၃၀၀၀၀၀၊ ရောမင်း ဆန်(သစ်)၂၄ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၁၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ရေဦးမြို့နယ်တွင် ပေါ်ဆန်း (စပါး)(သစ်) တင်း ၁၀၀ လျှင် ကျပ် ၃၈၀၀၀၀၀၊ ပေါ်ဆန်း (ဆန်)(သစ်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၃၅၀၀၀၊ ရောမင်း(စပါး)(သစ်) တင်း ၁၀၀လျှင် ကျပ် ၂၃၀၀၀၀၀၊ ရောမင်း ဆန် (သစ်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၁၅၀၀၀ အရောင်းအဝယ် ဖြစ်နေကြောင်း သိရသည်။

ညော့မထ(စပါး)(သစ်) တင်း၁၀၀ လျှင် ကျပ် ၁၇၀၀၀၀၀ ၊ညော့မထ (ဆန်)(သစ်) ၂၄ ပြည်ပါ တစ်အိတ် ကျပ် ၆၈၀၀၀၊ ငစိန်(စပါး) (ဟောင်း) တင်း၁၀၀လျှင် ကျပ် ၂၀၀၀၀၀၀၊ ရော မင်း(စပါး)(သစ်) တင်း ၁၀၀ လျှင် ကျပ် ၂၁၀၀၀၀၀၊ ရောမင်း(ဆန်)(သစ်) ၂၄ ပြည်ပါ တစ်အိတ် ကျပ် ၈၃၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ဆင်းကေရီ(၃)(စပါး)(သစ်) တင်း၁၀၀ လျှင် ကျပ် ၁၆၀၀၀၀၀၊ ဆင်းကေရီ-၃ ဆန်(သစ်) ၂၄ ပြည်တစ်အိတ် ကျပ် ၈၀၀၀၀၊ ရောမင်း(စပါး) (ဟောင်း) တင်း ၁၀၀လျှင် ကျပ် ၂၈၀၀၀၀၀၊ ရောမင်း (ဆန်)(ဟောင်း) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၃၂၀၀၀ ဖြင့်အရောင်းအဝယ်ဖြစ် နေကြောင်း သိရသည်။

မုံရွာမြို့တွင် ရောမင်း(စပါး)(ဟောင်း) တင်း ၁၀၀ လျှင် ကျပ် ၂၈၅၀၀၀၀၊ ရောမင်း (ဆန်)(ဟောင်း) ၂၄ပြည် တစ်အိတ်မှာ ကျပ် ၁၃၅၀၀၀၊ ရောမင်း (စပါး) (သစ်) တင်း ၁၀၀ လျှင် ကျပ် ၂၅၀၀၀၀၀၊ ရောမင်း ဆန် (သစ်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၂၅၀၀၀၊ ရွှေဘိုပေါ်ဆန်း(စပါး)(သစ်) တင်း ၁၀၀ လျှင် ကျပ် ၃၈၀၀၀၀၀၊ ရွှေဘိုပေါ်ဆန်း (ဆန်)(သစ်) ၂၄ပြည် တစ်အိတ် ကျပ် ၁၄၀၀၀၀၊ မနောသုခ (စပါး) (သစ်)တင်း ၁၀၀ လျှင် ကျပ် ၁၉၀၀၀၀၀၊ မနောသုခ (ဆန်)(သစ်) ၂၄ပြည် တစ်အိတ်လျှင် ကျပ် ၈၀၀၀၀၊ ရွှေဝါထွန်း (စပါး)(သစ်)တင်း ၁၀၀ လျှင် ကျပ် ၂၁၀၀၀၀၀၊ ရွှေဝါထွန်း (ဆန်)(သစ်) ၂၄ပြည် တစ်အိတ်မှာ ကျပ် ၈၅၀၀၀၊ ရွှေသွယ်ရင် (စပါး)(သစ်) တင်း ၁၀၀ လျှင် ကျပ် ၂၀၀၀၀၀၀၊ ရွှေသွယ်ရင် (ဆန်)(သစ်) ၂၄ပြည် တစ်အိတ်လျှင် ကျပ် ၈၀၀၀၀ ဖြင့် အရောင်းအဝယ် ဖြစ်နေသည်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ ထုတ်ပြန်သည့် စိုက်ပျိုးသူ တောင်သူများ အပါအဝင် ကုန်သွယ် ရောင်းဝယ် သိုလှောင်ကြသူများအထိ သင့်တင့်မျှတသော ရည်ညွှန်းစျေးနှုန်းများအပေါ် မူတည်၍ ယခု ဧပြီလ စတုတ္ထပတ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရွှေဘိုမြို့နယ်မှ ရွှေဘိုပေါ်ဆန်း စပါး/ ဆန် စျေးနှုန်းနှင့် မုံရွာမြို့ နယ်မှ ရွှေသွယ်ရင်၊ မနောသုခ စပါး/ဆန် (သစ်) စျေးနှုန်းများမှာ စျေးကွက်အတွင်း ဝယ်လက်များနေချိန် ဖြစ်သောကြောင့် ဧပြီလ ဒုတိယပတ်စျေးနှုန်းနှင့် နှိုင်းယှဉ်လျှင် စျေးနှုန်း အနည်းငယ်မြင့်တက်လျက်ရှိကြောင်း သိရသည်။

**ခင်မို့မို့ငြိမ်း (မုံရွာ)**

# မကွေးတိုင်းဒေသကြီးတွင် ဖြစ်ပေါ်လျက်ရှိသော စပါး၊ ဆန်စျေးနှုန်းနှင့် စီးဝင်မှု အခြေအနေ

မကွေးတိုင်းဒေသကြီးသည် ဆီထွက်သီးနှံ နှမ်း၊ မြေပဲ တို့အား အဓိက စိုက်ပျိုးကြပြီး ဆန်လိုအပ်ချက်ရှိသည့် တိုင်းဒေသကြီးဖြစ်၍ စပါးအဓိက စိုက်ပျိုးထွက်ရှိရာ အခြား တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တင်သွင်းရသည်။

မကွေးတိုင်းဒေသကြီးအတွင်း ဧရာပဒေသာစပါးကို အဓိကစိုက်ပျိုးကြပြီး ဧပြီနောက်ဆုံးပတ်တွင် ဖြစ်ပေါ်နေသော စပါးစျေးနှုန်းများမှာ ညော့မထတစ်တင်းလျှင် ကျပ် ၁၇၀၀၀၊ ဆန်စျေးနှုန်းများမှာ မကွေးခရိုင်တွင် ပေါ်ဆန်းမွှေး၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၁၄၅၀၀၀၊ ဧရာ ပဒေသာ ကျပ် ၁၃၅၀၀၀၊ မနောသုခ ကျပ် ၉၇၀၀၀၊ ရတနာတိုး ကျပ် ၇၂၀၀၀၊ မင်းဘူးခရိုင်တွင် ပေါ်ဆန်းမွှေး ကျပ် ၁၄၅၀၀၀၊ ဧရာပဒေသာ ကျပ် ၁၃၃၀၀၀၊ မနောသုခ ကျပ် ၉၇၀၀၀၊ ရတနာတိုး ကျပ် ၇၅၀၀၀၊ သရက်ခရိုင်တွင် ပေါ်ဆန်းမွှေး ကျပ် ၁၅၅၀၀၀၊ ဧရာပဒေသာ ကျပ် ၁၃၀၀၀၀၊ မနောသုခ ကျပ် ၉၀၀၀၀၊ အောင်လံခရိုင်တွင် ပေါ်ဆန်းမွှေး ကျပ် ၁၅၀၀၀၀၊ ဧရာပဒေသာ ကျပ် ၁၀၇၀၀၀၊ မနောသုခ ကျပ် ၁၀၀၀၀၀၊ ရတနာတိုး ကျပ် ၈၄၀၀၀၊ ချောက်ခရိုင်တွင် ပေါ်ဆန်းမွှေး ကျပ် ၁၅၀၀၀၀၊ ဧရာပဒေသာ ကျပ် ၁၃၉၀၀၀၊ မနောသုခ ကျပ် ၉၂၀၀၀၀၊ ရတနာတိုး ကျပ် ၇၈၀၀၀ ဖြစ်သည်။

ပခုက္ကူခရိုင်တွင် ပေါ်ဆန်းမွှေး ကျပ် ၁၅၀၀၀၀၊ ဧရာပဒေသာ ကျပ် ၁၃၉၀၀၀၊ မနောသုခ ကျပ် ၁၀၀၀၀၀၊ ရတနာတိုး ကျပ် ၈၀၀၀၀၊ ဂန့်ဂေါခရိုင်တွင် ပေါ်ဆန်းမွှေး ကျပ် ၁၅၉၀၀၀၊ ဧရာပဒေသာ ကျပ် ၁၄၅၀၀၀၊ မနောသုခ ကျပ် ၁၁၀၀၀၀ တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

မကွေးခရိုင်တွင် ပေါ်ဆန်းမွှေး ကျပ်၃၀၀၀၊ ချောက်ခရိုင်တွင် မနောသုခ ကျပ် ၈၀၀၀စျေးနှုန်းကျဆင်းခဲ့ပြီး မင်းဘူးခရိုင်တွင် ပေါ်ဆန်းမွှေး ကျပ် ၁၀၀၀၀၊ ပခုက္ကူခရိုင်တွင် မနောသုခ ကျပ်၇၀၀၀ စျေးနှုန်း မြင့်တက်ခဲ့ကြောင်း သိရသည်။

၂၀၂၅ခုနှစ် ဧပြီ ၁ ရက်မှ ၂၀ ရက်အထိ မကွေးတိုင်းဒေသကြီးသို့ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဆန်စီးဝင်မှုမှာ စပါးအဓိကစိုက်ပျိုးထွက်ရှိသည့် ဧရာဝတီတိုင်းဒေသကြီးမှ ဆန်အိတ် ၄၀၁၂၇၊ ရန်ကုန်တိုင်းဒေသကြီးမှ ဆန်အိတ် ၆၅၀၊ ပဲခူးတိုင်းဒေသကြီးမှ ဆန်အိတ် ၁၁၆၀၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ဆန်အိတ် ၃၁၁၆၊ စုစုပေါင်း ဆန် ၄၅၀၅၃အိတ်၊ တန်ချိန် ၂၂၅၂ ဒသမ ၆၅ တန် စီးဝင်ခဲ့ကြောင်း သိရသည်။

**ရဲမင်းသာ (မကွေး)**

# မြန်အောင်ခရိုင်တွင် နွေစပါးများ စတင်ထွက်ရှိ



ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင်တွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နွေစပါးစိုက်ပျိုးမှုမှာ မြန်အောင်မြို့နယ်တွင် ၁၀၁၇၈ ဧက၊ ကြံခင်းမြို့နယ်တွင် ၂၄၄၆ ဧက၊ အင်္ဂပူမြို့နယ်တွင် ၂၆၂၈၆ ဧကနှင့် စုစုပေါင်း ၃၈၉၁၀ ဧကစိုက်ပျိုးခဲ့ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်ထက် ၁၅၅၆ ဧက ပိုမိုစိုက်ပျိုးခဲ့သည်။ မြန်အောင်ခရိုင်မှ နွေစပါးစိုက်တောင်သူများအနေဖြင့် နန်ကသူဆည်၊ ကညင်ဆည်၊ မမြဆည်တို့မှ ဆည်ရေရရှိပြီး အောင်ရေအတွက် လိုအပ်ပါက စက်ရေတွင်းဖြင့် ရေတင်စိုက်ပျိုးကြသည်။ ပခန်း၊ ဒဂုံသွယ်၊ GW ၁၁၊ ရက် ၉၀၊ ဆာဖိုးသာနှင့် နံ့ကောက်စပါးမျိုးများကို အများဆုံး စိုက်ပျိုးကြသည်။

ဧပြီလ တတိယပတ်တွင် စတင်ရိတ်သိမ်းကြပြီး တစ်ဧကလျှင် ပျမ်းမျှ တင်း ၁၂၀ မှ ၁၅၀ ကြား ထွက်ရှိသည့်အတွက် နွေစပါးစိုက် တောင်သူများ တွက်ခြေကိုက်လျက်ရှိသည်။ အစိုဓာတ် ၂၃ ရာနှုန်းဝန်းကျင်ရှိ နွေစပါး ၅၁ ပေါင် တင်း ၁၀၀ လျှင် ကွင်းအထိုင်စျေး ကျပ် ၁၁ သိန်းခန့်ရှိပြီး ဆန်စက်အရောက်စျေးမှာ ကျပ် ၁၂ သိန်း ဝန်းကျင်ဖြင့် အရောင်းအဝယ် ဖြစ်လျက်ရှိသည်။ ယခင်နှစ် ကာလတူ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နွေစပါး တင်း(၁၀၀) ပေါက်စျေး ၁၆ သိန်းကျပ်နှင့် နှိုင်းယှဉ်ပါက ကျပ် လေးသိန်းခန့် လျော့နည်းလျက်ရှိသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နွေစပါး စိုက်ပျိုးခြင်းအတွက် မျိုး၊ ထွန်ယက်ခ၊ စိုက်ခ၊ သွင်းအားစု၊ ရေတင်ခ၊ ရိတ်ခြွေခ အပါအဝင် တစ်ဧက စုစုပေါင်း ကုန်ကျစရိတ်မှာ ကျပ်ရှစ်သိန်းခွဲခန့်ရှိသည်။ တစ်ဧက ပျမ်းမျှ ထွက်နှုန်း တင်း ၁၂၀ ကို စက်အရောက် စပါးတင်း ၁၀၀ စျေး ကျပ် ၁၂သိန်းနှင့်တွက်ပါက ကျပ် ၁၄၄၀၀၀၀ ခန့် ရရှိသည့်အတွက် တစ်ဧကလျှင် ကျပ်ခြောက်သိန်းခန့် အကျိုးအမြတ် ရလျက်ရှိသည်။

နွေစပါးသည် လိုအပ်သောရေ Level ကို ထိန်းညှိနိုင်ခြင်း၊ သွင်းအားစုကို စနစ်တကျ ထည့်သွင်းခြင်း၊ နေရောင်ခြည်လုံလောက်စွာ ရရှိခြင်းတို့ကြောင့် တစ်ဧက တင်း ၁၀၀ ကျော် ထွက်ရှိနိုင်သည့်အတွက် တောင်သူတို့ တွက်ခြေကိုက် အကျိုးရှိသော စိုက်ပျိုးမှုဖြစ်ကြောင်း သိရသည်။

**အိရတနာစိုး**

# ပြည်စျေးကွက်တွင် သင်္ကြန်ပြီးကာလ မြေပဲဆန်နှင့် မြေပဲဆီစျေးနှုန်းများ မြင့်တက်လာ

ပြည်ခရိုင် ပြည်မြို့တွင် မြေပဲဆန်စျေးနှုန်းများ သင်္ကြန်ပြီး ကာလတွင် ပြန်လည်မြင့်တက်လာခဲ့သည်။ ပြည်မြို့သို့ မင်းတုန်းမြို့နှင့် ပေါက်ခေါင်းမြို့ဘက်မှ မြေပဲဆန်အိတ် တစ်နေ့လျှင် ၂၀၀-၃၀၀ ခန့်သာဝင်ရောက်မှု ရှိတော့သဖြင့် မြေပဲဆန် လက်ကျန်များရှားပါးလာပြီး ဝယ်လက်ဝယ်ယူမှုများသဖြင့် စျေးနှုန်းများပြန်လည်မြင့်တက်လာသည်ဟု သိရသည်။

အရောင်းအဝယ် ဖြစ်မှုအနေဖြင့်လည်း နယ်စုံမှဝယ်ယူမှုရှိပြီး အဓိက ဝယ်ယူမှုရှိသော မြို့များမှာ ရန်ကုန်နှင့် မကွေးမြို့တို့ဖြစ်ပြီး လုံးဆန်ကိုသာ အဓိကထား၍ ဝယ်ယူကြသည်။

မကွေးမြို့ရှိ ဆီစက်လုပ်ငန်းရှင်များက ဆီကြိတ်ရန်အတွက် ဆီကြိတ်ဆန်ကို ဝယ်ယူမှုရှိသဖြင့် တစ်နေ့လျှင် အိတ် ၃၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

မြေပဲဆန်စျေးနှုန်းများအနေဖြင့် ဧပြီလနောက်ဆုံးပတ်တွင် မြေပဲဆီကြိတ်ဆန်(အဖြူ)တစ်ပိဿာလျှင် ကျပ် ၈၂၀၀၊ (အနီ)တစ်ပိဿာလျှင် ကျပ် ၈၀၀၀ နှင့် မြေပဲလုံးဆန်(အဖြူ)တစ်ပိဿာလျှင် ကျပ် ၉၀၀၀၊ (အနီ)တစ်ပိဿာ လျှင် ကျပ် ၈၇၀၀ ဖြင့် ရောင်းဝယ်လျက်ရှိသည်။

သင်္ကြန်မတိုင်ခင်ကာလနှင့်နှိုင်းယှဉ်လျှင် ဆီကြိတ်ဆန် (အဖြူ) တစ်ပိဿာလျှင် ကျပ် ၅၀၀၊ (အနီ) တစ်ပိဿာလျှင် ကျပ် ၅၀၀ နှင့် လုံးဆန်(အဖြူ)တစ်ပိဿာလျှင် ကျပ် ၆၀၀၊ (အနီ) တစ်ပိဿာလျှင် ကျပ် ၅၀၀ စျေးတို့ဖြင့် အသီးသီး စျေးနှုန်းများ မြင့်တက်လာခဲ့သည်။

မြေပဲဆီစျေးနှုန်း များအနေဖြင့်လည်း သင်္ကြန်မတိုင်ခင် ကာလတွင် တစ်ပိဿာလျှင် ကျပ် ၁၆၀၀၀ ၊ သင်္ကြန်ပြီးကာလလျှင် တစ်ပိဿာလျှင် ကျပ် ၁၈၀၀၀ ဖြင့်ရောင်းချသဖြင့် တစ်ပိဿာကို ကျပ် ၂၀၀၀ ခန့် စျေးနှုန်းများမြင့် တက်လာသည်။

ထို့ကြောင့် ပြည်စျေးကွက်၌ ဧပြီလနောက်ဆုံးပတ်တွင် မြေပဲဆန်နှင့် မြေပဲဆီစျေး များ ဆက်လက်မြင့်တက်လာကြောင်း သိရသည်။

**ဝေဝေမင်း(ပြည်)**

# ပြည်ပဲမျိုးစုံဈေးကွက် သကြၤန်မတိုင်မီကာလနှင့် သကြၤန်ပြီးကာလ နှိုင်းယှဉ်မှု

ပဲခူးတိုင်းဒေသကြီး ပြည်ဈေးကွက်အတွင်း ပြည်တွင်း၊ ပြည်ပ ဝယ်လိုအားရှိသော ပဲများအားလုံး နေ့စဉ်အရောင်းအဝယ်ဖြစ်လျက် ရှိကြရာ မတ်ပဲ၊ ကုလားပဲ၊ ပဲကြီး၊ စသည့် သီးနှံများမှအိတ် ၇၀၀-၈၀၀ ကျော် အဝင်ရှိသလို ဝယ်လိုအားအနေဖြင့်လည်း လှောင်ပဲသမားနှင့် လက်ကား ဝယ်ယူမှုများရှိသည့်အတွက် ဝင်ရောက်မှုရှိခဲ့သလောက် အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း သိရသည်။

ပဲစင်းငုံသီးနှံအနေဖြင့် ယခုကာလ ပဲအဝင်မရှိသလောက် ဖြစ်ခဲ့ပြီး တစ်ခါတစ်ရံ အိတ် ၂၀၀-၃၀၀ ကျော်ဝင်ရောက်ခဲ့သည်ဟု သိရသည်။ မတ်ပဲ၊ ပဲကြီး၊ ကုလားပဲစသည့် သီးနှံများသာ တစ်နှစ်ပတ်လုံး ရောင်းဝယ်မှုရှိပြီး ပဲစင်းငုံသီးနှံမှာ ပဲအထွက်လျော့ချိန်၊ အဝင်များ ချိန်တွင်သာ အရောင်းအဝယ်သွက်ကြောင်း သိရသည်။ ပြည်ပဲမျိုးစုံ ဈေးကွက်တွင် ရောင်းဝယ်မှု အဖြစ်များသည့် ပဲများ၏ သကြၤန်မတိုင်မီ ကာလဈေးနှုန်းနှင့် သကြၤန်ပြီးကာလဈေးနှုန်းများကို နှိုင်းယှဉ်ဖော်ပြ လိုက်ပါသည်-

**တစ်တင်း/ကျပ်**

| စဉ် | ပဲအမျိုးအစား | သကြၤန်မတိုင်ခင်ကာလ(ဈေး) | သကြၤန်ပြီးကာလ(ဈေး) |
|---|---|---|---|
| ၁။ | မတ်ပဲ | ၉၃၀၀၀ | ၉၇၀၀၀ |
| ၂။ | ပဲစင်းငုံ | ၉၃၅၀၀ | ၉၃၀၀၀ |
| ၃။ | ကုလားပဲ (ဟော်လန်) | ၈၀၀၀၀ | ၈၅၀၀၀ |
| | ကုလားပဲ (မြကြေးမုံ) | ၉၀၀၀၀ | ၉၂၅၀၀ |
| ၄။ | ပဲကြီး (ရွှေကျွန်း) | ၇၈၀၀၀ | ၈၀၀၀၀ |
| | (ကမ်းနား) | ၇၅၀၀၀ | ၇၅၀၀၀ |
| ၅။ | ဗိုလ်ကိတ် | ၇၃၀၀၀ | ၇၁၀၀၀ |

အထက်ဖော်ပြပါဈေးနှုန်းနှိုင်းယှဉ်မှုဇယားအရ မတ်ပဲသီးနှံမှာ သကြၤန်မတိုင်ခင်ကာလ ဈေးဆက်တိုက်အေးသောကြောင့် ပိဿာ ၂၀ တစ်တင်း ကျပ် ၉၃၀၀၀ ဖြင့်သာ အရောင်းအဝယ်ဖြစ်ခဲ့ပြီး သကြၤန်ပြီးကာလတွင် ပဲဝင်ရောက်မှုမှာ နည်းသွားသော်လည်း ဝယ်လိုအား ရှိနေသည့် အတွက် နေ့စဉ် ရောင်းချမှုရှိကာ ပဲဈေးနှုန်းမှာ သကြၤန် မတိုင်ခင်ကာလထက် ဈေးပိုရရှိနေပြီး ပိဿာ ၂၀ တစ်တင်း ကျပ် ၉၇၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်ဟု သိရသည်။

ပဲစင်းငုံသီးနှံမှာ ပိဿာ ၂၀ တစ်တင်းလျှင် ကျပ် ၉၃၅၀၀ ဖြင့် သကြၤန်မတိုင်ခင်နှင့် သကြၤန်ပြီးကာလ ဈေးအတက်အကျမရှိဘဲ ဈေးငြိမ်နေခဲ့သည်။

ကုလားပဲသီးနှံဈေးနှုန်းမှာ သကြၤန်ပြီးကာလတွင် ဈေးအနည်းငယ်တက်လာသည်ပြီး ဟော်လန်အမျိုးအစားမှာ တစ်တင်း ကျပ် ၈၅၀၀၀၊ မြကြေးမုံပဲအမျိုးအစားမှာ တစ်တင်း ကျပ် ၉၂၅၀၀ တို့ဖြင့်



ခွဲစက်သမားများနှင့် ရန်ကုန်ဝယ်လက်သမားများမှ နေ့စဉ်ဝယ်ယူနေရသည်ဟုသိရ သည်။

ပဲကြီးသီးနှံမှာလည်း သကြၤန်ပြီးကာလတွင် ဈေးတက်ရိပ်ပြလာခဲ့ပြီး ပဲကြော်ဖိုလုပ်ငန်းသမားများ ဝယ်ယူမှုရှိကြသည်ဟု သိရသည်။

ဗိုလ်ကိတ်ပဲသီးနှံမှာ ပဲဈေးကွက်တွင် ဈေးနိမ့်နေသလို ဈေးထပ်မံလျော့နည်းခဲ့သောကြောင့် ပိဿာ ၂၀ တစ်တင်း ကျပ် ၇၁၀၀၀ ဖြင့် အိတ် ၂၀၀-၃၀၀ ကျော် အဝင်ရှိသလောက် အရောင်းအဝယ် ဖြစ်ခဲ့သည်ဟု သိရသည်။

**ခင်ဆွေဝင်း (ပြည်)**



# တနင်္သာရီတိုင်း ဒေသထွက် ရာသီပေါ်ဒူးရင်းသီး ဈေးနှုန်းဈေးကွက်

ဒူးရင်းသီးသည် မြန်မာနိုင်ငံ တောင်ပိုင်းဒေသဖြစ်သော တနင်္သာရီတိုင်းဒေသကြီးတွင် အများဆုံးဖြစ်ထွန်းပြီး တစ်နှစ်လျှင် တစ်ကြိမ်သီးသော အမျိုးဖြစ်သည်။ ကောင်းမွန်သော အရသာနှင့်အတူ ရာသီချိန်တွင် ဈေးကောင်းရရှိသောအသီးဖြစ်ပြီး အများအားဖြင့် လူကြိုက်များသော အသီးတစ်မျိုးလည်းဖြစ်သည်။ ရန်ကုန်နှင့် အခြားမြို့နယ်များသို့ တင်ပို့ရောင်းချပြီး ပြည်ပသို့လည်း တင်ပို့ရောင်းချလျက် ရှိသည်။

ဒူးရင်းသီးရာသီစတင်ချိန်တွင် အသီးများ ဈေးကောင်းရလျက်ရှိပြီး အလုံးငယ် တစ်လုံးလျှင် ကျပ် ၁၀၀၀၀ ခန့်ရရှိကြောင်း သိရသည်။ အရွယ်အစားပေါ်မူတည်ပြီး ဈေးကွဲပြားသလို အလုံးကြီးလျှင် ကြီးသလောက် ဈေးကောင်းရသည်။ ဒူးရင်းသီးတွင် မော့ တောင်သီး (ထိုင်းမျိုးစပ်)နှင့် ဒေသထွက်အသီးများရှိပြီး မော့တောင်သီးမှာ ဈေးပိုမိုရရှိသည်။ ဈေးအနည်းဆုံးမှာ တစ်လုံးလျှင် ကျပ် ၃၀၀၀၀ နှင့် အထက်ရှိပြီး ဒေသသီးမှာ တစ်လုံးလျှင် ကျပ် ၁၀၀၀၀ နှင့်အထက် ရရှိသည်။ မတ်လတွင် စတင်၍ ဈေးကွက်ရောက်ရှိပြီး ဧပြီလနှင့် နောက်ပိုင်း မေလများတွင် အသီးများအထွက် ပိုမိုရရှိလာသဖြင့် ဈေးကျဆင်းလာကြောင်း သိရသည်။

ဒူးရင်းသီးသည် ပူနွေးစွတ်စိုသော ဒေသများတွင် စိုက်ပျိုးဖြစ်ထွန်းပြီး မြေသြဇာကောင်းမွန်သော မည်သည့်မြေပြန့်ဒေသများတွင်မဆို စိုက်ပျိုးဖြစ်ထွန်းသည်။ အပူဓာတ်စာဖြစ်သောကြောင့် မင်းကွတ် သီး၊ နာနတ်သီးများ စားသုံးခြင်းဖြင့် ဝမ်းတွင်းအေးစေရန် ဆောင်ရွက် နိုင်ကြောင်း သိရသည်။ ဒူးရင်းသီးထွက်ရှိချိန်နှင့် မင်းကွတ်သီး ထွက်ရှိချိန်တွင် မင်းကွတ်သီး ထွက်ရှိချိန်မှာ အနည်း ငယ်နောက်ကျသော်လည်း တွဲဖက်အစားအစာဟုဆိုရလောက်အောင် ရာသီစာအဖြစ် ပေါ်ချိန်တွင် နာမည်ကြီးလျက်ရှိသည်။

ဧပြီလနောက်ဆုံးပတ်ဈေးနှုန်းအရ မြိတ်ဒေသထွက် ဒူးရင်းသီးဈေးနှုန်းမှာ အလုံးငယ် တစ်လုံးလျှင် ကျပ် ၈၀၀၀ ခန့်ရှိပြီး အလတ် တစ်လုံးလျှင် ကျပ် ၁၅၀၀၀၊ အကြီးတစ်လုံးလျှင် ကျပ် ၃၀၀၀၀ ခန့်ရရှိကြောင်း၊ မော့တောင်သီးမှာမူ တစ်လုံး လျှင် ကျပ် ၃၀၀၀၀ မှ ၆၀၀၀၀ ခန့်အထိ အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း သိရသည်။

**ကျော်နိုင်(မြိတ်)**

# ဟင်္သာတကုန်စည်ဒိုင်တွင် ဆောင်သီးနှံအစေ့ထုတ်ပြောင်း ဈေးကွက်ဝင်ရောက်

ဟင်္သာတခရိုင်တွင် အစေ့ထုတ်ပြောင်းကို ဆောင်သီးနှံအဖြစ် စိုက်ပျိုးပြီး မြေနုကျွန်းများ၊ သဲဆန်သော ကိုင်းမြေများ၊ မြစ်ကမ်းပါးများတွင် စိုက်ပျိုးကြသည်။ ၂၀၂၄ -၂၀၂၅ ခုနှစ်တွင် ဟင်္သာတခရိုင်၌ အစေ့ထုတ်ပြောင်း စိုက်ဧက ၁၅၃၈၃ ဧက စိုက်ပျိုးပြီး ယခင်နှစ်ကထက် ဧက သုံးထောင်ကျော်လျော့နည်း စိုက်ပျိုးခဲ့သည်။

အစေ့ထုတ်ပြောင်းပေါ်ချိန် ဧပြီလဆန်းသည် နွေရာသီ ဖြစ်သဖြင့် အခြောက်ခံစက်မလိုဘဲ တစ်နေပြရုံဖြင့် အစိုဓာတ် ၁၅ ရာနှုန်းကို ရရှိပြီး အရောင်လှ၍ အရည်အသွေး ကောင်းသဖြင့် ဝယ်ယူသူများလည်း ကြိုက်နှစ်သက်ကြသည်။ ယခုနှစ် အစေ့ထုတ်ပြောင်းပေါ်ချိန် ဧပြီလဆန်းတွင် တစ်တင်းလျှင် ဟင်္သာတအထိုင်ဈေး ကျပ် ၃၃၀၀၀ ဈေးပေါက်ပြီး ယခင်နှစ်ကာလတူဈေးနှုန်းထက် ကျပ် ၁၃၀၀၀ မြင့်တက်၍ ဈေးပိုရလျက်ရှိသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် အစေ့ထုတ်ပြောင်းတစ်ဧက စိုက်ပျိုးကုန်ကျစရိတ်မှာ မျိုးစေ့၊ မြေပြင်၊ ရေတင်၊ ပေါင်းလိုက်၊ သွင်းအားစု၊ ရိတ်ခြွေအတွက် ကျပ်သိန်း ၂၀ ခန့်ရှိပြီး အထွက်နှုန်းမှာ တစ်ဧက တင်း ၁၀၀ ခန့်ထွက်ရှိ၍ တစ်ဧက အကျိုးအမြတ်မှာ ၁၃ သိန်းဝန်းကျင်ခန့်ရှိသည့်အတွက်တောင်သူတို့တွက်ခြေကိုက်သော နှစ်လည်းဖြစ်သည်။ သကြၤန်ကာလအပြီး ဟင်္သာတကုန်စည်ဒိုင်၌ အစေ့ထုတ်ပြောင်း တစ်တင်းလျှင် ဟင်္သာတအထိုင်ဈေး ကျပ် ၃၂၂၀၀ အရောင်းအဝယ်ဖြစ်လျက်ရှိပြီး အစေ့ထုတ်ပြောင်း စပေါ်ချိန် ဧပြီလဆန်း ဈေးနှုန်းထက် ကျပ် ၈၀၀ ခန့် ကျဆင်းခဲ့သည်။

ဟင်္သာတကုန်စည်ဒိုင်တွင် ဧပြီလ သကြၤန်ကာလအပြီးတွင် နေ့စဉ် အစေ့ထုတ်ပြောင်း ပိဿာ ၃၀ ဝင် အိတ်ရေ ၂၅၀၀ မှ ၃၀၀၀ ကြား အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

**မောင်မောင်မြတ်ခိုင်**

# မကွေးဈေးကွက်အတွင်း ဖြစ်ပေါ်နေသော ကုလားပဲ၊ ပဲစင်းငုံနှင့် မတ်ပဲဈေးနှုန်း အခြေအနေ

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်အတွင်းရှိ မိကျောင်းရဲ၊ လျှောင်းတော်ဦး၊ ကံသစ်ရွာ ပောင်းကန်၊သစ်ရာကောက်စသည့် ကျေးရွာများနှင့် စလင်း၊ ဆင်ဖြူကျွန်း၊ နတ်မောက်၊ တောင်တွင်းကြီး၊ မြို့သစ်မြို့တို့မှ ထွက်ရှိသော ပဲတီစိမ်း၊ ပဲကြီး၊ စားတော်ပဲ၊ မတ်ပဲ၊ ကုလားပဲနှင့် နှမ်းသီးနှံများ မကွေးဈေးကွက်သို့ နေ့စဉ် ဝင်ရောက်အရောင်းအဝယ်ဖြစ် လျက်ရှိကြောင်း သိရသည်။

**ကုလားပဲ**

မကွေးဈေးကွက်၌ မြို့သစ်၊ တောင်တွင်းကြီး၊ နတ်မောက် မြို့နယ်အတွင်းရှိ ကျေးရွာများမှ ထွက်ရှိသည့် ကုလားပဲ သီးနှံများ နေ့စဉ် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။ ဈေးနှုန်း အနေဖြင့် ဧပြီလ(စတုတ္ထပတ်)တွင် ကုလားပဲ(ဟော်လန်)တစ်တင်းလျှင် ကျပ် ၇၆၀၀၀၊ ကုလားပဲ (929) တစ်တင်းလျှင် ကျပ် ၇၇၀၀၀ ပေါက်ဈေးဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက ယခုတစ်ပတ်တွင် ကုလားပဲ (ဟော်လန်) ကျပ် ၃၃၀၀၊ ကုလားပဲ(929) ကျပ် ၂၇၀၀ ဈေးနှုန်း မြင့်တက်လာကြောင်း သိရသည်။

ဈေးကွက်အနေဖြင့် တစ်ပတ်အတွင်း မကွေးမြို့မှ ရန်ကုန်မြို့သို့ ကုလားပဲအိတ်ရေ ၁၀၀၀၊ ပဲခူးမြို့သို့ အိတ်ရေ ၂၀၀၀ တင်ပို့ပြီး တန်ချိန် ၁၅၀ ခန့် အရောင်းအဝယ် ဖြစ်ကြောင်း သိရသည်။

**ပဲစင်းငုံ**

ဧပြီလစတုတ္ထပတ်တွင် ပဲစင်းငုံနီ တစ်တင်းလျှင် ကျပ် ၉၆၀၀၀ ဖြင့် အရောင်း အဝယ်ဖြစ်လျက်ရှိပြီး ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းတည်ငြိမ်နေကြောင်း သိရသည်။ ဈေးကွက်အနေဖြင့် ရန်ကုန်မြို့၊ မန္တလေးမြို့ကြီးများသို့ တင်ပို့လျက်ရှိကြောင်း၊ တစ်ပတ်အတွင်း မကွေးမြို့မှ ရန်ကုန်မြို့သို့ ပဲစင်းငုံအိတ်ရေ ၁၀၀၀ တင်ပို့ပြီး တန်ချိန်၁၀၀ ခန့် အရောင်းအဝယ် ဖြစ်ကြောင်း သိရသည်။

**မတ်ပဲ**

ဧပြီလ(စတုတ္ထပတ်)တွင် မတ်ပဲတစ်တင်းလျှင် ကျပ် ၉၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက ဈေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း၊ ဈေးကွက် အနေဖြင့် တစ်ပတ်အတွင်း မကွေးမြို့မှ ရန်ကုန်မြို့သို့ မတ်ပဲအိတ်ရေ ၂၀၀၀ တင်ပို့ပြီး တန်ချိန် ၅၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

**ရဲမင်းသာ (မကွေး)**



# ကန့်ဘလူမြို့နယ်ထွက် ပဲ၊ နှမ်း၊ နေကြာ ဈေးကွက်

### မတ်ပဲ

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် စပါးနှင့်ဆီထွက်သီးနှံများအပြင် ပဲမျိုးစုံကိုလည်း စိုက်ပျိုးကြသည်။ ဆောင်းမတ်ပဲ ၅၀၂၇၁ ဧက စိုက်ပျိုးရိတ်သိမ်းနိုင်ခဲ့သည်။ မတ်ပဲသီးနှံသည် ကန့်ဘလူမြို့နယ် မြေထူးကျေးရွာ တောက္ကရှပ်ကျေးရွာ၊ ညောင်ဇင်ကျေးရွာများမှ အဓိက ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

ဧပြီလ နောက်ဆုံးပတ်အတွင်း မတ်ပဲရိုးရိုးတစ်တင်းလျှင် ကျပ် ၈၅၀၀၀၊ မတ်ပဲမျက်ကွင်းဖြူ တစ်တင်းလျှင် ကျပ် ၈၈၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ယခင်တစ်ပတ်ဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက ယခုတစ်ပတ်အတွင်း မတ်ပဲ တစ်တင်းလျှင် ကျပ် ၅၀၀၀ ဈေးနှုန်းမြင့်တက်လာကြောင်း သိရသည်။

### ကုလားပဲ

ကုလားပဲသီးနှံကို ကန့်ဘလူမြို့နယ် မှော်တော်ကျေးရွာ၊ မြေထူးကျေးရွာနှင့်အခြားသော ကျေးရွာများတွင် စိုက်ပျိုးကြပြီး ယခုအခါ ဈေးကွက်အတွင်း ကုလားပဲအသစ်များ ဝင်ရောက်လျက်ရှိကြောင်း သိရသည်။ ကန့်ဘလူမြို့နယ်တွင် စိုက်ပျိုးလျက်ရှိသည့် ကုလားပဲသီးနှံမျိုးမှာ ထိုင်ဝမ်မျိုး၊ 929 မျိုး၊ V2 မျိုးနှင့် V7မျိုးဟူ၍ လေးမျိုးရှိပြီး ဈေးနှုန်းအနေဖြင့် ဧပြီလ နောက်ဆုံးပတ်တွင် ကုလားပဲအသစ် ထိုင်ဝမ်တစ်တင်းလျှင် ကျပ် ၆၇၀၀၀၊ ကုလားပဲ(929) တစ်တင်းလျှင် ကျပ် ၇၀၅၀၀၊ ကုလားပဲ(V2) တစ်တင်းလျှင်ကျပ် ၇၃၀၀၀ နှင့် ကုလားပဲ(V7)တစ်တင်းလျှင် ကျပ် ၇၉၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ယခုတစ်ပတ်အတွင်း ကုလားပဲဈေးနှုန်းများ ဆက်လက်မြင့်တက်လာကြောင်း သိရသည်။

### ပဲတီစိမ်း

ကန့်ဘလူခရိုင်တွင် ဆောင်းပဲတီစိမ်း ၂၂၂၁၄ ဧက စိုက်ပျိုးရိတ်သိမ်းနိုင်ခဲ့ပြီး ပဲတီစိမ်းသီးနှံကို ကန့်ဘလူမြို့နယ်အတွင်းရှိ ထန်းကုန်းကျေးရွာ၊ မိုးကောင်းကျေးရွာနှင့် အခြားသော ကျေးရွာများတွင် စိုက်ပျိုးကြောင်း သိရသည်။ ဧပြီလ နောက်ဆုံးပတ်အတွင်း ပဲတီစိမ်းရိုးရိုး တစ်တင်းလျှင် ကျပ် ၉၀၀၀၀၊ ပဲတီစိမ်းထွက်တိုး အလုံးလှ တစ်တင်းလျှင် ကျပ် ၉၄၀၀၀ ဖြင့် အရောင်း အဝယ်ဖြစ်လျက်ရှိကြောင်း၊ ပဲတီစိမ်းရိုးရိုး တစ်တင်းလျှင် ကျပ် ၅၀၀၀ နှင့် ထွက်တိုးတစ်တင်းလျှင် ကျပ် ၄၀၀၀ ဈေးနှုန်းမြင့်တက်လာကြောင်း၊ ဈေးကွက်အနေဖြင့် ကန့်ဘလူမြို့နယ်မှထွက်ရှိသော ပဲတီစိမ်းများကို မန္တလေးမြို့ရှိ ပွဲရုံများ၊ ကုန်စည်ဒိုင်များသို့ တင်ပို့ရောင်းချကြောင်း သိရသည်။

### ပဲလွန်းဖြူ

ပဲလွန်းဖြူသီးနှံများသည် ကန့်ဘလူမြို့နယ် ကံကြီးကုန်းကျေးရွာ၊ တောက္ကရှပ်ကျေးရွာနှင့် အခြားသောကျေးရွာများမှ ဝင်ရောက်လျက်ရှိကြောင်း၊ ပဲလွန်းဖြူသီးနှံသည် စိုက်ပျိုးရလွယ်ကူပြီး ဈေးကောင်းရသဖြင့် စိုက်ပျိုးသူများအနေဖြင့် ဝင်ငွေရရှိကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။ နောက်ဆုံးပတ်အတွင်း ဈေးနှုန်းများမှာ ပဲလွန်းဖြူ တစ်တင်းလျှင် ကျပ် ၇၇၀၀၀၊ အကွဲ အနာပါ တစ်တင်းလျှင် ကျပ် ၇၆၀၀၀ ဖြင့် အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကန့်ဘလူမြို့နယ်မှ ထွက်ရှိသော ပဲလွန်းဖြူသီးနှံများကို မန္တလေးမြို့ရှိ ပွဲရုံများ၊ ကုန်စည်ဒိုင်သို့ တင်ပို့လျက်ရှိကြောင်း သိရသည်။

### ပဲဇီးကွက်

ပဲကြားသီးနှံများ ကန့်ဘလူမြို့နယ် ဆန္ဒယားကျေးရွာ၊ ရွာသစ် ကုန်းကျေးရွာ၊ ကံကြီးကုန်းကျေးရွာနှင့် အခြားသော ကျေးရွာများမှ ဝင်ရောက်လျက်ရှိကြောင်း သိရသည်။ ဧပြီလ နောက်ဆုံးပတ်အတွင်း ဈေးနှုန်းများမှာ ပဲဇီးကွက် တစ်တင်းလျှင် ကျပ် ၇၇၀၀၀၊ အကွဲ အနာပါလျှင် ကျပ် ၇၆၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ယခင်ပတ်ဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက တစ်တင်းလျှင် ကျပ် ၁၀၀၀ ဈေးနှုန်းကျဆင်းနေကြောင်းသိရသည်။

### နှမ်း

ကန့်ဘလူမြို့နယ် တောက္ကရှပ်ကျေးရွာ၊ မြေထူးကျေးရွာ၊ နတ်ပေးကျေးရွာနှင့် အခြားသောကျေးရွာများတွင် ဆီထွက်သီးနှံဖြစ်သည့် နှမ်းသီးနှံကိုလည်း စိုက်ပျိုးကြကြောင်း၊ ဈေးကွက်အနေဖြင့် ကန့်ဘလူခရိုင်မှထွက်ရှိသော နှမ်းသီးနှံများကို မန္တလေး မြို့ရှိပွဲရုံများသို့ တင်ပို့ကြောင်း သိရသည်။

၂၀၂၅ ခုနှစ် ဧပြီလ နောက်ဆုံးပတ်အတွင်း နှမ်းနက်(စမုံ)တစ်တင်းလျှင် ကျပ် ၁၉၇၀၀၀၊ နှမ်းဖြူ(ဂျပန်)တစ်တင်းလျှင် ကျပ် ၁၁၆၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ် လျက်ရှိသောကြောင့် ယခင်တစ်ပတ်ဈေးနှုန်းထက် နှမ်းနက် တစ်တင်းလျှင် ကျပ် ၁၂၀၀၀ ခန့်၊ နှမ်းဖြူတစ်တင်းလျှင် ကျပ် ၄၀၀၀ မြင့်တက်လာကြောင်း ဒေသတွင်း သီးနှံရောင်းဝယ်ရေးလုပ်ငန်းရှင်ထံမှ သတင်းရရှိသည်။

### နေကြာ

ဆီထွက်သီးနှံဖြစ်သည့် နေကြာသီးနှံမှာ မိုးစိုက်နေကြာနှင့် ဆောင်းစိုက်နေကြာဟူ၍ နှစ်မျိုးရှိပြီး ဆောင်းနေကြာကို ရာသီဥတုပေါ်မူတည်၍ အောက်တိုဘာလတွင် စတင်စိုက်ပျိုးကြပြီး ဖေဖော်ဝါရီလတွင် ရိတ်သိမ်းရကြောင်း၊ ဈေးကွက်အနေဖြင့် နေကြာသီးနှံများကို ကန့်ဘလူမြို့နှင့် ဇီးကုန်းမြို့တို့ရှိ ပွဲရုံများမှ ရွှေဘိုမြို့၊ မန္တလေးမြို့များရှိ ပွဲရုံများနှင့် ကုန်စည်ဒိုင်များသို့ တင်ပို့ရောင်းချကြောင်း သိရသည်။

နေကြာသီးနှံ စိုက်ပျိုးရာတွင် မျိုးအနေဖြင့် ဆင်းရွှေကြာ-၂ မျိုးကို အများဆုံးစိုက်ပျိုးကြပြီး မြေအနေအထားနှင့် အပင်ပြုစုခြင်းအပေါ် မူတည်၍ အထွက်နှုန်း ကွာခြားမှုရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် ဧပြီလ နောက်ဆုံးပတ်အတွင်း နေကြာတစ်တင်းလျှင် ကျပ် ၅၈၀၀၀ ဖြင့် ရောင်းဝယ်လျက်ရှိသောကြောင့် ယခင်တစ်ပတ်ထက် နေကြာတစ်တင်းလျှင် ကျပ် ၅၀၀၀ ဈေးနှုန်း ကျဆင်းသွားသည်။

**ဝင်းသန်း (ကျွန်းလှ)**

## မြန်မာ့ဆိပ်ကမ်းတွင် ၂၈ .၁၂ . ၂၀၂၃ ရက် ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| အေးရှားဝေါလ်ဆိပ်ကမ်း အမှတ်(၃) | MSC ADREA | ကုန်သေတ္တာ ၃၁၄ တင် ၂၈၄ ချဆဲ |
| | TCI ARJUN | ကုန်သေတ္တာ ၃၂၀ တင်ဆဲ (ပူးတွဲလုပ်ဆောင်) |
| | UNI ACTIVE | ကုန်သေတ္တာ ၆၁၅ တင် ၅၉၀ ချဆဲ |
| | PET KUM | ကုန်သေတ္တာ ၆၀၄တင် ၄၅၆ ချဆဲ(ပူးတွဲလုပ်ဆောင်) |
| | BL PL FAITH | ကုန်သေတ္တာ ၃၂၀ တင် ၁၈၅ ချဆဲ(ပူးတွဲလုပ်ဆောင်) |
| | ISEACO GENESIS | ကုန်သေတ္တာ၉၅၀ တင် ၉၇၉ချဆဲ(ပူးတွဲလုပ်ဆောင်) |
| YIGTဆိပ်ကမ်းအမှတ် | YONG SHENG -151 | ပြောင်းတန်ချိန် ၁၁၅၀၀တန်တင်ဆဲ |
| စက်မှုဆိပ်ကမ်းအမှတ်(၄) | CONTRIVIA | ကုန်သေတ္တာ၆၉၇ တင်၇၃၆ ချဆဲ |
| | SEOUL GLOW | ကုန်သေတ္တာ၇၂၇ တင် ၆၅၇ ချဆဲ(ပူးတွဲလုပ်ဆောင်) |
| ဗိုလ်အောင်ကျော်ဆိပ်ကမ်းအမှတ်(၃) | TROPICAL STAR | ဆန်တန်ချိန် ၂၄၀၀၀ တင်ဆဲ(ပူးတွဲလုပ်ဆောင်) |
| သီလဝါဆိပ်ကမ်းအမှတ်(၁) | PET KUM | ကုန်သေတ္တာ ၁၅ တင် ၁၇၈ချဆဲ |
| | SEOUL GLOW | ကုန်သေတ္တာ ၂၉၉ တင် ၅၄၇ ချဆဲ(ပူးတွဲလုပ်ဆောင်) |
| | MCC SHENZHEN | ကုန်သေတ္တာ ၂၉၉ တင် ၅၄၇ ချဆဲ(ပူးတွဲလုပ်ဆောင်) |
| သီလဝါဆိပ်ကမ်းအမှတ်(၃) | MALAYSIA STAR | (81) Unit Vehicle 99ချဆဲ |
| သီလဝါဆိပ်ကမ်းအမှတ်(၄) | TOYO WORLD | Steel&Equipment ၁၀၂၄၀ တန်ချရန်ရှိ |
| သီလဝါဆိပ်ကမ်းအမှတ်(၅) | GENIUS ACE | Beer Tank&Equipment တန်ချိန် ၃၂၀ ချရန်ရှိ(ပူးတွဲလုပ်ဆောင်) |
| | CLIPPER HONG KONG | Urea ၂၄၉၁၅ တန်ချရန်ရှိ(ပူးတွဲလုပ်ဆောင်) |
| WILMAR JETTY | MT. VL-21 | P.Oil (In Bulk) ၄၉၀၀တန်ချဆဲ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| CLIPPER HONG KONG | Urea ၂၄၉၁၅ တန်ချရန် | - | ၁.၁.၂၀၂၄ |
| YONG SHENG -151 | ပြောင်းဝါ ၁၁၅၀၀ တန်တင်ရန် | PHILLIPPINES | ၁.၁.၂၀၂၄ |
| MERCURY | Urea (In Bulk) ၂၀၂၆၀ တန်ချရန် | OMAN | ၁.၁.၂၀၂၄ |
| AETOS | ဂျုံ တန်ချိန် ၂၉၇၀၀ တန်တင်ရန် | AUSTILIA | ၂.၁.၂၀၂၄ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| TCI ARJUN | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၈.၁၂.၂၀၂၃ |
| SEOUL GLOW | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၃၀.၁၂.၂၀၂၃ |
| ISEACO GENESIS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃၁.၁၂.၂၀၂၃ |
| MCC SHEN ZHEN | SINGAPORE | သီလဝါဆိပ်ကမ်း | ၁.၁.၂၀၂၄ |
| SINAR BANDUNG | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂.၁.၂၀၂၄ |
| ISEACO FORTUNE | SINGAPORE | သီလဝါ /အေးရှားဝေါလ်ဆိပ်ကမ်း | ၃.၁.၂၀၂၄ |
| METHI BHUM | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃.၁.၂၀၂၄ |
| SITC YUZMNING | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃.၁.၂၀၂၄ |
| MSC SUPARNA F | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၄.၁.၂၀၂၄ |
| SINAR BAJO | SINGAPORE | စက်မှုဆိပ်ကမ်း | ၄.၁.၂၀၂၄ |
| TIZ APPLE | SINGAPORE | စက်မှုဆိပ်ကမ်း | ၅.၁.၂၀၂၄ |
| ISEACO WISDOM | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၆.၁.၂၀၂၄ |
| CNC JAWA | SINGAPORE | သီလဝါ /အေးရှားဝေါလ်ဆိပ်ကမ်း | ၇.၁.၂၀၂၄ |

## ၁-၁၁-၂၀၂၄ မှ ၂၉-၁၁-၂၀၂၄ ရက်အထိ Online CO Application မှ CO / Product Card / CE လျှောက်ထားမှုစာရင်း

| No | Form Tpye | New | Amend | Extension | Cancel | True Copy | Total |
|---|---|---|---|---|---|---|---|
| 1. | Certificate of Origin (COs) | | | | | | |
| | Form A | 1375 | 23 | - | - | - | 1378 |
| | Form AANZ | 39 | 4 | - | - | - | 43 |
| | Form AHK | 1 | - | - | - | - | 1 |
| | Form AI | 468 | 4 | - | - | - | 472 |
| | Form AJ | 69 | - | - | - | - | 70 |
| | Form AK | 433 | 6 | - | - | - | 439 |
| | Form CHINA | - | - | - | - | - | 0 |
| | Form D | - | - | - | - | - | 0 |
| | Form DFTP | 16 | - | - | - | - | 16 |
| | Form E | 1233 | 33 | - | - | - | 1266 |
| | Form Korea | 53 | 1 | - | - | - | 54 |
| | E Form D | 587 | - | - | - | - | 587 |
| 2. | Product Card | - | - | - | - | - | 0 |
| 3. | Certified Exporter | - | - | - | - | - | 0 |
| | Total | 4275 | 72 | - | - | - | 4374 |

# ကင်းမွန်မီးထွန်းလှေအကြောင်း တစေ့တစောင်း

မြန်မာ့ပင်လယ်ပြင်အတွင်း ငါးဖမ်းလုပ်ငန်း ဆောင်ရွက်နေသည့် ကင်းမွန်မီးထွန်းလှေများမှာ အရွယ်အစားမျိုးစုံကို အသုံးပြု၍ ပွင့်လင်းရာသီတွင် လုပ်ငန်းလုပ်ကိုင်ကြခြင်းဖြစ်ပြီး ရာသီအလိုက် လုပ်ကိုင်ရသည့် ငါးဖမ်းလုပ်ငန်းတစ်မျိုးဖြစ်ကြောင်း၊ မိုးလေ ကင်းစင်သည်အထိ လုပ်ကိုင်ကြကြောင်း သိရသည်။ ကင်းမွန်ရာသီကပုံမှန်အားဖြင့် အောက်တိုဘာလမှဧပြီလအထိ (မိုးဦးမကျခင်) ဖမ်းဆီးနိုင်ကြောင်း၊ ဖမ်းဆီးရရှိချိန်ကို အလွယ်တကူမှတ်သားထား၍ရပြီး ကင်းမွန်လှေများသည် မြန်မာလပြည့်ကျော်(၂)ရက်နေ့မှစတင်၍ ကင်းမွန်ဖမ်းကြလေ့ရှိသည်။ ကင်းမွန်များကို လဆုတ်၊ လကွယ် ညများမှာသာ အများဆုံး ဖမ်းဆီးရရှိသည်။ လပြည့်ညများတွင်လ၏ အလင်းရောင်ကြောင့် ဖမ်းဆီး၍မရကြောင်း သိရသည်။

ကင်းမွန်မီးထွန်းလှေလုပ်ငန်းများကို မြို့ပြ၊ ကျွန်းရွာများပါမကျန် တစ်နိုင်တစ်ပိုင် လုပ်ကိုင်ကြပြီး ဒေသတွင်းနီးစပ်ရာ အဝယ်ဒိုင်များသို့ မြိတ်ခရိုင် မြိတ်မြို့ တညက်ကျေးရွာ၊ ပသောင်းကျေးရွာ စသည့် ကျေးရွာများမှ မကျန်ထိုင်းနိုင်ငံ(ရနောင်းမြို့)များသို့ သွားရောက်ရောင်းချကြကြောင်း သိရှိရသည်။ ၎င်းကုမ္ပဏီများမှ ကုန်ချောထုတ်လုပ်၍ ရန်ကုန်မြို့မှတစ်ဆင့် နိုင်ငံခြားသို့ တင်ပို့ရောင်းချလျက်ရှိသည်။ အချို့မီးထွန်းလှေများမှာ ပင်လယ်ပြင်၌ လာရောက်ဝယ်ယူသော လိုင်းဖြူလှေများသို့ပြန်လည်ရောင်းချကြသည်။

ကင်းမွန်လှေတစ်စင်း ပင်လယ်ပြင်အထွက် စရိတ်မှာ လှေအရွယ်အစားအလိုက် ကွာခြားသည်။ ယခုအချိန်တွင် လောင်စာဆီများ၊ ရေခဲများ၊ စရိတ်စကများ ကြီးမြင့်လာမှုကြောင့် အခက်အခဲအများကြီး ရှိနေကြောင်း သိရသည်။

ကင်းမွန်စျေးနှုန်းများမှာရာသီအစတွင် အမျိုးအစားအလိုက်ဆိုဒ်ကြီး(18kg)တစ်ဗန်းလျှင် ကျပ် ၂၀၀၀၀၀ နှင့် ကျပ် ၂၅၀၀၀၀ ခန့်၊ ဆိုဒ်လတ်တစ်ဗန်းလျှင် ကျပ် ၁၀၀၀၀၀ ထိ၊ ဆိုဒ်ငယ်တစ်ဗန်းလျှင်ကျပ် ၅၀၀၀၀ ခန့်ရရှိကြောင်း သိရသည်။ ၂၀၂၅ ခုနှစ် ဧပြီ ၂၈ ရက်အရ ကင်းမွန်ဆိုဒ်ကြီး စျေးနှုန်းမှာ ကျပ် ၃၀၀၀၀၀ စျေးရှိနေကြောင်း စျေးဝယ်ဒိုင်များ၏ မေးမြန်းချက်အရ သိရှိရပြီး ကင်းမွန်ရရှိမှုအပေါ် မူတည်၍ အကျိုးအမြတ်များ ရရှိနိုင်ကြောင်းကို လုပ်ငန်းရှင်များ၏ ပြောပြချက်အရ သိရသည်။

**မမာ (မြိတ်)**

# ဘားအံမြို့တွင် ရောင်းချနေသော အခြေခံစားကုန်များ၏ စျေးနှုန်းအခြေအနေ

၂၀၂၅ခုနှစ် ဧပြီလ စတုတ္ထပတ်အတွင်း ဘားအံမြို့တွင် အခြေခံစားကုန်များဖြစ်သော ပေါ်ဆန်းဆန် တစ်ပြည်လျှင် ကျပ် ၅၅၀၀၊ ဧည့်မထဆန်(မနောသုခ)တစ်ပြည်ကျပ် ၃၂၀၀၊ ဆန်ကွဲတစ်ပြည်ကျပ် ၂၅၀၀ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

စားအုန်းဆီ (ရည်ညွှန်းစျေး) တစ်ပိဿာလျှင် ကျပ် ၇၅၅၀၊ မြေပဲဆီ တစ်ပိဿာလျှင် ကျပ် ၂၀၀၀၀၊ ကြက်သွန်နီ တစ်ပိဿာလျှင် ကျပ် ၂၈၀၀၊ ကြက်သွန်ဖြူ(ကြူကုတ်) တစ်ပိဿာလျှင် ကျပ် ၁၅၀၀၀ နှင့် ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် ကျပ် ၁၃၀၀၀၊ သကြား တစ်ပိဿလျှင် ကျပ် ၆၀၀၀၊ အာလူး တစ်ပိဿာလျှင် ကျပ် ၅၅၀၀၊ မန်ကျည်းမှည့် တစ်ပိဿာလျှင် ကျပ် ၉၀၀၀၊ ချင်း တစ်ပိဿာလျှင် ကျပ် ၆၀၀၀၊ ငရုတ်သီးခြောက် တစ်ပိဿာလျှင် ကျပ် ၁၃၀၀၀၊ ပဲနီလေး တစ်ပိဿာလျှင် ကျပ် ၁၃၀၀၀၊ ကုလားပဲခြမ်း တစ်ပိဿာလျှင် ကျပ် ၆၅၀၀၊ မြေပဲဆန်တစ်ပြည် ကျပ် ၁၀၀၀၀၊ ရိုးရိုးဆား တစ်ပိဿာလျှင် ကျပ် ၁၅၀၀၊ အာပြဲခြောက် တစ်ပိဿာလျှင် ကျပ် ၃၀၀၀၀၊ ကြက်ဥတစ်လုံး ကျပ် ၄၅၀၊ ဘဲဥတစ်လုံး ကျပ် ၆၀၀၊ အသား/ငါး စျေးနှုန်းများမှာ ဝက်သား တစ်ပိဿာလျှင် ကျပ် ၂၄၀၀၀၊ အမဲသား တစ်ပိဿာလျှင် ကျပ် ၁၈၀၀၀၊ ဆိတ်သား တစ်ပိဿာလျှင် ကျပ် ၂၂၀၀၀၊ ကြက်သား CP တစ်ပိဿာလျှင် ကျပ် ၁၈၀၀၀၊ ငါးကြင်းတစ်ပိဿာလျှင် ကျပ် ၂၀၀၀၀၊ ငါးမြစ်ချင်း တစ်ပိဿာလျှင် ကျပ် ၁၀၀၀၀၊ မွေးမြူရေးငါးခူ တစ်ပိဿာလျှင် ကျပ် ၉၀၀၀၊ ပုစွန်(ဘော့ချိတ်) တစ်ပိဿာလျှင် ကျပ် ၃၅၀၀၀ တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

စျေးနှုန်းနှိုင်းယှဉ်ချက်အရ အာလူးစျေးသာ အနည်းငယ်တက်၍ ကျန်စားသောက်ကုန်စျေးနှုန်းများမှာ ပြောင်းလဲမှုမရှိဘဲ တည်ငြိမ်လျက်ရှိကြောင်း သိရသည်။

**ယမင်းဦး (DOCA ကရင်)**



# ပြည်တွင်းသုံးစက်မှုလက်မှုလုပ်ငန်းမှ လယ်ယာသုံးစက်ကိရိယာစျေးကွက်

ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်သည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်နေသော မြို့နယ်တစ်ခုဖြစ်၍ နှစ်စဉ် မိုး၊ နွေစပါးစိုက်ဧက ၂၇၀၀၀၀ ကျော် စိုက်ပျိုးလျက်ရှိသည်။ ကျိုက်လတ်မြို့တွင် စက်မှုလက်မှုလုပ်ငန်းများလည်း ထွန်းကား၍ လယ်ယာကဏ္ဍအတွက် စက်ကိရိယာများဖြစ်သော တာရာအစားထိုး သံဘီး၊ ရေတင်စက်များ၊ လူဆွဲမျိုးစေ့ချ လယ်ယာသုံးပစ္စည်းများ ထုတ်လုပ်ရောင်းချလျက်ရှိကြောင်း သိရသည်။

ကျိုက်လတ်မြို့ပေါ်ရှိ စက်မှုလက်မှုလုပ်ငန်းမှ စပါးစိုက်ပျိုးရာတွင် တောင်သူများ သုံးစွဲလျက်ရှိသော လက်တွန်းထွန်စက်များတွင် လယ်ကွင်းထဲ၌ တာရာဘီးဖြင့် အများဆုံး အသုံးပြုလျက်ရှိသော်လည်း မြေကျွံသော နုံးမြေတွင် တာရာအစားထိုး သံဘီးများပြုလုပ်၍ အဆိုပါသံဘီး ဘယ်/ညာ တစ်စုံလျှင် ကျပ်နှစ်သိန်းဝန်းကျင်၊ လယ်မြေတွင် ရေတင်သည့် ရေတင်ပိုက်၊ ၈ လက်မ၊ ၁၀ လက်မ ၊ ၁၂ လက်မ အတိုအရှည်နှင့် ဒလက်ချာများအပါအဝင် တစ်ခုကို ကျပ် ၁၀သိန်းဝန်းကျင်နှင့် ပြည်ပသုံး ငွေလျှော့ချရေးနှင့် ပြည်တွင်းအစားထိုးသုံးစွဲရန် ဘီးနှစ်ဘီးပါ လူဆွဲမျိုးစေ့ချ ကိရိယာများကိုလည်း ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

ထိုလူဆွဲမျိုးချကိရိယာမှာ လူတစ်ဦးသာဆွဲ၍ အသုံးပြုရပြီး လုပ်သားလိုအပ်ချက်ကို လျော့နည်းစေသည့်အပြင် ဗီယက်နမ်နိုင်ငံစနစ်ဖြင့် လွယ်ကူရိုးရှင်းသော တိုက်ရိုက်မျိုးစေ့ချကိရိယာဖြစ်ပြီး တစ်ခုလျှင် ကျပ်နှစ်သိန်းဝန်းကျင်ဖြင့် စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်း၍ တောင်သူများကို ရောင်းချရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**DOCA (ဖျာပုံ)**

## ပြည်ပဆန်စျေးနှုန်းများ

# ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းစျေး ၅၆ သိန်းကျော်တွင်ရှိနေ

သိပ်သည်းဆ ၁၉ ဒသမ ၂၅ နှင့်အထက်ရှိသော စံချိန်မီရွှေ တစ်ကျပ်သား (၁၆ ဒသမ ၃၂၉၃၂၅ ဂရမ်)၏ စျေးနှုန်း ကျပ် ၅၆၆၀၀၀၀ ဖြစ်ကြောင်း ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းစျေး သတ်မှတ်ရေးကော်မတီမှ သတ်မှတ်ထားကြောင်း သိရသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ(ဂ)အရ ပြည်ထောင်စုအစိုးရအဖွဲ့က အပ်နှင်းသည့် အမိန့်ထုတ်ပြန်နိုင်ခွင့်ကို ကျင့်သုံး၍ ဓာတ်သတ္တု(ရွှေ) ရောင်းဝယ်ခြင်း ဝန်ဆောင်မှုလုပ်ငန်းကို အရေးကြီးဝန်ဆောင်မှုအဖြစ် သတ်မှတ်ခဲ့ပြီးနောက် နေ့စဉ် ရွှေရည်ညွှန်းစျေးနှုန်းအား သတ်မှတ်ထုတ်ပြန်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် စံချိန်မီရွှေ ရည်ညွှန်းစျေးအတိုင်း ရောင်းဝယ်ခြင်းမရှိသူများနှင့် ဓာတ်သတ္တု(ရွှေ) ရောင်းဝယ်ခြင်းဝန်ဆောင်မှုလုပ်ငန်း လိုင်စင်လျှောက်ထားမှုမရှိသူများ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက အသိပေး ကြေညာထားကြောင်း သိရသည်။ **ကိုတိုး**

# အကောက်ခွန်သက်သာခွင့်ရရှိမည့် ပင်ရင်းထုတ်ကုန် (၂)

ရှင်စောသု (ဒေသတွင်း)

### *syef GSP tpDpOf

ဂျပန်နိုင်ငံကပေးတဲ့ GSP အစီအစဉ်ကတော့ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေဖို့ အကောက်ခွန်သက်သာခွင့်ဆိုင်ရာ Generalized System of Preferences (GSP) ကို ၁၉၇၁ ခုနှစ် ဩဂုတ် ၁ ရက်မှစတင်၍ တစ်ဖက်သတ်အခွင့်အရေးအဖြစ် ပေးအပ်ခဲ့တာ ဖြစ်ပါတယ်။ ဂျပန်အစိုးရက အကောက်ခွန် အကျိုးခံစားခွင့်အစီအစဉ်ကို ၁၀ နှစ်မှာ တစ်ကြိမ် ပြန်လည်သုံးသပ်ပါတယ်။ လက်ရှိအစီအစဉ်က ၂၀၃၁ ခုနှစ် မတ် ၃၁ ရက်အထိ အကျုံးဝင်မှာဖြစ်ပြီးတော့ အခွင့်အရေးပေးမှုစနစ်ရဲ့ အကျိုးခံစားခွင့်ကို ဖွံ့ဖြိုးဆဲနိုင်ငံပေါင်း ၁၂၆ နိုင်ငံနဲ့ နယ်နိမိတ်လေးခု၊ စုစုပေါင်း ၁၃ နိုင်ငံတို့မှ ရရှိလျက်ရှိပါတယ်။

### jref mEH&D syef GSP tpDpOfS y0ift aumift xnfzmfaqmifl

မြန်မာနိုင်ငံဟာ ဂျပန်နိုင်ငံ၏ GSP အစီအစဉ်အရ LDCs နိုင်ငံအနေဖြင့် ကုန်စည်လိုင်း စုစုပေါင်းရဲ့ ၉၈ ရာခိုင်နှုန်းက အကောက်ခွန် ကင်းလွတ်ခွင့်နဲ့အရေအတွက် ကန့်သတ်ခြင်းမှ ကင်းလွတ်ခွင့် (Duty Free & Quota Free) အခွင့်အရေးကို ခံစားလျက်ရှိပါတယ်။ ဂျပန်နိုင်ငံရဲ့ GSP အစီအစဉ်ကတော့ မြန်မာနိုင်ငံရဲ့ ပို့ကုန်လုပ်ငန်းရှင်တွေရဲ့ အသုံးပြုမှုအများဆုံးသော အစီအစဉ်တွေအနက် တစ်ခု ဖြစ်ပါတယ်။

မြန်မာနိုင်ငံက ဂျပန်နိုင်ငံသို့ ငါး၊ ပုစွန် စတဲ့ ရေထွက်ကုန်စည်များ၊ ဆန်၊ ဆန်ကွဲ၊ နန္နင်းတက်၊ ဝဥခြောက်မှုန့်၊ ပဲ စတဲ့ လယ်ယာထွက်ကုန်စည်များ၊ သစ်တောထွက်ပစ္စည်းများ၊ အဝတ်အထည်များ၊ အိတ်၊ ဖိနပ်စတဲ့ စက်မှုထုတ်ကုန်စည် တင်ပို့မှုတွေအတွက် အကောက်ခွန် ကင်းလွတ်ခွင့် ရရှိခံစားလျက်ရှိပါတယ်။ ဂျပန်နိုင်ငံကို တင်ပို့တဲ့ မြန်မာ့ပင်ရင်းထုတ်ကုန်တွေရဲ့ အကောက် ခွန်သက်သာခွင့်အတွက် GSP အစီအစဉ်အရ ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ် Form A တွေကို ဘဏ္ဍာနှစ်အလိုက် စိစစ်ခွင့်ပြုထုတ်ပေးမှု အခြေအနေကို အောက်ပါဇယားမှာ ဖော်ပြထားပါတယ်-

**GSP အစီအစဉ်အရ ဂျပန်နိုင်ငံသို့**
**Form A စိစစ်ခွင့်ပြုထုတ်ပေးမှု**

| စဉ် | ဘဏ္ဍာနှစ် | စောင်ရေ | တန်ဖိုး (အမေရိကန်ဒေါ်လာသန်း) |
|---|---|---|---|
| ၁ | ၂၀၁၉-၂၀၂၀ | ၁၄၆၉၄ | ၁၀၂၁. ၄၃ |
| ၂ | ၂၀၂၀-၂၀၂၁ | ၁၀၀၀၄ | ၁၁၉၂. ၂၀ |
| ၃ | ၂၀၂၁-၂၀၂၂ (Mini Budget) | ၅၇၁၀ | ၄၁၇. ၁၂ |
| ၄ | ၂၀၂၂-၂၀၂၃ | ၁၄၃၀၈ | ၁၀၉၆. ၃၅ |
| ၅ | ၂၀၂၃-၂၀၂၄ | ၁၆၂၃၄ | ၁၀၀၁. ၃၇ |

### tar&def GSP tpDpOf

အမေရိကန်နိုင်ငံရဲ့ GSP အစီအစဉ်ကို ၁၉၇၆ ခုနှစ် ဇန်နဝါရီ ၁ ရက်မှာ စတင်အကောင်အထည်ဖော်ခဲ့ပြီး အမေရိကန် GSP အစီအစဉ်ကို ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံဆိုပြီး အပိုင်းနှစ်ပိုင်းနဲ့ ခွင့်ပြုထားပါတယ်။ အစီအစဉ်အရ အမေရိကန်အကောက်ခွန်နှုန်း 8-digit level နဲ့ ကုန်စည်လိုင်း (၅ ဒသမ ၀၆၂) လိုင်းကို ခွင့်ပြုထားရာ ၎င်းအနက် ကုန်စည်လိုင်း ၃၅၇၂ လိုင်းမှာ GSP ခံစားခွင့်ရှိတဲ့နိုင်ငံများအားလုံး အကျုံးဝင်ပြီး ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံတွေက ကုန်စည်လိုင်း ၁၄၉၀ လိုင်းကို အကောက်ခွန်ကင်းလွတ်ခွင့် ထပ်မံပြီး သီးခြားရရှိပါတယ်။ အမေရိကန်နိုင်ငံက ၎င်းရဲ့ GSP အစီအစဉ်ကို တစ်နှစ်တစ်ခါ ပြန်လည်သုံးသပ်ပြီး တော့ update ပြုလုပ်လျက်ရှိပါတယ်။

အဲဒီထုတ်ကုန်တွေထဲမှာ စက်မှုထုတ်ကုန်အများစုဖြစ်သည့် အချို့သော ခရီးဆောင်အိတ်များနဲ့ ကျောပိုးအိတ်များ၊ လက်ကိုင်အိတ်များနဲ့ လက်ဆွဲအိတ်များ၊ လက်ကိုင်ခေါက်အိတ်များနဲ့ အခြားတစ်ကိုယ်ရေသုံးအိတ်များ၊ ထုတ်လုပ်မှုမှာ အသုံးပြုတဲ့ အခြားကုန်ကြမ်းပစ္စည်းများ၊ လက်ဝတ်ရတနာများ၊ ကော်ဇောအမျိုးမျိုး၊ အချို့သော လယ်ယာထွက်ကုန်များနဲ့ ရေထွက်ကုန်များ၊ ဓာတုပစ္စည်းအမျိုးအမျိုးနဲ့ ဓာတ်သတ္တုအမျိုးမျိုးတို့ ပါဝင်ပါတယ်။ အကောက်ခွန်သက်သာခွင့်နဲ့ အကျုံးမဝင်တဲ့ ထုတ်ကုန်တွေကတော့ အထည်အလိပ် ကုန်စည်အများစုနဲ့ အဝတ်အစားများ၊ နာရီများ၊ ဖိနပ်များနဲ့ အချို့သော စက်မှုထုတ်ကုန်ပစ္စည်းတွေ ဖြစ်ပါတယ်။

### tar&def GSP jyef vnf&&Sd;uvdyrfaqmif&GufcJh;

မြန်မာနိုင်ငံအနေနဲ့ ၂၀၀၃ ခုနှစ်မှာ စီးပွားရေးပိတ်ဆို့မှုများ (Economic Sanctions) ပြုလုပ်ခံရတဲ့အတွက် အမေရိကန်နိုင်ငံရဲ့ GSP အခွင့်အရေး ဆုံးရှုံးခဲ့ရပါတယ်။ မြန်မာနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ခေါင်းဆောင်တဲ့ ကိုယ်စားလှယ်အဖွဲ့က ၂၀၁၃ ခုနှစ် မေ ၄ ရက်နဲ့ ၅ ရက်မှာ အမေရိကန်နိုင်ငံ ဝါရှင်တန်ဒီစီမြို့ အမေရိကန်နိုင်ငံ ကုန်သွယ်ရေးကိုယ်စားလှယ်ရုံး (USTR) မှာ အမေရိကန်၏ GSP အခွင့်အရေး ပြန်လည်ရရှိရေးဆိုင်ရာ ကြားနာမှုအစီအစဉ် (Public Hearing) ကို တက်ရောက်ခဲ့ပါတယ်။ အဲဒီအစီအစဉ်ရဲ့ နောက်ဆက်တွဲ လုပ်ငန်းဆောင်ရွက်ချက်အရ မြန်မာနိုင်ငံက ပထမအကြိမ် Post Hearing Report ကို ၂၀၁၃ ခုနှစ် ဇွန် ၂၅ ရက်မှာ တင်သွင်းခဲ့ပါတယ်။

အဆိုပါ အစီရင်ခံစာနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအနေဖြင့် GSPပြန်လည်ရရှိရေးအတွက် အလုပ်သမားအခွင့်အရေး (Worker Rights)၊ ကလေးအလုပ်သမား(Child Labor)နှင့် ဉာဏပစ္စည်းမူပိုင်ခွင့် (Intellectual Property Rights -IPR)စတဲ့ ကဏ္ဍသုံးရပ်အပေါ် ပြည်တွင်းအကောင်အထည်ဖော်မှုအနေနဲ့ မူဝါဒ၊ ဥပဒေလုပ်ထုံးလုပ်နည်းဆိုင်ရာ တိုးတက်မှု လိုအပ်နေသေးကြောင်း ထောက်ပြမှုတွေရရှိခဲ့လို့ လက်ရှိဆောင်ရွက်မှုအခြေအနေများ အစီရင်ခံစာကို ထပ်မံတင်သွင်းခဲ့ပါတယ်။ မြန်မာနိုင်ငံက တင်သွင်းတဲ့ အစီရင်ခံစာတွေအပေါ် ၂၀၁၄ ခုနှစ် ဧပြီ ၁၆ ရက်မှာ အမေရိကန်နိုင်ငံရှိသက်ဆိုင်ရာဌာနများမှ မြန်မာနိုင်ငံသို့ GSP အခွင့်အရေး ပြန်လည်ပေးရေးနဲ့စပ်လျဉ်းပြီး သုံးသပ်မှုများပြုလုပ်ခဲ့ပြီးနောက်မှာ လိုအပ်တဲ့ တတိယကြိမ်မြောက် အစီရင်ခံစာကို ၂၀၁၄ ခုနှစ် မေ ၂၂ ရက်မှာ တင်သွင်းခဲ့ပါတယ်။

အမေရိကန်နိုင်ငံမှ လာရောက်တွေ့ဆုံဆွေးနွေးပွဲတွေမှာ GSP အခွင့်အရေး ပြန်လည်ရရှိရေးအတွက် ညှိနှိုင်းတောင်းဆိုမှုများ အကြိမ်ကြိမ်ပြုလုပ်ခဲ့ပါတယ်။ GSP အခွင့်အရေး ပြန်လည်ရရှိရေးအတွက် မြန်မာနိုင်ငံရှိသက်ဆိုင်ရာ ဝန်ကြီးဌာနတွေ၊ အဖွဲ့အစည်းတွေရဲ့ အနီးကပ်ပူးပေါင်းကာ ဆက်လက်ဆောင်ရွက်ခဲ့မှုတွေကြောင့် ၂၀၁၆ ခုနှစ် စက်တင်ဘာ ၁၄ ရက်မှာ ထုတ်ပြန်ခဲ့သော အမေရိကန်သမ္မတ၏ Proclamation No.9492 အရမြန်မာနိုင်ငံဟာ အမေရိကန်နိုင်ငံက တစ်ဖက်သတ်ပေးတဲ့ GSP အခွင့်အရေးကို ခံစားခွင့်ရှိတဲ့ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ (Least Developed Beneficiary Country-LDBCD) အဖြစ် ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁၃ ရက်မှစတင်ကာ ပြန်လည်ခံစားခွင့် ရရှိခဲ့ပါတယ်။

GSP အစီအစဉ်ပြန်လည်ရရှိတဲ့ အကျိုးကျေးဇူးအနေနဲ့ကတော့ စီးပွားရေးလှုံ့ဆော်မှု တိုးတက်လာခြင်း၊ ပို့ကုန်များတင်ပို့နိုင်သည့်အတွက် ယေဘုယျအခွင့်အလမ်းများဖြစ်တဲ့ အလုပ်အကိုင်များ ဖန်တီးပေးနိုင်ခဲ့သလို ဆင်းရဲနွမ်းပါးမှု လျှော့ချရာမှာလည်း အကူအညီရရှိခဲ့ပါတယ်။ အမေရိကန်နိုင်ငံ၏ GSP အစီအစဉ် ပြန်လည်ရရှိပြီးနောက် မြန်မာနိုင်ငံမှ အမေရိကန်နိုင်ငံသို့ တင်ပို့မှုများမှာ မကြာသေးမီနှစ်များအတွင်း သိသာစွာ မြင့်တက်ခဲ့တယ်။

### tar&def GSP tpDpOft & bmawmifyfevJ

မြန်မာနိုင်ငံက အမေရိကန် GSP အစီအစဉ်အရ ကုန်စည်လိုင်း ၅၀၀၀ ခန့်ရဲ့ အကောက်ခွန်ကင်းလွတ်ခွင့်ကို ခံစားလျက်ရှိပါတယ်။ ၂၀၁၈ ခုနှစ်နဲ့ ၂၀၁၉ ခုနှစ်အတွင်း GSP ခံစားခွင့်ဖြင့် မြန်မာနိုင်ငံမှ အမေရိကန်နိုင်ငံသို့ တင်ပို့လျက်ရှိတဲ့ ကုန်စည်တွေကတော့ ခရီးဆောင်အိတ်၊ ကျောပိုးအိတ်၊ မျက်မှန်ဘူး၊ ပဲအမျိုးမျိုး (မတ်ပဲ၊ ပဲလွမ်း၊ ပဲတီစိမ်း၊ ပဲစင်းငုံ)၊ နာနတ်သီးခြောက်၊ ကော်ဖီစေ့၊ ကြိမ်ထည်ပစ္စည်းများ၊ သစ်ပရိဘောဂများ၊ Body-protector ၊ လက်အိတ်၊ခဲချောင်းနှင့် အိမ်မွေးတိရစ္ဆာန်အသုံးအဆောင်ပစ္စည်းတွေ ဖြစ်ပါတယ်။ အဓိက စက်မှုထုတ်ကုန်ဖြစ်တဲ့ အဝတ်အထည်တွေကတော့ GSP အစီအစဉ်မှာ အကျုံးမဝင်တဲ့အတွက် အမေရိကန်နိုင်ငံကို အဝတ်အထည်တင်ပို့မှုမှာတော့ အကန့်အသတ်တွေရှိနေတာ ဖြစ်ပါတယ်။

အမေရိကန်နိုင်ငံကို တင်ပို့တဲ့ မြန်မာ့ပင်ရင်းထုတ်ကုန်များ၏ အကောက်ခွန် သက်သာခွင့်အတွက် GSP အစီအစဉ်အရ ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် Form A များကို ဘဏ္ဍာနှစ်အလိုက် စိစစ်ခွင့်ပြုထုတ်ပေးမှု အခြေအနေကို အောက်ပါဇယားမှာ ဖော်ပြထားပါတယ်-

**GSP အစီအစဉ်အရ အမေရိကန်နိုင်ငံသို့**
**Form A စိစစ်ခွင့်ပြုထုတ်ပေးမှု**

| စဉ် | ဘဏ္ဍာနှစ် | စောင်ရေ | တန်ဖိုး (အမေရိကန်ဒေါ်လာသန်း) |
|---|---|---|---|
| ၁ | ၂၀၁၉-၂၀၂၀ | ၁၉၃၀ | ၁၂၁. ၈၄ |
| ၂ | ၂၀၂၀-၂၀၂၁ | ၁၅၈၆ | ၁၀၀. ၀၄ |
| ၃ | ၂၀၂၁-၂၀၂၂ | ၄၄၃ | ၃၈. ၉၃ |
| ၄ | ၂၀၂၂-၂၀၂၃ | ၁၁၇၀ | ၅၃. ၅၅ |
| ၅ | ၂၀၂၃-၂၀၂၄ | ၇၃၂ | ၂၀. ၁၄ |

အမေရိကန်နိုင်ငံ၏ GSP အစီအစဉ်ဟာ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၃၁ ရက်ကတည်းက သက်တမ်းကုန်ဆုံးခဲ့ပြီး ဆက်လက်သက်တမ်းတိုးခြင်းမရှိသေးတဲ့အတွက် အမေရိကန်နိုင်ငံသို့ ယခင်က အကောက်ခွန်ကင်းလွတ်ခွင့်ဖြင့် သက်ဆိုင်ရာနိုင်ငံများမှ တင်သွင်းတဲ့ ကုန်စည်များမှာ ပုံမှန်အကောက်ခွန်နှုန်းထားများဖြင့် ရင်ဆိုင်တင်သွင်းရလျက်ရှိပါတယ်။

အမေရိကန်အစိုးရက GSP ကို ဆက်လက် သက်တမ်းတိုးခြင်း မရှိတဲ့ အခြေအနေမျိုးက ယခင်ကလည်း မကြာခဏ ဖြစ်ပေါ်ခဲ့ပြီး မကြာသေးမီ ၂၀၁၇ ခုနှစ်မှာလည်း သက်တမ်းတိုး နောက်ကျမှု ဖြစ်ပေါ်ခဲ့ပါတယ်။ GSPအစီအစဉ်ကို ဆက်လက်သက်တမ်းတိုးခြင်း မရှိတဲ့အတွက် သက်တမ်းကုန်ဆုံးပြီး နောက်ပိုင်းမှာ ပုံမှန်အကောက်ခွန်နှုန်းထားများနဲ့ တင်သွင်းရသော်လည်း ဆက်လက်သက်တမ်းတိုးပြီးတာနဲ့ တင်ပို့မှုတွေအတွက် နောက်ကြောင်းပြန် အကောက်ခွန်သက်သာခွင့်ပေးလေ့ ရှိပါတယ်။ GSP သက်တမ်းကုန်ဆုံးသွားတဲ့အတွက် ခံစားခွင့်ရှိတဲ့နိုင်ငံတွေရဲ့ စီးပွားရေးလုပ်ငန်းတွေအပေါ် သက်ရောက်မှုများဖြစ်ပေါ်နေသလို GSP အခွင့်အရေး ခံစားခွင့်ရှိတဲ့ နိုင်ငံတွေကနေ တင်သွင်းနေတဲ့ အမေရိကန်နိုင်ငံရှိ လုပ်ငန်းတွေရဲ့ ထောက်ပံ့မှုကွင်းဆက်အတွက်ပါ အနှောင့်အယှက်တွေ ဖြစ်ပေါ်လျက်ရှိပါတယ်။

### uae'g GSP tpDpOf

ကနေဒါ GSP အစီအစဉ်တွင် ပါဝင်အကောင်အထည် ဖော်ဆောင်မှုကိုကြည့်မယ်ဆိုရင် မြန်မာနိုင်ငံသည် ကနေဒါ နိုင်ငံအစိုးရမှ ပေးတဲ့ အကောက်ခွန် သက်သာခွင့်ဆိုင်ရာ အစီအစဉ်ဖြစ်တဲ့ GSP အစီအစဉ်၏ အကျိုးခံစားခွင့်ကို ၁၉၉၇ ခုနှစ်ကတည်းက ယာယီပိတ်ပင်ခံခဲ့ရပြီး မြန်မာနိုင်ငံရဲ့ အပြုသဘောဆောင်တဲ့ ဖွံ့ဖြိုးတိုးတက်မှုများကြောင့် ပိတ်ဆို့အရေးယူခြင်းများကို ဖယ်ရှားတဲ့အနေနဲ့ ကနေဒါနိုင်ငံက ၂၀၁၂ ခုနှစ် ဧပြီလ ၂၄ ရက်မှစတင်ကာ မြန်မာနိုင်ငံအပေါ် ချမှတ်ခဲ့တဲ့ စီးပွားရေးပိတ်ဆို့ အရေးယူတွေကို ဖြေလျှော့ပေးခဲ့ပါတယ်။ GSP အခွင့်အရေး ခံစားခွင့်ရှိသော နိုင်ငံများကို General Preferential Tariff (GPT) နှင့် Least Development Country Tariff (LDCT) ဆိုပြီး ခွဲခြားထားပါတယ်။ GPT အစီအစဉ်မှာ ဖွံ့ဖြိုးဆဲနိုင်ငံအချို့က ခံစားခွင့်ရှိပြီး LDCT အစီအစဉ်တွင် UN မှ ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံများအဖြစ် သတ်မှတ်ထားတဲ့ နိုင်ငံများက အကျုံးဝင်ပါတယ်။ GPT အစီအစဉ်အရ အကျုံးဝင်တဲ့ ကုန်စည်တွေအတွက် သွင်းကုန်အခွန်နှုန်းကို သက်သာခွင့် ဒါမှမဟုတ် ကင်းလွတ်ခွင့်ပေးထားပြီးတော့ LDCT အစီအစဉ်မှာ အကျုံးဝင်တဲ့ ကုန်စည်တွေရဲ့သွင်းကုန်အခွန်နှုန်းကတော့ သုည ရာခိုင်နှုန်းဖြစ်ပါတယ်။

စာမျက်နှာ - ၁၁ သို့

**စာမျက်နှာ - ၁၀ မှအဆက်**

သတ်မှတ်ချက်အရ LDCT အစီအစဉ်မှာ အကျုံးဝင်တဲ့နိုင်ငံတွေက လည်း GPT အစီအစဉ်မှာ အကျုံးဝင်ပြီး ဖြစ်ပါတယ်။

## jrefmEIrf&D0ift aumift xnfzmfaqmifI

မြန်မာနိုင်ငံအနေဖြင့် ကနေဒါ GSP အစီအစဉ်အရ General Preferential Tariff (GPT) နှင့် Least Development Country Tariff (LDCT) အခွင့်အရေးများကို ရယူခံစားလျက်ရှိပြီး အဓိကအားဖြင့် စက်မှုထုတ်ကုန်များကို တင်ပို့လျက်ရှိပါတယ်။ ကနေဒါနိုင်ငံသို့ တင်ပို့တဲ့ မြန်မာ့ပင်ရင်းထုတ်ကုန်များ၏ အကောက်ခွန် သက်သာခွင့်အတွက် GSP အစီအစဉ်အရ ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ် Form A တွေကို ဘဏ္ဍာနှစ်အလိုက် စိစစ်ခွင့်ပြုထုတ်ပေးမှု အခြေအနေကို အောက်ပါဇယားမှာ ဖော်ပြ ထားပါတယ်-

**GSP အစီအစဉ်အရ ကနေဒါနိုင်ငံသို့**
**Form A စိစစ်ခွင့်ပြုထုတ်ပေးမှု**

| စဉ် | ဘဏ္ဍာနှစ် | စောင်ရေ | တန်ဖိုး (အမေရိကန်ဒေါ်လာသန်း) |
|---|---|---|---|
| ၁ | ၂၀၁၉-၂၀၂၀ | ၂၀၆၀ | ၉၃. ၉၈ |
| ၂ | ၂၀၂၀-၂၀၂၁ | ၁၅၇၆ | ၇၄. ၆၈ |
| ၃ | ၂၀၂၁-၂၀၂၂ | ၇၁၄ | ၂၅. ၂၄ |
| ၄ | ၂၀၂၂-၂၀၂၃ | ၄၈၉ | ၁၁. ၆၆ |
| ၅ | ၂၀၂၃-၂၀၂၄ | ၃၁၉ | ၆. ၉၅ |

## ½kS;GSP tpDpOf

ဥရောပအာရှစီးပွားရေးကော်မရှင် အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် အာမေးနီးယား၊ ဘီလာရုစ်၊ ကာဂျစ်စတန်၊ ကာဇက်စတန်နှင့် ရုရှား နိုင်ငံတို့က ဖွံ့ဖြိုးဆဲနိုင်ငံ ၁၀၄ နိုင်ငံနှင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ ၄၈ နိုင်ငံ၊ စုစုပေါင်း ၁၆၂ နိုင်ငံတို့မှ တင်ပို့တဲ့ ပင်ရင်းထုတ်ကုန်တွေအတွက် အကောက်ခွန်သက်သာခွင့်စနစ် ပြဌာန်းပြီးတော့ အကောက်ခွန်သက်သာခွင့်များပေးလျက်ရှိပါတယ်။ ဥရောပအာရှ စီးပွားရေးကော်မရှင် အဖွဲ့ဝင်နိုင်ငံတွေက အကောက်ခွန်သက်သာခွင့်ပေးတဲ့ ကုန်စည်စာရင်း ထုတ်ပြန်ရာမှာ ကုန်စည်အခန်းများ အဆင့် (HS 2-Digit)၊ ကုန်စည်အုပ်စု အဆင့် (HS 4-Digit) နဲ့ ကုန်စည်အဆင့် (HS 6, 8, 10 -Digit) တွေနဲ့ ဖော်ပြထားပြီး အကောက်ခွန်သက်သာခွင့်ကနေ ဖယ်ထုတ်ထားသည့် ကုန်စည်တွေကိုလည်း ခြွင်းချက်တွေနဲ့ ဖော်ပြ ထုတ်ပြန်ထားပါတယ်။

ပင်ရင်းနိုင်ငံစည်းမျဉ်းသတ်မှတ်ချက်အရ အပြည့်အဝ ပြည်တွင်းထုတ်ကုန်တွေအဖြစ် သက်ဆိုင်ရာနိုင်ငံရဲ့ ပိုင်နက်နယ်မြေ၊ မြေထု၊ လေထု၊ ရေပိုင်နက်တို့မှ ထုတ်ယူရရှိတဲ့ ဓာတ်သတ္တုများ၊ခူးဆွတ်ရိတ်သိမ်းရရှိတဲ့ ဟင်းသီးဟင်းရွက်များ၊ မွေးဖွားကြီးပြင်းတဲ့ တိရစ္ဆာန်များ၊ သက်ရှိတိရစ္ဆာန်တွေကနေရရှိတဲ့ ပစ္စည်းများ၊ နိုင်ငံအတွင်း အမဲလိုက်ခြင်း၊ ငါးဖမ်းခြင်းမှ ရရှိတဲ့ ပစ္စည်းများ၊ နိုင်ငံ၏ ရေပိုင်နက်မှဖမ်းယူရရှိတဲ့ ပစ္စည်းများ၊ ထုတ်လုပ်မှု (သို့) သုံးစွဲမှုများမှ ထွက်ရှိတဲ့ အလေအလွင့်၊ အပိုင်းအစများ၊ ကုန်ကြမ်းအဖြစ် ပြန်လည်အသုံးပြုရန်သာ သင့်တော်တဲ့ ပစ္စည်း စတာတွေကို သတ်မှတ်ပြဌာန်း ထားပါတယ်။

ပြည်ပသွင်းကုန် ကုန်ကြမ်းပါဝင် ထုတ်လုပ်သော ထုတ်ကုန်များအတွက် ပင်ရင်းနိုင်ငံ စည်းမျဉ်းသတ်မှတ်ချက်တွေအရ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ပင်ရင်းမဟုတ်သော ကုန်ကြမ်းပါဝင် ထုတ်လုပ်မှု တန်ဖိုးမှာ ၅၀ ရာခိုင်နှုန်းထက် ကျော်လွန်ခြင်းမပြုရန်နဲ့ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအတွက် ပင်ရင်းမဟုတ်သော ကုန်ကြမ်းပါဝင် ထုတ်လုပ်မှုတွေမှာတော့ အချိန်ကာလ ပိုင်းခြားသတ်မှတ်ထားတာ တွေ့ရပါတယ်။ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁ ရက်ကစပြီးတော့ ပင်ရင်းမဟုတ်သော ကုန်ကြမ်းပါဝင်ထုတ်လုပ်မှု တန်ဖိုးမှာ ၆၀ ရာခိုင်နှုန်းထက် ကျော်လွန်ခြင်းမပြုရန်ဆိုတဲ့ ပြည်တွင်းပါဝင်ထုတ်လုပ်မှုတန်ဖိုး အနည်းဆုံး ၄၀ ရာခိုင်နှုန်းပါဝင်ဖို့ သတ်မှတ်ထားပါတယ်။

မြန်မာနိုင်ငံက ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအနေဖြင့် ဥရောပအာရှစီးပွားရေးကော်မရှင် အဖွဲ့ဝင်နိုင်ငံဖြစ်တဲ့ ရုရှားနဲ့ ဘီလာရုစ်နိုင်ငံတို့က တစ်ဖက်သတ်ပေးသော အကောက်ခွန်သက်သာခွင့်ကို ခံစားလျက်ရှိပြီး ရုရှားနိုင်ငံကို GSP အစီအစဉ်အရ အကောက် ခွန်ခံစားခွင့်နဲ့ ပေါင်းဆန်၊ သံပယိုသီးများ၊ စက်မှုထုတ်ကုန်တွေကို တင်ပို့လျက်ရှိပါတယ်။ မြန်မာ့ပင်ရင်းထုတ်ကုန်များ၏ အကောက်ခွန်သက်သာခွင့်အတွက် GSP Form A ကို စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနအောက်ရှိ ကုန်သွယ်ရေးဦးစီးဌာနက စိစစ်ခွင့်ပြုထုတ်ပေးလျက်ရှိပါတယ်။ ရုရှားနိုင်ငံသို့ တင်ပို့တဲ့ မြန်မာ့ပင်ရင်းထုတ်ကုန်များ၏ အကောက်ခွန်သက်သာခွင့်အတွက် GSP အစီအစဉ်အရ ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ် Form A များကို ဘဏ္ဍာနှစ်အလိုက် စိစစ် ခွင့်ပြုထုတ်ပေးမှု အခြေအနေကို အောက်ပါဇယားမှာ ဖော်ပြထားပါတယ်-

**GSP အစီအစဉ်အရ ရုရှားနိုင်ငံသို့**
**Form A စိစစ်ခွင့်ပြုထုတ်ပေးမှု**

| စဉ် | ဘဏ္ဍာနှစ် | စောင်ရေ | တန်ဖိုး (အမေရိကန်ဒေါ်လာသန်း) |
|---|---|---|---|
| ၁ | ၂၀၁၉-၂၀၂၀ | ၁၇၇ | ၆. ၈၄ |
| ၂ | ၂၀၂၀-၂၀၂၁ | ၇၁ | ၂. ၈၇ |
| ၃ | ၂၀၂၁-၂၀၂၂ | ၇ | ၄. ၅၉ |
| ၄ | ၂၀၂၂-၂၀၂၃ | ၂ | ၁. ၉၁ |
| ၅ | ၂၀၂၃-၂၀၂၄ | ၁၃ | ၂. ၄၉ |

## pDtkyfcsKyfrIqkdif&m ylaygif;aqmif&Gufrsm;

ဥရောပ-အာရှ စီးပွားရေးကော်မရှင်ရဲ့ အကောက်ခွန်သက်သာခွင့် အစီအစဉ်နဲ့စပ်လျဉ်းပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်အကောက်ခွန် ဝန်ဆောင်မှုတို့အကြား ဥရောပ-အာရှစီးပွားရေးသမဂ္ဂ၏ အကောက်ခွန် သက်သာ ခွင့်စနစ်အရ အုပ်ချုပ်မှုပိုင်းပူးပေါင်းဆောင်ရွက်ရေး၊ သတင်း အချက်အလက်ဖလှယ်ရေးနှင့် အပြန်အလှန် အကူအညီပေးရေးဆိုင်ရာ သဘောတူညီချက်ကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၅ ရက်မှာ မြန်မာနိုင်ငံ နေပြည်တော်မှာ လက်မှတ်ရေးထိုးခဲ့ကြပါတယ်။ သဘောတူစာချုပ်အရ ဆောင်ရွက်ရမယ့် ကိစ္စရပ်တွေကို နှစ်ဖက်အကောင်အထည်ဖော်ဆောင်လျက်ရှိပြီးတော့ မြန်မာနိုင်ငံကနေ ရုရှားနိုင်ငံသို့ ထုတ်ပေးတဲ့ GSP Form A ၏ စစ်မှန်မှုကို မြန်မာနိုင်ငံရဲ့ Verification Platform မှာ စိစစ်နိုင်ဖို့ ရုရှားနိုင်ငံကို အချက်အလက်တွေ ပံ့ပိုးပေးထားပါတယ်။

## aemf0 GSP tpDpOf

နော်ဝေ GSP အစီအစဉ်တွင် ပါဝင် အကောင်အထည်ဖော်ဆောင်မှုကို ကြည့်မယ်ဆိုရင် နော်ဝေနိုင်ငံဟာ ၂၀၀၃ ခုနှစ်မှစတင်ကာ မြန်မာနိုင်ငံမှ တင်ပို့သော ပို့ကုန်များအတွက် GSP အခွင့်အရေးကို ယာယီရပ်ဆိုင်းခဲ့ပါတယ်။ ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစတင်ကာ GSP အခွင့်အရေးကို ပြန်လည်ပေးအပ်ခဲ့တဲ့အတွက် နော်ဝေနိုင်ငံသို့တင်ပို့တဲ့ မြန်မာ့ပို့ကုန်များက အကောက်ခွန်သက်သာ/ကင်းလွတ်ခွင့်များကို ရရှိခံစားနေပြီဖြစ်ပါတယ်။

နော်ဝေ GSP အစီအစဉ်ကို အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် နော်ဝေနိုင်ငံ အကောက်ခွန်ဌာနနှင့် ထိုင်းနိုင်ငံရှိ နော်ဝေနိုင်ငံ သံရုံးတို့က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့်ပူးပေါင်းကာ မြန်မာနိုင်ငံမှ သက်ဆိုင်ရာအရာရှိများ၊ လုပ်ငန်းရှင်များကို ဖိတ်ကြားပြီး ၂၀၁၂ ခုနှစ် စက်တင်ဘာလ ၇ ရက်မှာ ရန်ကုန်မြို့၌ နော်ဝေ GSP အစီအစဉ်ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲတစ်ရပ် ကျင်းပပြုလုပ်ခဲ့ပါတယ်။

နော်ဝေနိုင်ငံနှင့် ကုန်သွယ်မှုနည်းပါးတဲ့အတွက် နော်ဝေ GSP အစီအစဉ်အသုံးပြုမှုမှာ သိသာထင်ရှားမှု မရှိတာကို တွေ့ရှိရပါတယ်။

## GSP tpDpOfawG\aebmtusKd;aus;Zl;awGvJ

GSP အစီအစဉ်များမှ ရရှိတဲ့ အကျိုးကျေးဇူးများ မြန်မာနိုင်ငံ GSP အစီအစဉ်များ ပြန်လည်ခံစားခွင့်ရရှိခဲ့တဲ့အတွက် အကျိုးကျေးဇူးအားဖြင့် စီးပွားရေးလှုံ့ဆော်မှု တိုးတက်လာခြင်း၊ ပို့ကုန်များတင်ပို့နိုင်သည့်အတွက် ယေဘုယျ အခွင့်အလမ်းများဖြစ်တဲ့ အလုပ်အကိုင်များ ဖန်တီးပေးနိုင်ခြင်းနှင့် ဆင်းရဲမွဲတေမှု လျှော့ချရာတွင် အကူအညီရရှိခဲ့ပါတယ်။ ပို့ကုန်တွေ အပေါ်မှာ အကောက်ခွန် ကင်းလွတ်ခွင့်/သက်သာခွင့်များ ရရှိခြင်းကြောင့် နိုင်ငံ၏ ကုန်သွယ်မှုမြှင့်တင်ရေးအတွက် လည်းကောင်း၊ အခြားသော ကုန်တင်ပို့နိုင်ငံတွေနဲ့ ဈေးကွက်ယှဉ်ပြိုင်ရာ ဈေးနှုန်းအရ ပိုမို၍ယှဉ်ပြိုင်နိုင်စွမ်းအား တိုးတက်လာခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပြည်တွင်းသို့ စီးဝင်ကာ စက်မှုကုန်ထုတ်ပစ္စည်း ထုတ်လုပ်တင်ပို့မှုနဲ့အတူ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် အထောက်အကူပြုနိုင်မည်ဖြစ်သလို အလုပ်အကိုင် အခွင့်အလမ်းတွေလည်း ရရှိလာမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံအနေနဲ့ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံစာရင်းတွင် ပါဝင်နေသေးတဲ့အတွက် ဖွံ့ဖြိုးပြီးနိုင်ငံများမှ ယခုကဲ့သို့ ဈေးကွက်ရရှိရေး တစ်ဖက်သတ် အကောက်ခွန်ကင်းလွတ်ခွင့်ပေးသည့် GSP အစီအစဉ်များကို ပြည့်ပြည့်ဝဝ အသုံးချဆောင်ရွက်နိုင်ရေးအတွက် ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ခြင်း၊ အကောက်ခွန်ကင်းလွတ်ခွင့်ရရှိတဲ့ ပြည်တွင်းထွက်ကုန်များကို အခွင့်အရေးပေးတဲ့ နိုင်ငံက သတ်မှတ်သော စံချိန်စံညွှန်းများအတိုင်း ထုတ်လုပ်တင်ပို့ခြင်း၊ ကုန်ပစ္စည်း ထုတ်လုပ်တင်ပို့ ရောင်းဝယ်မှုများနှင့်ပတ်သက်သည့် ကုန်သွယ်မှုနှင့် ဆက်စပ်သော ပြည်တွင်းဥပဒေများ ခိုင်ခိုင်မာမာဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်ခြင်း၊ ကုန်ပစ္စည်း ထုတ်လုပ်တင်ပို့သူများအား ၎င်းအစီအစဉ်များနှင့် ပတ်သက်၍ စဉ်ဆက်မပြတ် ဖြစ်ပေါ်တိုးတက်မှု အသိပညာများကို စဉ်ဆက်မပြတ် ဖြန့်ဝေပေးခြင်း စတာတွေကို ဆောင်ရွက်သွားခြင်းအားဖြင့် ကုန်စည်ထုတ်လုပ်တင်ပို့မှု ဖွံ့ဖြိုးတိုးတက်လာရုံမျှမက အလုပ်အကိုင် အခွင့်အလမ်းရရှိခြင်းနဲ့ နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကိုလည်း တစ်ထောင့်တစ်နေရာမှ အထောက်အပံ့ဖြစ်စေမှာ ဖြစ်ပါတယ်။ ကုန်သွယ်မှုဆိုင်ရာ အစီအစဉ်တွေ ခံစားခွင့်မရှိတော့ရင် ဖြစ်လာနိုင်တဲ့ သက်ရောက်မှုတွေ မြန်မာနိုင်ငံက နိုင်ငံအသီးသီးကပေးတဲ့ တစ်ဖက်သတ် အကောက်ခွန်သက်သာခွင့် အစီအစဉ်တွေမှာ ပါဝင်အကောင်အထည်ဖော်ဆောင်ခွင့်မရရှိရင် ဖြစ်ပေါ်လာမယ့် သက်ရောက်မှုတွေ ကြည့်မယ်ဆိုရင် အကယ်၍ အီးယူက EBA ခံစားခွင့်အားလုံးကို ရုပ်သိမ်းမည်ဆိုပါက မြန်မာနိုင်ငံဟာ LDC များရရှိနေတဲ့ အကောက်ခွန်ကင်းလွတ်ခွင့်နှင့် ကိုတာကင်းလွတ်ခွင့်ရရှိတော့မှာ မဟုတ်ပါဘူး။ အဲဒီလို ရုပ်သိမ်းမှုကြောင့် မြန်မာနိုင်ငံရဲ့ အီးယူတင်ပို့မှုစုစုပေါင်း၏ ၂၅ ရာခိုင်နှုန်းခန့်အပေါ် သက်ရောက်မှုရှိမှာဖြစ်ပြီး ပို့ကုန်အများစုမှာ မြင့်မားတဲ့ အကောက်ခွန်နှုန်းထားတွေကို ရင်ဆိုင်ရမှာဖြစ်ပါတယ်။

အဝတ်အထည် ထုတ်လုပ်မှုဟာ အီးယူကို တင်ပို့တဲ့ မြန်မာ့ပို့ကုန်တွေရဲ့ အဓိကအစိတ်အပိုင်းဖြစ်လို့ ပုံမှန်အကောက်ခွန်နှုန်းတွေကြောင့် အဝတ်အထည်နှင့် ဖိနပ်ထုတ်လုပ်မှုလုပ်ငန်းတွေမှာ ထိခိုက်မှုရှိမှာ ဖြစ်ပါတယ်။ ဒါ့အပြင် အထည်အလိပ်ကဏ္ဍရှိ လူတွေရဲ့ အလုပ်အကိုင်တွေအပေါ်မှာလည်း ဆိုးကျိုးတွေ သက်ရောက်စေမှာဖြစ်ပါတယ်။ တကယ်လို့ အီးယူအနေနဲ့ EBA ခံစားခွင့် အားလုံးအား ရုပ်သိမ်းဖို့ ဆုံးဖြတ်ပါက အထည်အလိပ်ကဏ္ဍရှိ လုပ်သားသုံးသိန်း အပါအဝင်လူပေါင်းနှစ်သန်းအထိ သက်ရောက်မှုရှိနိုင်မှာဖြစ်ကြောင်း ခန့်မှန်းထားပါတယ်။

လက်ရှိမှာ မြန်မာနဲ့ အီးယူအဖွဲ့ဝင်နိုင်ငံတွေအကြား ကုန်သွယ်မှုမှာ သိသာထင်ရှားစွာ တိုးတက်မှုများဖြစ်ပေါ်နေပြီး၊ ကုန်သွယ်မှုပိုငွေပြလျက်ရှိနေပါတယ်။ အီးယူရဲ့ GSP-EBA အခွင့်အရေး ရုပ်သိမ်းခံရမှုကြောင့် အဝတ်အထည်နှင့် ဖိနပ်ထုတ်လုပ်မှုလုပ်ငန်းရှိ အလုပ်သမားများနဲ့ ၎င်းတို့မိသားစုများနဲ့ အလုပ် အကိုင်နှင့်စားဝတ်နေရေးကို အန္တရာယ်ရှိစေတဲ့အပြင် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုများမှတစ်ဆင့် မြန်မာနိုင်ငံ၏ လူမှုစီးပွားတိုးတက်မှုကို ကြီးစွာသော သက်ရောက်မှု ရှိနိုင်မှာဖြစ်ပါတယ်။

တကယ်လို မြန်မာနိုင်ငံက အမေရိကန် GSP အစီအစဉ်ရဲ့ ခံစားခွင့်ရှိတဲ့နိုင်ငံ မဟုတ်တော့ဘူးဆိုရင် မြန်မာနိုင်ငံက LDC အနေနဲ့ ရရှိနေတဲ့ အကောက်ခွန်ကင်းလွတ်ခွင့် ခံစားခွင့် မရှိတော့ပါဘူး။ အဲလို ရုပ်သိမ်းမှုဖြစ်လာမယ်ဆိုရင် မြန်မာနိုင်ငံရဲ့ အမေရိကန်နိုင်ငံသို့ တင်ပို့မှု စုစုပေါင်းအပေါ် သက်ရောက်မှုရှိမည်ဖြစ်ပြီး ပို့ကုန်အများစုဟာ မြင့်မားသော အကောက်ခွန်နှုန်းထားများကို ရင်ဆိုင်ရမယ့် အခြေအနေဖြစ်ပါတယ်။ အဲဒီလိုနဲ့ အခြားပြိုင်ဘက်နိုင်ငံတွေနဲ့ တန်းတူ တင်သွင်းရတာတွေမှာ သယ်ယူပို့ဆောင်ရေး စရိတ်တွေကြောင့် တဖြည်းဖြည်းနဲ့ ဈေးကွက် ပျောက်ဆုံးလာနိုင်ပါတယ်။

အမေရိကန်နိုင်ငံ၏ GSP ခံစားခွင့်ကြောင့် ခရီးဆောင်ကုန်စည်ထုတ်လုပ်မှု ကဏ္ဍနှင့် လယ်ယာထွက်ကုန်ကဏ္ဍတွင် သိသာထင်ရှားတဲ့ အလုပ်အကိုင် အခွင့်အလမ်းဖန်တီးမှုနှင့် ကြီးထွားတိုးတက်မှုတို့ကို ဖော်ဆောင်ပေးနိုင်ခဲ့ခြင်းဖြင့် မြန်မာနိုင်ငံ၏ ထိခိုက်လွယ်သည့်ကဏ္ဍအချို့မှာ အလုပ်အကိုင်တွေရရှိစေတဲ့ အကျိုးကျေးဇူးတွေကို ဖြစ်ထွန်းခဲ့ပါတယ်။

ခရီးဆောင်ကုန်စည်ထုတ်လုပ်မှုသည် အမေရိကန်နိုင်ငံသို့ တင်ပို့သော မြန်မာနိုင်ငံ၏ ပို့ကုန်တွေရဲ့ အဓိကအစိတ်အပိုင်းဖြစ်လို့ ပုံမှန်အကောက်ခွန်နှုန်းတွေကြောင့် ကုန်ထုတ်လုပ်မှု လုပ်ငန်းများမှာ ထိခိုက်မှုရှိလာမှာဖြစ်ပါတယ်။ ဒါ့အပြင် အဲဒီကဏ္ဍမှာရှိတဲ့ လုပ်သားတွေရဲ့ အလုပ်အကိုင်တွေအပေါ်မှာလည်း အနုတ် လက္ခဏာဆောင်တဲ့သက်ရောက်မှုရှိမှာဖြစ်ပါတယ်။ အကောက်ခွန်သက်သာခွင့် အခွင့်အရေးများ ဆုံးရှုံးခြင်းကြောင့် ယေဘုယျအားဖြင့် ဖြစ်နိုင်ခြေရှိတဲ့ စီးပွားရေးနဲ့ လူမှုရေးဆိုင်ရာ အကျိုးဆက်များအဖြစ် သက်ဆိုင်ရာနိုင်ငံများသို့ တင်ပို့မှုသိသာစွာ ကျဆင်းနိုင်ခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများ ဆုံးရှုံးနိုင်ခြင်း၊

**စာမျက်နှာ - ၁၃ သို့**

# စက်သုံးဆီ (တတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာတစ်ဝန်းဖြစ်ပေါ်နေသည့် ကိုဗစ်-၁၉ ကပ်ရောဂါနှင့် ကမ္ဘာ့နိုင်ငံရေး အခြေအနေ များကြောင့် ကမ္ဘာ့ရွှေဈေးသည် အပြောင်းအလဲများစွာ ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ကမ္ဘာ့ရွှေ ဈေးသည် ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၂၇၃၇ ဒေါ်လာ ပေါက်ဈေးရှိခဲ့ရာမှ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက် နေ့တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၂၇၅၄ ဒေါ်လာ ဖြစ်ခဲ့သည်ကို တွေ့ရှိရပါသည်။ ပြည်တွင်းရွှေဈေးသည်လည်း ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ၆၆၅၀၀၀၀ ကျပ်ပေါက်ဈေး ရှိခဲ့ရာမှ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက် နေ့တွင် ၆၄၀၀၀၀၀ ကျပ်သို့ အတက်အကျ ဖြစ်ပေါ်ခဲ့ကြောင်းကို ရွှေဈေးကွက်အတွင်းမှ သိရသည်။

Trading Economics တွင် ဖော်ပြချက်အရ မြန်မာနိုင်ငံတွင် GDP သည် ၂၀၂၄ ခုနှစ် နှစ်ကုန်တွင် USD ၆၄ဒသမ၇၅ ဘီလီယံ ရှိလာရန် မျှော်မှန်းထားကြောင်း Trading Economics global macro model နှင့် ဆန်းစစ်လေ့လာသူများ၏ ခန့်မှန်းချက်အရ သိရသည်။ Econometric Model အရ မြန်မာနိုင်ငံ၏ GDP သည် ၂၀၂၅ ခုနှစ်တွင် USD ၆၆ဒသမ၀၅ ဘီလီယံနှင့် ၂၀၂၆ ခုနှစ်တွင် USD ၆၇ဒသမ၃၇ ဘီလီယံဝန်းကျင်ရှိမည်ဟု ခန့်မှန်းထားကြောင်း သိရှိရပါသည်။

၂၀၂၃ ခုနှစ်အတွက် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ၏ စက်တင် ဘာလ အစီရင်ခံစာ ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှု (GDP) တိုးတက်မှုနှုန်းသည် ၂ဒသမ ၈ ရာခိုင်နှုန်း ဖြစ်ပြီး ၂၀၂၄ ခုနှစ်အတွက် GDP တိုးတက်မှုနှုန်းသည် ၃ ဒသမ ၂ ရာခိုင်နှုန်း ရှိလာမည် ဖြစ်ကြောင်း ခန့်မှန်းထားသည်ကို တွေ့ရသည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့မှ အောက်တိုဘာလ ၂၉ ရက်နေ့အထိ ရက်အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲ လှယ်နှုန်းများကို အောက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်-

ပြည်တွင်းရှိ ပြင်ပဒေါ်လာ ငွေကြေးဈေးကွက်၌ ဝယ်လိုအား ပြောင်းလဲမှုပေါ်လိုက်၍ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့မှ အောက်တိုဘာလ ၂၉ ရက်နေ့ထိ ရက်သတ္တပတ်အတွင်း ၄၆၄၀-၄၆၅၀ ကျပ်ကြား ရှိနေကြောင်း သိရသည်။

## ဆန် ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက် တွင် Thai Rice Exporter Association Website တွင် ဖော်ပြချက်အရ ပါကစ္စတန် ဆန် ဈေးနှုန်းများမှာ ဧည့်မထ ၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၆၇ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၂၈ ဖြင့်လည်းကောင်း ဖြစ်ပေါ်ခဲ့သည်ကို သိရှိရပါ သည်။ ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ ရာခိုင်နှုန်း ဘီဂရိတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၂၂ ဖြင့်လည်းကောင်း၊ ဧည့်မထ ၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၀၇ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ ရာခိုင်နှုန်း ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၉၁ ဖြင့်လည်းကောင်း၊ ပေါင်းဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၂၂ ဖြင့်လည်းကောင်း အသီးသီး ဖြစ်ပေါ်ခဲ့သည်ကို လေ့လာ သိရသည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ ၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၂၈ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ ရာခိုင်နှုန်း ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၀၂ ဖြင့် လည်းကောင်း ရှိခဲ့ပြီး အိန္ဒိယနိုင်ငံတွင် ပေါင်းဆန် ၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၄၃ ဖြင့်လည်းကောင်း အသီး ရှိခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။ Thai Rice Exporter Association တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ထိုင်းနိုင်ငံ၌ ၁၀၀ ရာခိုင်နှုန်း ဘီဂရိတ် ဆန်၊ ဧည့်မထ ၅ ရာခိုင်နှုန်း ဆန်၊ ဧည့်မထ ၂၅ ရာခိုင်နှုန်း ဆန်ဈေးနှုန်းများမှာ ကျဆင်းလျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ဗီယက်နမ်၊ ပါကစ္စတန်နှင့် အိန္ဒိယနိုင်ငံတို့၏ ဆန်ဈေးနှုန်းများမှာလည်း ကျဆင်းလျက်ရှိကြောင်း သိရှိရ သည်။

ပြည်ပဆန်ဈေးကွက်သတင်းအနေဖြင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံသည် အဓိကစားသုံးကုန် ဖြစ်သော ဆန်တင်သွင်းမှုကို တွန်းအားပေးရန်နှင့် ပြည်တွင်းဈေးကွက်တွင် ရောင်းလိုအားကို တိုးမြှင့်ရန် အတွက် ဆန်တင်သွင်းမှုအပေါ် ကောက်ခံလျက်ရှိသော အခွန်နှုန်းထားကို သိသိသာသာ လျှော့ချခဲ့ကြောင်း သိရှိရပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမျိုးသားအခွန်ကြီးကြပ်မှုအဖွဲ့ (NBR) ၏ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်နေ့၌ ထုတ်ပြန်သည့် ဥပဒေစည်းမျဉ်းအရ ကုန်သည်များအနေဖြင့် ဆန်တင်သွင်းရာ၌ ယခင်က သွင်းကုန်အခွန်စုစုပေါင်း ၆၂.၅ ရာခိုင်နှုန်း ပေးဆောင်ခဲ့ရာမှ ယခု ၂၅ ရာခိုင်နှုန်းသို့ လျှော့ချ၍ တင်သွင်းနိုင်ပြီဖြစ်ကြောင်း သိရသည်။ မကြာသေးမီက ဖြစ်ပေါ်ခဲ့သော ရေကြီးရေလျှံမှုများကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ဒုတိယ အကြီးဆုံး စပါးသီးနှံရာသီဖြစ်သည့် ဗာညေ စပါး ခေါ် မိုးစပါး စိုက်ပျိုးမှုကို ထိခိုက်ခဲ့ပြီးနောက် ဆန်ရောင်းလိုအား ကျဆင်းမည့်အရေး စိုးရိမ်မှုများ မြင့်တက်လာသောကြောင့် အကောက်ခွန် နှုန်းထားများ လျှော့ချခံရခြင်းဖြစ်သည်။ ယင်းသို့ လျှော့ချခြင်းကြောင့် ဆန်တစ်ကီလိုဂရမ် အတွက် တင်သွင်းမှုကုန်ကျစရိတ်မှာ တာကာငွေ ၁၄. ၄၀ လျှော့နည်း သက်သာမှုရှိမည် ဖြစ်ကြောင်း၊ နိုင်ငံတွင်း စားနပ်ရိက္ခာဖူလုံမှုကို အာမခံချက်ရှိစေပြီး ဆန်ဈေးနှုန်းကို သင့်တင့်သော အခြေအနေတွင် ထိန်းသိမ်းထားနိုင်ရန်အတွက် အခွတင်ပို့နိုင်မှု တန်ချိန် ၇၁၅၀၀၀ ကျော် ပိုမိုခဲ့ပြီး ယခုတစ်ပတ်တွင် ဧည့်မထဆန်၊ ပေါင်းဆန်နှင့် ပေါ်ဆန်းဆန် အမျိုးအစားတို့ တင်ပို့ခဲ့ပြီး ဆန်အမျိုးအစားများ၏ ပြည်ပပို့ကုန် ဆန်ဈေးနှုန်းတွင်လည်း ယခင်နှစ်ကာလတူ အောက်တိုဘာလ နောက်ဆုံးအပတ်ထက် ၄ရာခိုင်နှုန်း ခန့် ပိုမိုရရှိသဖြစ်ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပ ငွေလဲနှုန်းအနေဖြငတစ်ပတ်တွင် ကမ္ဘာ့ဆန် ဈေးနှုန်းမှာ ယခင်အပတ်နှင့် နှိုင်းယှဉ်ပါက ၁ ဒသမ ၀၉ ရာခိုင်နှုန်း ဈေးနှုန်း ကျဆင်းလျက်ရှိ ကြောင်း သိရှိရပါသည်။ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ နောက်ဆုံးအပတ်တွင် နိုင်ငံတကာ ဆန်ဈေးနှုန်း များ အတက်/အကျ ပြောင်းလဲမှုများ ရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆန်ဈေးနှုန်း များ အတက်/ အကျ ပြောင်းလဲမှုများ ဖြစ်ပေါ်နေသည်ကို လေ့လာသုံးသပ် တင်ပြအပ်ပါသည်။

# ပုသိမ်မြို့တွင် သဘာဝ ဆေးဖက်ဝင် ကံ့ကော်ပန်းခြောက် အရောင်းအဝယ်ဖြစ်

ပုသိမ်မြို့ပေါ်တွင် ပြည်တွင်းဈေးကွက် ဝယ်လိုအားရှိသော ကံ့ကော်ပန်းခြောက်များကို ကံ့ကော်ပန်းပွင့်ချိန် မတ်လမှစတင်၍ ဝယ်ယူလျက်ရှိပြီး မေလအထိ အရောင်းအဝယ်ဖြစ်ကြောင်း ၊ ကံ့ကော်ပန်းခြောက်များကို သာပေါင်းမြို့နယ် ချောင်းသာ၊ ဟိုင်းကြီးကျွန်းမှ ပုသိမ်မြို့ပေါ်သို့ လာရောက်ရောင်းချလျက်ရှိပြီး ပြည်တွင်းဈေးကွက်အသုံးပြုရန် ရန်ကုန်မြို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

ကံ့ကော်ပင်သည် လေထုကို သန့်စင်ပေးသကဲ့သို့ ကံ့ကော်ပန်း၊ အရွက်နှင့် အခေါက်အားလုံးသည် ဆေးဖက်ဝင်ကြောင်း၊ ကျန်းမာရေးနှင့်ပတ်သက်၍ ကံ့ကော်ပန်းခြောက်ကို အသုံးပြုရာတွင် အဖျားသက်သာစေရန် ကံ့ကော်ပန်းပြုတ်ရည် အသုံးပြု၍ရသကဲ့သို့ ပန်းအခြောက်မှုန့်ကိုလည်း အသုံးပြုနိုင်ကြောင်း၊ ကံ့ကော်ဝတ်ဆံကို သနပ်ခါးထဲထည့်၍ လိမ်းပါက ဝက်ခြံ၊ အမာရွတ်များ သက်သာစေပြီး အသားအရေလှပနိုင်ကြောင်း၊ အစာချေစနစ်ကောင်းမွန်စေရန်၊ အသက်ရှူလမ်းကြောင်း ကောင်းမွန်စေရန်၊ ဝမ်းကိုက်ဝေဒနာ၊ အဆစ်ရောင်နာ၊ လေးဖက်နာ၊ ဆီးရောဂါဝေဒနာ၊ အရေပြား ယားယံခြင်း ၊ အသားအရောင်မညီခြင်း စသည့်ရောဂါများအတွက် မြန်မာ့တိုင်းရင်းဆေး ဖော်စပ်ရာတွင် ကံ့ကော်ပန်းခြောက်ကို အမျိုးမျိုး ထည့်သွင်းအသုံးပြုလျက်ရှိကြောင်း သိရသည်။

မြန်မာ့ရိုးရာသနပ်ခါးဘူးများတွင်လည်း သဘာဝအမွှေးအနံ့ရရှိစေရန် ကံ့ကော်ပန်းခြောက်ကို အသုံးပြုလျက်ရှိကြောင်း၊ ယခင်နှစ်က ကံ့ကော်ပန်းခြောက် တစ်ပိဿာလျှင် ကျပ် ၁၅၀၀-၂၀၀၀ ဈေးနှုန်း ရှိပြီး ယခုနှစ်တွင် တစ်ပိဿာကို ကျပ် ၃၀၀၀ နှုန်းဖြင့် ဝယ်ယူလျက်ရှိပြီး ယခင်နှစ်ထက် ဈေးပိုမိုရရှိကြောင်း ဈေးကွက်မှ သိရသည်။

**မင်းမင်းဦး (ပသ)**

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

**DOT (P&S)**

ကမ္ဘာ့လောင်စာဆီ ဈေးကွက်အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်း သည် ၂၀၂၄ ခုနှစ်၊ အောက်တို ဘာ ၂၈ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြ ထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့ နိုင်ငံပေါင်း (၁၂၅) နိုင်ငံ အနက် ဆူရီနမ် နိုင်ငံသည် ယခု တစ်ပတ်တွင် (၃ ဒသမ ၉၀ ရာခိုင်နှုန်း) ဖြင့် ဈေးနှုန်း မြင့်တက်မှု အမြင့်ဆုံး နိုင်ငံဖြစ်ခဲ့ပြီး ဩစ တြေးလျ နိုင်ငံ တွင် (၁ ဒသမ ၉၀ ရာခိုင်နှုန်း)၊ နယူးဇီလန် နိုင်ငံတွင် (၁ ဒသမ ၈၀ ရာခိုင်နှုန်း)နှင့် အိုင်ယာလန် နိုင်ငံတွင် (၁ ဒသမ ၅၀ ရာခိုင်နှုန်း) ဖြင့် ဈေးနှုန်းများ မြင့်တက်ခဲ့ပြီး ဈေးနှုန်း မြင့်တက်ခဲ့သည့် နိုင်ငံပေါင်း (၂၈) နိုင်ငံရှိကြောင်း တွေ့ရှိရ ပါသည်။

Global Petrol Prices Website ၏ ယခုအပတ်အတွက် အောက်တိုဘာ ၂၈ ရက်နေ့ ဖော်ပြချက်၌ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ စင်ကာပူ၊ ဘင်္ဂလားဒေ့ရှ်၊ ဟောင်ကောင်၊ ဂျပန်၊ ပါကစ္စတန်၊ အီတလီ၊ ဂျော်ဒန်၊ ကင်ညာ၊ သီရိလင်္ကာနှင့် ဇင်ဘာဘွေ စသည့် နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း (၇၂) နိုင်ငံတွင် ယခင်အပတ် ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်း မရှိဘဲ ဓာတ်ဆီဈေးနှုန်း တည်ငြိမ်နေကြောင်း တွေ့ရှိရပါသည်။

ဓာတ်ဆီဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် မြန်မာ၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ ထိုင်ဝမ်၊ နော်ဝေ၊ ကနေဒါ၊ နယ်သာလန်၊ ပီရူး နှင့် ဘူတန် စသည့် နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း (၂၅) နိုင်ငံရှိပြီး ယခင်တစ်ပတ် ဈေးနှုန်းထက် (၀ ဒသမ ၁၀ ရာခိုင်နှုန်း) မှ (၆ ဒသမ ၃၀ ရာခိုင်နှုန်း)ထိ ဈေးနှုန်း ကျဆင်းခဲ့ကြောင်း တွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၂၈) ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဓာတ်ဆီ ဈေးနှုန်းများအနေဖြင့် ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် ထိုင်းနိုင်ငံတွင် သုည ဒသမ ၅၀ ရာခိုင်နှုန်း ဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး မြန်မာ နိုင်ငံတွင်သုည ဒသမ ၅၀ ရာခိုင်နှုန်း)၊ ဗီယက်နမ် နိုင်ငံတို့တွင်သုည ဒသမ ၃၀ ရာခိုင်နှုန်း)နှင့် ဖိလစ်ပိုင် နိုင်ငံတွင် သုည ဒသမ ၈၀ ရာခိုင်နှုန်း) ဖြင့် ဈေးနှုန်းများ ကျဆင်းခဲ့ကာ ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်း အပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရပါ သည်။

ဒီဇယ်ဆီဈေးနှုန်းသည် ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၂၈) ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ကမ္ဘာ့ နိုင်ငံပေါင်း (၁၂၅) နိုင်ငံအနက် ဆူရီနမ် နိုင်ငံ သည် ယခုတစ်ပတ်တွင် (၃ ဒသမ ၈၀ ရာခိုင်နှုန်း) ဖြင့် ဈေးနှုန်း မြင့်တက်မှု အမြင့်ဆုံး နိုင်ငံဖြစ်ခဲ့ပြီး အာဂျင်တီးနား နိုင်ငံတွင် (၃ ဒသမ ၇၀ ရာခိုင်နှုန်း)၊ နယူးဇီလန် နိုင်ငံတွင် (၂ ဒသမ ၇၀ ရာခိုင်နှုန်း)နှင့် တူရကီ(တူကီယဲ) နိုင်ငံတွင် (၂ ဒသမ ၁၀ ရာခိုင်နှုန်း) ဖြင့် ဈေးနှုန်းများ မြင့်တက်ခဲ့ပြီး ဈေးနှုန်း မြင့်တက်ခဲ့သည့် နိုင်ငံပေါင်း (၂၆) နိုင်ငံရှိကြောင်း တွေ့ရသည်။

Global Petrol Prices Website ၏ ဖော်ပြချက်၌ ယခုတစ်ပတ်အတွင်း ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ စင်ကာပူ၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ ဟောင်ကောင်၊ ဂျပန်၊ နီပေါ၊ ကိုလံဘီယာ၊ အီတလီ၊ ဂျော်ဒန်၊ ကင်ညာ၊ သီရိလင်္ကာ နှင့် ဇင်ဘာဘွေ စသည့် နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း (၇၅) နိုင်ငံတွင် ယခင်အပတ် ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဒီဇယ်ဈေးနှုန်း တည်ငြိမ်နေကြောင်း တွေ့ရှိရပါသည်။

ဒီဇယ်ဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် မြန်မာ၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ ထိုင်ဝမ်၊ နော်ဝေ၊ နယ်သာလန် နှင့် ဖင်လန်စသည့် နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း (၂၆) နိုင်ငံရှိပြီး ယခင်တစ်ပတ် ဈေးနှုန်းထက် သုညဒသမ ၁၀ ရာခိုင်နှုန်း မှ ၄ ဒသမ ၆၀ ရာခိုင်နှုန်း ထိ ဈေးနှုန်း ကျဆင်းခဲ့ ကြောင်း တွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းများအနေဖြင့် ယခင်အပတ်နှင့် နှိုင်းယှဉ် လျှင် မြန်မာ နိုင်ငံတွင် (၂ ဒသမ ၇၀ ရာခိုင်နှုန်း)၊ ဖိလစ်ပိုင် နိုင်ငံတွင် (၀ ဒသမ ၄၀ ရာခိုင်နှုန်း)နှင့် ဗီယက်နမ် နိုင်ငံတွင် (၁ ဒသမ ၅၀ ရာခိုင်နှုန်း) ဖြင့် ဈေးနှုန်းများ ကျဆင်းခဲ့ပြီး ကျန်အာဆီယံ နိုင်ငံများတွင် ဈေးနှုန်း အပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာ လ (၂၈) ရက်နေ့ရောင်း ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ် (၁)လီတာ ဈေးနှုန်းများအား အောက်ပါ အတိုင်း ဖော်ပြအပ်ပါသည်-

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံး ဆောင်ရွက်နေသော တရုတ်၊ ဂျပန်နှင့် အိန္ဒိယ နိုင်ငံတို့၏ စက်သုံးဆီ (၁) လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

ပြည်တွင်းဈေးကွက်အတွင်း ရောင်းချလျက်ရှိသော စက်သုံးဆီဈေးနှုန်းများမှာ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်နေ့တွင် အောက်တိန်း-၉၂ တစ်လီတာလျှင် ၃၀၈၀ ကျပ်၊ အောက်တိန်း-၉၅ တစ်လီတာလျှင် ၃၂၉၀ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ၂၆၁၅ ကျပ်နှင့် ပရီမီယံ ဒီဇယ် တစ်လီတာလျှင် ၃၂၆၀ ကျပ် အသီးသီး ဈေးနှုန်းများဖြင့် ရောင်းချလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီ ဈေးနှုန်းများအား လေ့လာရာတွင် ကျိုင်းတုံမြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ၄၂၅၀ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ၄၁၀၀ ကျပ်၊ ကလေးမြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ၄၀၀၀ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ၃၃၂၀ ကျပ်ဖြင့် အမြင့်ဆုံး ဖြစ်ပေါ်နေပြီး၊ ရန်ကုန်မြို့တွင် ဓာတ်ဆီ တစ်လီတာ လျှင် ၃၂၉၀ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ၂၆၁၅ ကျပ်၊ ပဲခူးမြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ၃၃၀၀ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ၂၆၂၅ ကျပ်ဖြင့် အနည်းဆုံး ဖြစ်ပေါ်နေကြောင်း တွေ့ရှိရပါ သည်။ မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများ၏ ပြည်တွင်းစက်သုံးဆီဈေးနှုန်းများမှာ ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် ဓာတ်ဆီ တစ်လီတာလျှင် ၁၅ ကျပ်နှင့် ဒီဇယ် တစ်လီတာလျှင် ၇၅ ကျပ် ဈေးနှုန်း ကျဆင်း လျက်ရှိကြောင်း လေ့လာသုံးသပ် တင်ပြအပ်ပါသည်။

---

**စာမျက်နှာ - ၁၁ ဆောင်းပါးမှအဆက်**

အထူးသဖြင့် အမျိုးသမီးများရဲ့ အလုပ်အကိုင် အခွင့်အလမ်းတွေ ဆုံးရှုံးနိုင်ခြင်း၊ အလုပ်လက်မဲ့နှုန်းထား တိုးပွားလာနိုင်ခြင်း၊ စီးဝင်လာမည့် ရင်းနှီးမြှုပ်နှံမှုအသစ်များ နှောင့်နှေးစေနိုင်ခြင်းနှင့် ဆုံးရှုံးနိုင် ခြင်း၊ လက်ရှိ ရင်းနှီးမြှုပ်နှံမှုများ အိမ်နီးချင်းနိုင်ငံတွေဆီကို ရွှေ့ပြောင်းသွားနိုင် ခြင်း နဲ့ စက်မှုကဏ္ဍ တိုးတက်မှု ထိခိုက်နိုင်ခြင်းစတဲ့ သက်ရောက်မှုတွေ ဖြစ်ပေါ်စေနိုင်ပါတယ်။

အချုပ်ပြောရရင်တော့ GSP လို ကုန်သွယ်မှုဆိုင်ရာ အခွင့်အရေးတွေ မရရှိခြင်းကြောင့် ထုတ်လုပ်မှုကဏ္ဍရှိ အလုပ်သမားများနှင့် ၎င်းတို့မိသားစုများရဲ့ အလုပ်အကိုင်နဲ့စားဝတ်နေရေးကို အန္တရာယ်ရှိစေနိုင်တဲ့အပြင် မြန်မာနိုင်ငံရဲ့ လူမှုစီးပွားတိုးတက်မှုကို အနုတ်လက္ခဏာဆောင်သော သက်ရောက်မှုများ ဖြစ်ပေါ်စေနိုင်ပါတယ်။

### jrefmEHfH aeeYukobGflt cGha&;aw@ufvuf&EH bmaw@qmifGaevJ

မြန်မာနိုင်ငံအနေနဲ့ အီးယူ GSP အခွင့်အရေး ဆက်လက်ရရှိစေဖို့ အီးယူရဲ့ GSP စည်းမျဉ်းအရ လိုက်နာဆောင်ရွက်ရမယ့် အလုပ်သမားနဲ့ လူ့အခွင့်အရေးဆိုင်ရာ စံနှုန်းသတ်မှတ်ချက်တွေကို တတ်နိုင်သမျှ လိုက်ပါအကောင်အထည်ဖော်ဆောင်ခြင်းအားဖြင့် နိုင်ငံရဲ့ လူမှုစီးပွားအပေါ် ထိခိုက်မှုများဖြစ်ပေါ်နိုင်မယ့် အန္တရာယ်ကနေ လျှော့ချနိုင်မှာဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့လည်း ILO ၏ မြန်မာနိုင်ငံဆိုင်ရာ စုံစမ်းစစ်ဆေးရေးကော်မရှင်နှင့် ပတ်သက်ပြီး တုံ့ပြန်ရေးဆိုင်ရာ ဦးဆောင်ကော်မတီ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပြီး နိုင်ငံရဲ့ လူမှုစီးပွားဖွံ့ဖြိုးမှုကို အထောက်အကူပြုစေတဲ့ အီးယူ GSP အခွင့်အရေးများ မဆုံးရှုံးနိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် အမေရိကန်နိုင်ငံက သူ့ရဲ့ GSP အစီအစဉ်ကို တစ်နှစ်တစ်ခါပြန်လည်သုံးသပ်ပြီး update ပြုလုပ်ရာမှာ လက်ရှိဆောင်ရွက်နေတဲ့ အစီအစဉ်က ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလကတည်းက သက်တမ်းကုန်ဆုံးခဲ့ပေမယ့် အစိုးရအနေဖြင့် ဆက်လက်သက်တမ်းတိုးခြင်းမရှိခဲ့ပါ ဘူး။ အဲဒီလို သက်တမ်းကုန်ဆုံးမှုအပေါ် သက်တမ်းတိုးမြှင့်ရေး၊ အခွင့်အရေးတွေကို နောက်ကြောင်းပြန် ခံစားနိုင်ဖို့ အမေရိကန်နိုင်ငံရှိ သက်ဆိုင်ရာ နိုင်ငံသံရုံးတွေဟာ Generalized System of Preferences (GSP) Day ညှော်ခံပွဲအစီအစဉ်များ၊ စကားဝိုင်းဆွေးနွေးပွဲများ၊ GSP အကျိုးခံစားခွင့်ရှိသည့် နိုင်ငံများပါဝင်တဲ့ Alliance of GSP Countries လုပ်ငန်းညှိနှိုင်း အစည်းအဝေးများကို စဉ်ဆက်မပြတ်ကျင်းပပြီး မြန်မာနိုင်ငံ သံရုံးကလည်း အမေရိကန်နိုင်ငံမှ GSP အစီအစဉ်ကို ဆက်လက်သက်တမ်းတိုးပေးရေးအတွက် အခြားနိုင်ငံတွေနဲ့ စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

ဝန်ကြီးဌာနအနေနဲ့လည်း မြန်မာ့ပို့ကုန်လုပ်ငန်းရှင်များက မိမိတို့ ပို့ကုန်တွေ နိုင်ငံတကာဈေးကွက်မှာ ယှဉ်ပြိုင်နိုင်စွမ်းရှိပြီး ဈေးကွက် ဝင်အခွင့်အလမ်းများ ရရှိစေဖို့ လွတ်လပ်ကုန်သွယ်မှုဒေသနဲ့ တစ်ဖက်သတ် အကောက်ခွန်သက်သာခွင့် အစီအစဉ်တွေအကြောင်း၊ ယင်းတို့ရဲ့ ပင်ရင်းနိုင်ငံစည်းမျဉ်း သတ်မှတ်ချက်များနဲ့ ပင်ရင်းသက်သေ (Proof of Origin) ဆိုင်ရာ လုပ်ထုံးလုပ်နည်းဆိုင်ရာ အသိပ ညာပေး အစီအစဉ်များကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါတယ်။ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန Website ဖြစ်တဲ့ https://commerce.gov.mm/ ရဲ့ ကုန်သွယ်သုတ ခေါင်းစဉ်အောက်မှာ လွတ်လပ်သော ကုန်သွယ်မှုဒေသနဲ့ တစ်ဖက်သတ် အကောက်ခွန်သက်သာခွင့် အစီအစဉ်တွေအကြောင်း၊ ပင်ရင်းနိုင်ငံသက်သေခံလက်တွေအကြောင်းကို အကျယ်တဝင့် ဖော်ပြထားပါတယ်။ ဒါ့အပြင် အကောက် ခွန် သက်သာခွင့်ဆိုင်ရာ အစီအစဉ်တွေနဲ့ စပ်လျဉ်းပြီး ထုတ်ပြန်ထားတဲ့ အမိန့်ကြော်ငြာစာတွေ၊ လုပ်ထုံးလုပ်နည်းတွေ၊ သတင်းလွှာတွေနဲ့ အသိပေး ကြေညာချက်တွေကိုလည်း Website မှာ ပြည့်စုံစွာ ဖော်ပြထားပေးပါတယ်။

နိဂုံးအနေနဲ့ မြန်မာနိုင်ငံဟာ ဖွံ့ဖြိုးမှုနောက်ကျသော နိုင်ငံစာရင်းမှာ ပါဝင်နေသေးတဲ့အတွက် ဖွံ့ဖြိုးပြီးနိုင်ငံများမှ ယခုလို ဈေးကွက်ရရှိရေး တစ်ဖက်သတ် အကောက်ခွန်ကင်းလွတ်ခွင့်ပေးတဲ့ GSP အစီအစဉ်တွေကို ပြည့်ပြည့်ဝဝ အသုံးချ ဆောင်ရွက်နိုင်ရေးအတွက် ပြည်ပရင်းနှီးမြှုပ်နှံမှုတွေ ဖိတ်ခေါ်ခြင်း၊ အကောက်ခွန်ကင်းလွတ်ခွင့်ရရှိတဲ့ ပြည်တွင်းထွက်ကုန်တွေကို အခွင့်အရေးပေးတဲ့ နိုင်ငံက လက်ခံတဲ့ စံချိန်စံညွှန်းအတိုင်း ထုတ်လုပ်တင်ပို့ခြင်း၊ ကုန်ပစ္စည်းထုတ်လုပ်တင်ပို့ရောင်းဝယ်မှုများနဲ့ ပတ်သက်တဲ့ ကုန်သွယ်မှုနဲ့ ဆက်စပ်နေတဲ့ ပြည်တွင်းဥပဒေတွေ ခိုင်ခိုင်မာမာဖြစ်စေဖို့ ကြိုးပမ်းဆောင်ရွက်ခြင်း၊ ကုန်ပစ္စည်း ထုတ်လုပ်တင်ပို့သူတွေကို အကောက်ခွန်သက်သာခွင့်အစီအစဉ်များဆိုင်ရာ စဉ်ဆက်မပြတ် ဖြစ်ပေါ်တိုးတက်မှု အသိပညာများ ဖြန့်ဝေပေးခြင်းစတာတွေကို ဆောင်ရွက်သွားခြင်းအားဖြင့် ကုန်စည်ထုတ်လုပ်တင်ပို့မှု ဖွံ့ဖြိုးတိုးတက်လာရုံမျှမက အလုပ်အကိုင် အခွင့်အလမ်းရရှိခြင်းနဲ့ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုတွေကို တစ်ထောင့်တစ်နေရာမှ အထောက်အပံ့ဖြစ်စေမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ပုဂ္ဂလိကကဏ္ဍရဲ့ ပါဝင်မှုအခန်းကဏ္ဍကလည်း အရေးကြီးပါကြောင်းနဲ့ လုပ်ငန်းရှင်များအနေနဲ့လည်း အကောက်ခွန်သက်သာခွင့်အစီအစဉ်များကို အကျိုးရှိစွာ အသုံးချနိုင်မှသာ မိမိတို့ပို့ကုန်တွေကို ဈေးကွက်ခိုင်မာစွာနဲ့ စဉ်ဆက် မပြတ် တင်ပို့နိုင်မှာဖြစ်လို့ အကောက်ခွန်သက်သာခွင့် အစီအစဉ်တွေကို အများဆုံး အသုံးချဆောင်ရွက်ဖို့ တိုက်တွန်းရေးသားဖော်ပြလိုက်ရပါတယ်။

# ပုဇွန်တောင်ဈေးအတွင်း အခြေခံစားသောက်ကုန် ဈေးနှုန်းအခြေအနေများ

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင်၊ ပုဇွန်တောင် ဈေးအတွင်း အခြေခံ စားသောက်ကုန် ဈေးနှုန်းများဖြစ်သော ဆန်ကြမ်း/ဆန်ချော အမျိုးအစားများအလိုက် ဧပြီလ နောက်ဆုံးပတ်တွင် ဧည့်မထတစ်ပြည်လျှင် ကျပ် ၃၂၀၀ မှ ၄၀၀၀ ထိ၊ ငစိန်ဆန်တစ်ပြည် လျှင် ကျပ် ၂၅၀၀ မှ ၂၈၀၀ ထိ၊ ဧယာ တစ်ပြည်လျှင် ကျပ် ၃၁၀၀ မှ ၃၄၀၀ ထိ၊ ပေါ်ကျွဲတစ်ပြည်လျှင် ကျပ် ၄၇၀၀၊ ပုသိမ်ပေါ်ဆန်း တစ်ပြည်လျှင် ကျပ် ၅၀၀၀၊ ဖျာပုံပေါ်ဆန်း တစ်ပြည်လျှင် ကျပ် ၄၈၀၀၊ ရွှေဘိုပေါ်ဆန်းမွှေးတစ်ပြည်လျှင် ကျပ် ၆၇၀၀ လည်းကောင်း အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

အလားတူ စားဖိုဆောင်သုံး စားသောက်ကုန်များတွင် စားအုန်းဆီ တစ်ပိဿာ ကျပ် ၇၁၅၀၊ ပဲဆီတစ်ပိဿာ ကျပ် ၂၀၀၀၀၊ ကြက်သွန်နီ တစ်ပိဿာ ကျပ် ၃၅၀၀၊ ကြက်သွန်ဖြူ (ရှမ်း) တစ်ပိဿာ ကျပ် ၁၆၀၀၀၊ (အမြွှာ) တစ်ပိဿာ ကျပ် ၁၆၀၀၀၊ (ဥတလုံး) တစ်ပိဿာ ကျပ် ၂၃၀၀၀၊ အာလူးတစ်ပိဿာ ကျပ် ၅၅၀၀၊ နန္နွင်းမှုန့် တစ်ပိဿာ ကျပ် ၁၅၀၀၀၊ နန္နွင်းတက် တစ်ပိဿာ ကျပ် ၉၀၀၀၊ အိုင်အိုဒင်းဆားတစ်ထုပ် ကျပ် ၁၀၀၀၊ ရိုးရိုးဆားတစ်ထုပ် ကျပ် ၅၀၀၊ မန်ကျည်းသီးမှည့် တစ်ပိဿာ ကျပ် ၁၀၀၀၀၊ ငရုတ်တောင့်(ရှည်) တစ်ပိဿာ ကျပ် ၁၄၀၀၀၊ ငရုတ်တောင့်(ပု) တစ်ပိဿာ ကျပ် ၂၂၀၀၀၊ မြန်မာပဲနီလေးတစ်ပိဿာ ကျပ် ၁၅၀၀၀၊ ပဲဝါလေး တစ်ပိဿာ ကျပ် ၅၀၀၀၊ ကုလားပဲခြမ်းတစ်ပိဿာ ကျပ် ၆၅၀၀၊ ချင်းတစ်ပိဿာ ကျပ် ၈၀၀၀ တို့ဖြစ်ကြောင်း သိရသည်။

ထို့အတူ အသား/ငါးဈေးနှုန်းများမှာလည်း မွေးမြူရေးကြက်တစ်ပိဿာ ကျပ် ၂၁၀၀၀၊ မြန်မာကြက်တစ်ပိဿာ ကျပ် ၃၂၀၀၀၊ ဝက်သားတစ်ပိဿာ ကျပ် ၃၄၀၀၀၊ ဘဲသားတစ်ပိဿာ ကျပ် ၃၀၀၀၀၊ ဆိတ်သား တစ်ပိဿာ ကျပ် ၃၆၀၀၀ အမဲသားတစ်ပိဿာ ကျပ် ၂၉၀၀၀၊ ငါးကြင်းတစ်ပိဿာ ကျပ် ၂၁၀၀၀၊ ငါးမြစ်ချင်း တစ်ပိဿာ ကျပ် ၁၀၀၀၀၊ ရေချိုငါးခူ တစ်ပိဿာ ကျပ် ၂၁၀၀၀၊ မွေးမြူရေးငါးခူ တစ်ပိဿာ ကျပ် ၁၅၀၀၀၊ ပုစွန်ထုပ်(ကြီး)တစ်ပိဿာ ကျပ် ၅၀၀၀၀၊ ပုစွန်ထုပ် (လတ်)တစ်ပိဿာ ကျပ် ၄၅၀၀၀၊ ပုစွန်ကျော့ တစ်ပိဿာ ကျပ် ၃၀၀၀၀၊ ငါးတန်တစ်ပိဿာ ကျပ် ၁၃၀၀၀၊ ပင်လယ်ငါး တစ်ပိဿာ ကျပ် ၁၀၀၀၀၊ ငါးရံ့တစ်ပိဿာ ကျပ် ၂၃၀၀၀၊ ငါးကျည်း တစ်ပိဿာ ကျပ် ၂၇၀၀၀၊ ရေချိုငါးသလောက် တစ်ပိဿာ ကျပ် ၃၅၀၀၀၊ ပုစွန်ခြောက် (ကြီး) တစ်ပိဿာ ကျပ် ၁၂၀၀၀၀၊ ပုစွန်ခြောက်(လတ်) တစ်ပိဿာ ကျပ် ၁၀၀၀၀၀၊ ပုစွန်ခြောက် (သေး) တစ်ပိဿာ ကျပ် ၆၀၀၀၀၊ ငါးရံ့ခြောက်တစ်ပိဿာ ကျပ် ၈၅၀၀၀၊ ငါးကျည်းခြောက် တစ်ပိဿာ ကျပ် ၉၀၀၀၀၊ ငါးပိကောင် တစ်ပိဿာ ကျပ် ၁၈၀၀၀ ကျပ်၊ အာပြဲခြောက် တစ်ပိဿာ ကျပ် ၃၀၀၀၀ တို့ဖြစ်ကြောင်း သိရသည်။

စားအုန်းဆီမှာ ရည်ညွှန်းဈေး ၆၇၃၅ ကျပ် အပေါ် အခြေခံရောင်းချရသောကြောင့် ဈေးနှုန်းအနည်းငယ်ကျပြီး၊ ပဲဆီဈေးနှုန်းမှာ ဈေးငြိမ်လျက်ရှိပါသည်။ စားဖိုဆောင်သုံး ကုန်ခြောက်ပစ္စည်းများမှာ ဈေးအနည်းငယ် ကျဆင်းပြီး ကြက်သား၊ ငါး၊ အမဲသား၊ ဆိပ်သား၊ ဝက်သားများမှာ ဈေးအနည်းငယ် တက်လျက်ရှိကြောင်း အသား/ငါး ဈေးတက်ရခြင်းမှာ သားသတ်ရုံနှင့် ဒိုင်များတွင် အဝင်နည်းခြင်း၊ စားဖိုဆောင်သုံးကုန်ပစ္စည်းများ ဈေးကျခြင်းမှာ စက်သုံးဆီဈေးနှုန်း ကျဆင်းခြင်းကြောင့် သယ်ယူစရိတ်များ သက်သာလာသဖြင့် ဒေသတွင်း ကုန်စည်စီးဆင်းမှု မြန်ဆန်ခြင်းကြောင့်ဖြစ်ကြောင်း ဧပြီ ၂၈ ရက်၏ ဈေးကွက်အခြေအနေများအရ သိရသည်။

**လဲ့လဲ့ဋ္ဌေး**

# ပခုက္ကူဒေသ ထွက်ကုန်များ

### ဝါဂွမ်း

ပခုက္ကူမြို့နယ်တွင် ဝါကို ကံတော်၊ ကံလှ၊ ကံတိန်၊ ကံရက်၊ ကံမြင့်ကုန်း၊ မြိုင်နှင့် ရေစကြိုမြို့နယ်အတွင်းရှိ ရွာများတွင် အဓိကစိုက်ပျိုးကြသည်။ ပခုက္ကူမြို့ ဝါစိုက်ဧကမှာ ယခင်က ၅၀၀၀ မှ ၆၀၀၀ ရှိခဲ့ ပြီး ယခုအခါတွင် စိုက်ဧကမှာ အလွန် နည်းပါးလျက်ရှိသည်။ အဓိက စိုက်ပျိုးသောဝါများမှာ ချည်မျှင်ရှည်ဝါနှင့် ချည်မျှင်တိုဝါများကို စိုက်ပျိုးဖြစ်သည်။ ဝါစတင် ပေါ်စတွင် အစေ့ပါ တစ်ပိဿာလျှင် ကျပ် ၃၈၀၀ ဖြစ်ခဲ့သည်။

ဈေးနှုန်းဈေးကွက်အနေဖြင့် ပခုက္ကူမြို့နယ်မှ ထွက်ရှိသောဝါများကို မန္တလေးတိုင်းဒေသကြီး နှင့် သရက်၊ အောင်လံခရိုင်များသို့လည်း တင်ပို့ရောင်းဝယ်လျက်ရှိသည်။ ယခင်မတ်လက ဝါဝင်ရောက်မှုမှာ တစ်ရက်လျှင် ပိဿာချိန် ၅၀၀ မှ ၁၀၀၀ ထိ ဝင်ရောက်ဈေးနှုန်းအနေဖြင့် ချည်မျှင်ရှည်ဝါ တစ်ပိဿာလျှင် ကျပ် ၃၅၀၀၊ ချည်မျှင်တိုဝါ တစ်ပိဿာလျှင် ကျပ် ၃၂၀၀ ရှိပြီး ဧပြီလ စတုတ္ထပတ်တွင် ဝါဝင်ရောက်မှုမှာ နည်းပါးပြီး တစ်ရက်လျှင် ပိဿာချိန် ၂၀၀ မှ ၃၀၀ ဖြစ်၍ ချည်မျှင်ရှည် ဝါဂွမ်းအစေ့ပါ တစ်ပိဿာလျှင် ကျပ် ၃၀၀၀ မှ ၃၁၀၀၊ ချည်မျှင် တိုဝါတစ်ပိ သာလျှင်ကျပ် ၂၈၀၀ ဖြစ်သည်။ ယခင်လနှင့်နှိုင်းယှဉ်ပါက တစ် ပိဿာလျှင် ကျပ် ၄၀၀ ခန့် ကျနေပြီး တစ်ပတ်လျှင် ကုန်ချိန်ပိဿာချိန် ၁၅၀၀-၂၀၀၀ ခန့် ဝင်ရောက်နေကြောင်း ဝါကုန်သည်များထံမှ သိရသည်။

### ထောပတ်ပဲ

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်အတွင်း ထောပတ်ပဲကို ပခုက္ကူကျွန်း၊ ရေစကြိုကျွန်းနယ်များ၊ မြင်းကျွန်း၊ လေးလံကျွန်းနှင့် ဂန့်ဂေါခရိုင်အတွင်းရှိ ထီးလင်း၊ ဆော၊ ကျောက်ထု၊ မောက်၊ ကျွဲနန်းကျေးရွာများတွင် အများဆုံးစိုက်ပျိုးကြပြီး ဖေဖော်ဝါရီလ စတုတ္ထပတ်မှစ၍ ထောပတ်ပဲများ စတင်ရိတ်သိမ်းကြသည်။ ပခုက္ကူကုန်စည်ဒိုင်နှင့် မြို့ပေါ်ရှိပွဲရုံများသို့ ထောပတ်ပဲဖြူများ အခြားမြို့နယ်များမှလည်း ဝင်ရောက် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

ယခုနှစ် ဧပြီပထမပတ်တွင် ထောပတ်ပဲဖြူ (ယော) တစ်တင်းလျှင် ကျပ် ၉၂၀၀၀၊ ထောပတ်ပဲဖြူ(ကျွန်) တစ်တင်းလျှင်ကျပ် ၈၆၀၀၀ ဖြစ်ခဲ့ပြီး ဧပြီလ စတုတ္ထပတ်တွင် ထောပတ်ပဲဖြူ (ယော)တစ်တင်းလျှင် ကျပ် ၉၈၀၀၀၊ ထောပတ်ပဲဖြူ (ကျွန်) တစ်တင်းလျှင် ကျပ် ၉၀၀၀၀ ဖြစ်၍ ဧပြီပထမပတ်နှင့် နှင့်နှိုင်းယှဉ်ပါက တစ်တင်း လျှင်ကျပ် ၆၀၀၀ ခန့် ဈေးတက်နေပြီး အရောင်းအဝယ်ဖြစ်မှု အိတ်ရေမှာ တစ်နေ့လျှင် အိတ်ရေ ၃၀၀ မှ ၆၀၀ ထိဖြစ်နေကြောင်း ကုန်စည်ဒိုင်မှ သိရသည်။

### ကြက်သွန်နီ

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်အတွင်း ပေါက်၊ ဆိပ်ဖြူ ကံမ၊ ရေပြာတို့တွင် မိုးစိုက်(ဥစိုက်) ကြက်သွန်နီများကို စိုက်ပျိုးလျက်ရှိသည်။ ပခုက္ကူ ကြက်သွန်နီကုန်စည်ဒိုင်သို့ ပခုက္ကူမြို့နယ်အတွင်းရှိ ကျွန်းနယ်များသာမက ရေနံချောင်း၊ မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်အတွင်းရှိ ကျေးရွာများမှလည်း ဥပုသ်နေ့မှလွဲ၍ အရောင်းအဝယ် ဖြစ်လျက်ရှိသည်။ ပခုက္ကူကြက်သွန်နီ ဈေးကွက်အနေဖြင့် ဈေးနှုန်းများမှ ယခုတစ်ပတ်တွင် ပြန်လည်မြင့်တက်လာပြီး တစ်ရက်လျှင် ကုန်ချိန် ၄၀၀၀၀ ကျော် ၅၀၀၀၀ အရောင်းအဝယ်ဖြစ်ကြောင်း ဈေးကွက်သို့ ယခင်တစ်ပတ်ကထက် ကုန်ဝင်ရောက်မှုနည်းလာကြောင်း သိရ သည်။

ဧပြီလစတုတ္ထပတ်တွင် ကြက်သွန်နီ ကုန်စည်ဒိုင်တွင် အရောင်းအဝယ်ဖြစ်ခဲ့သော ဈေးနှုန်းမှာ တစ်ပိဿာလျှင် ထိပ်စ ကျပ် ၁၅၀၀၊ အလတ် ကျပ် ၁၃၀၀၊ အနိမ့်စ ကျပ် ၈၀၀ ဖြစ်ပြီး ယခင်မတ်လ စတုတ္ထပတ်က တစ်ပိဿာလျှင် ထိပ်စ ကျပ် ၁၃၅၀၊ အလတ်စ ကျပ် ၁၀၀၀၊ အနိမ့်စ ကျပ် ၈၀၀ ဖြစ်၍ တစ်ပိဿာလျှင် ကျပ် ၁၅၀ ခန့် ဈေးတက်လာခဲ့သည်။ တစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်မှုမှာ ပိဿာချိန် ၅၀၀၀၀ ကျော်ဖြစ်ပြီး တင်ပို့မှုအနေဖြင့် ရန်ကုန်၊ ဟင်္သာတနှင့် မြဝတီမြို့များသို့ နေစဉ်တင်ပို့နေကြောင်း သိရသည်။

ပခုက္ကူမြို့မစည်ပင်ဈေးနှင့် အမှတ်(၂)ဈေးတွင် ရောင်းချနေသော ကြက်သွန်နီ လက်လီဈေးမှာ တစ်ပိဿာလျှင် အမြင့်ဈေး ကျပ် ၁၈၀၀ မှ အနိမ့်ဈေး ကျပ် ၁၃၀၀ အထိ အရောင်းအဝယ်လျက်ရှိသည်။

**လှိုင်ဥမ္မာဦး (ပခုက္ကူ)**

# မော်လမြိုင် ဘီလပ်မြေ၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးနှင့် ရော်ဘာဈေးနှုန်းဈေးကွက်

### ဘီလပ်မြေ

မော်လမြိုင်မြို့၌ ဧပြီလစတုတ္ထပတ် ဘီလပ်မြေဈေးကွက်မှာ အရောင်းအဝယ်ပုံမှန်ရှိနေပြီး ဈေးနှုန်းအနည်းငယ်မြင့်လာကြောင်း သိရှိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ် ပုံမှန်ဖြစ်နေသောဈေးမှာ (အပါချီ) တစ်အိတ်လျှင် ကျပ် ၂၅၂၅၀၊ ကြံ့တံဆိပ် (အပြာ)တစ်အိတ်လျှင် ကျပ် ၂၄၀၀၀၊ ကြံ့တံဆိပ်(အဝါ) တစ်အိတ်လျှင် ကျပ် ၂၇၀၀၀ ဖြင့်အရောင်းအဝယ် ဖြစ်နေသည်။

### ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး

ဧပြီလ စတုတ္ထပတ်တွင် ကွန်ပေါင်း (မြန်မာ့ဩဘာ ရွှေကောမက်) 15:15:15 50kg ပါ တစ်အိတ် ကျပ် ၁၃၈၀၀၀၊ကွန်ပေါင်း 20:12:12 50kg ပါတစ်အိတ် ကျပ် ၁၄၀၀၀၀၊ ကွန်ပေါင်း(Thai Grow How) 15:15:15 50kg ပါတစ်အိတ်လျှင် ကျပ် ၁၉၅၀၀၀၊ ပုလဲ(အသေး) ၄၆% မြန်မာ (MPE) 50kg ပါတစ်အိတ်လျှင် ကျပ် ၈၅၀၀၀၊ ပုလဲ(အကြီး) ၄၆% ထိုင်း(မြင်းပျံ) 50kg ပါ တစ်အိတ်လျှင် ကျပ် ၁၀၇၀၀၀၊ ပုလဲအသေး တရုတ်(ရွှေတောင်) 50kg ပါတစ်အိတ်လျှင် ကျပ် ၁၂၂၀၀၀၊ ပိုတက်(အာမို) 50kg ပါတစ်အိတ်လျှင် ကျပ် ၁၂၅၀၀၀ဖြစ်သည်။ ပိုးသတ်ဆေး ဈေးနှုန်းများမှာ မာလာမြိုင်ဆိုက်ပါ ၁၀% (သီးရွက်စုံ) 100cc တစ်ပုလင်းလျှင် ကျပ် ၅၀၀၀၊ မာလာမြိုင်ဆိုက်ပါ ၁၀%(သီးရွက်စုံ) 500cc တစ်ပုလင်းလျှင် ကျပ် ၂၀၅၀၀၊ ဖျူရာဒါန် ၅ ဂျီ (မြန်မာ့ဩဘာ) 1 Kg ပါ တစ်ထုပ် ကျပ် ၁၈၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

### ရော်ဘာ

မွန်ပြည်နယ်အတွင်းရှိ ရော်ဘာ အဝယ်ဒိုင်များအနေဖြင့် အပတ်စဉ် အရောင်းအဝယ်ပုံမှန်ရှိ နေသည်။ ရော်ဘာဈေးနှုန်းမှာ အဖွင့်ရာသီတွင် RSS-3 တစ်ပေါင်လျှင် ကျပ် ၃၅၀၀၊ RSS-5 တစ်ပေါင်လျှင် ကျပ် ၃၃၀၀ ရှိခဲ့ပြီး ဧပြီလ ၂၈ ရက်မှ မေလ ၅ ရက်ထိဈေးနှုန်းမှာ RSS-3 တစ်ပေါင်လျှင် ကျပ် ၂၇၀၀၊ RSS-5 တစ်ပေါင်လျှင် ကျပ် ၂၆၅၀ ပေါက်ဈေးဖြစ်ပေါ်နေခဲ့သည်။

မော်လမြိုင်မြို့မှ ရန်ကုန်မြို့ သို့ သယ်ယူခနှုန်းထားမှာ (50)kg ပါ တစ်ထုပ်လျှင် ကျပ် ၃၂၀၀၊ ရော်ဘာတစ်တန်လျှင် ကျပ် ၆၄၀၀၀ ဖြင့်လည်းကောင်း မော်လမြိုင်မြို့မှ မန္တလေးမြို့သို့ သယ်ယူခ နှုန်းထားမှာ (50)kg ပါ တစ်ထုပ်လျှင် ကျပ် ၄၂၀၀၊ ရော်ဘာ တစ်တန်လျှင် ကျပ် ၈၄၀၀၀ ဖြင့် သယ်ယူပို့ဆောင်ပေးရကြောင်း ကုန်သည်များထံမှ သိရှိရသည်။

**အောင်မြင့်မြတ်(မွန်)**

# မုဒုံမြို့နယ်တွင် ကြက်မောက်သီးများ လှိုင်လှိုင်ထွက်ရှိ

မွန်ပြည်နယ် မုဒုံမြို့နယ်တွင် လယ်ယာသီးနှံ၊ ဥယျာဉ်ခြံသီးနှံများနှင့် ရော်ဘာ စိုက်ပျိုးထုတ်လုပ်မှု အကောင်းဆုံးပြည်နယ်ဖြစ်ရာ ကာလရှည်သီးနှံတစ်မျိုးဖြစ်သည့် ရာသီပေါ် ကြက်မောက်သီးများ လှိုင်လှိုင်ထွက်ရှိကာ ယခင်နှစ်များထက် ဈေးကောင်းရရှိ၍ စိုက်ပျိုးသူများ အဆင်ပြေလျက်ရှိသည်။

ကြက်မောက်ပင်များကို မြေအမျိုးအစား အများအပြားတွင် စိုက်ပျိုးနိုင်ပြီး ရေမဝပ် သောနေရာများ၌ စိုက်ပျိုးပါက ပိုမိုအောင်မြင်ဖြစ်ထွန်းမည်ဖြစ်ကြောင်း၊ အပင်များကို အစေ့မှ ပျိုးထောင်စိုက်ပျိုးခြင်းနှင့် ကိုင်းဆက်ကိုင်းကူးနည်းများဖြင့် အကျယ်သုံး ပေ၊ အနက် သုံးပေ အတွင်းမှ တစ်ပင်နှင့်တစ်ပင် ၁၅ ပေခန့်အကွာ တစ်ဧကလျှင်၄၈ ပင် စိုက်ပျိုးနိုင်ကြောင်း၊ စိုက်ပျိုးပြီး သုံးနှစ်ခန့်အကြာတွင် စတင်အသီးသီး၍ တစ်နှစ်လျှင် ငါးလကြာအထိ ခူးယူရောင်းချရကြောင်း၊ အခြားနှစ်ရှည်ပင်များထက် စိုက်ပျိုးကုန်ကျစရိတ် သက်သာပြီး ပိုးမွှားရောဂါကျရောက်မှု နည်းပါး၍ အကြမ်း ခံသော သီးနှံပင်မျိုးဖြစ်သောကြောင့် စိုက်ပျိုး ရန် သင့်တော်ကြောင်း ဘဲရမ်းကျေးရွာနေ ဥယျာဉ်ခြံစိုက် တောင်သူ တစ်ဦး ကပြောသည်။

ကြက်မောက်ပင်များကို တစ်ဧက စိုက်ခြင်းဖြင့် အလုံးရေ ၆၀၀၀၀ မှ ၇၀၀၀၀ ခန့် ထွက်ရှိကာ ဒေသပေါက်ဈေး တစ်လုံးလျှင် ငွေကျပ် ၁၅၀ မှ ၃၀၀ အထိ ရရှိပြီး မြို့ပေါ်ဈေးများနှင့် အခြားမြို့နယ်များဖြစ်သည့် မော်လမြိုင်၊ ပဲခူး၊ ရန်ကုန် တိုင်းဒေသကြီးများသို့ တင်ပို့ရောင်းချရကြောင်း သိရသည်။

**ညီလွင်အေး (မုဒုံ)**

# SHWE WAH YAUNG Agriculture Production Co.,ltd.




Office : Nya/73, Yuzana Street, Bayint Naung (1) Ward, Mayangone Township, Yangon, Myanmar.
Ph : 01-3684437~38, 01-3680803, 01-3686158, 01-3686251 Fax : 01-3686251
Warehouse : No(465/A), Corner of Yaw Ah Twin Wun U Pho Hlaing Street & Kannar Street,
Shwe Lin Pan Industrial Zone, Hlaing Tharyar Township, Yangon, Myanmar.
Ph : 01-3684437~38, 01-3680803, 01-3686158, 01-3686251 Fax : 01-3686251
website : www.swymyanmar.com, Email : eximdept@swymyanmar.com, thaungtike@swymyanmar.com



# ASIA WORLD PORT TERMINAL

**Myanmar's Marine Gateway to the World**



# SSS International Retail Business

## လက်အောက်ရှိ ဖွင့်လှစ်ထားသော လုပ်ငန်းခွဲများ

**easy mart**
More than a Mart

ရန်ကုန်မြို့အတွင်း
ဆိုင်ခွဲပေါင်း (၂၃) ဆိုင်ကို
ဖွင့်လှစ်ကာ ပို့ကုန်၊ သွင်းကုန်
ပစ္စည်းအစုံကို အရည်အသွေး
ပြည့်မီစွာရောင်းချ ပေးနေပါသည်။

**MAXI မက်(ခ်)စီ Wholesale**

ရန်ကုန်မြို့ မြောက်ဒဂုံမြို့နယ်
ပင်လုံလမ်းမပေါ်တွင်
Wholesale Center တစ်ခု
အဖြစ် ဖွင့်လှစ်ကာ
စားသောက်ကုန် ၊ လူသုံးကုန် အမျိုး
ပေါင်းများစွာကို လက်လီလက်ကား
ရောင်းချပေးလျက်ရှိပါသည်။

**easy supermarket**

မော်ဘီမြို့ ပြည်လမ်းမပေါ်နှင့် ရန်ကုန်မြို့
သံသုမာ လမ်းမပေါ် ၊ သုဝဏ္ဏအပိုင်း တို့တွင်
ဆိုင်ခွဲ (၂)ဆိုင် ဖြင့် ဖွင့်လှစ်ထားသော
Easy Supermarket တွင်
ပို့ကုန် သွင်းကုန် ပစ္စည်းအစုံ အဝတ်အထည်
အမျိုးမျိုး တို့ကို အရည်အသွေးပြည့်မီစွာဖြင့်
ရောင်းချပေးလျက်ရှိပါသည်။




☎ 01-4706688, 3685161, 3685323

MEGA MAIN Real Estate

Managed by John Lwin

# NEVER STOP DREAMING

**John Lwin** : +959 5010 432 | 785 010 432
( Yangon : Phone & Viber)

**Zin Ko Ko** : +959 254 049 536 | 650033933
( Yangon : Phone & Viber)

- တိုက်၊ အိမ်၊ ခြံ၊ မြေ များနှင့် ပတ်သက်၍ ပိုင်ဆိုင်မှု မှန်ကန်ခြင်း ရှိ/မရှိ ရောင်းသင့်/မရောင်းသင့်၊ ဝယ်သင့်/မဝယ်သင့်များကို နေရာဒေသ အလိုက် ကာလ ပေါက်ဈေးအတိုင်း တန်ဖိုးဖြတ် အကြံပေးခြင်း။
- ပြည်တွင်းဝန်ဆောင်မှုများအနေဖြင့် မြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီး များနှင့် ပြည်နယ်များ အားလုံးရှိ မြေကွက်၊ လုံးချင်း၊ စက်မှုဇုန်၊ ကွန်ဒို နှင့် တိုက်ခန်းများ အတွက် ရောင်း/ဝယ်ခြင်း ကိစ္စရပ်များကို ဝန်ဆောင်မှုပေးခြင်း။
- ရောင်း/ ဝယ် စာချုပ်များကို ကုမ္ပဏီ၏ ကျွမ်းကျင်သော ဥပဒေပညာရှင် များက ဥပဒေနှင့်အညီ စာချုပ် ချုပ်ဆိုပေးခြင်း။
- အိမ်/ခြံ/မြေ ဆိုင်ရာ ဥပဒေအကြံပေးခြင်းနှင့် စာချုပ်စာတမ်းချုပ်ဆိုခြင်း များကို မှန်ကန်ခိုင်မာမှု ရှိစေရန်နှင့် အမည်ပေါက် ရရှိအောင် တာဝန်ယူဆောင်ရွက်ပေးခြင်း။ ဂျာနယ် သတင်းစာ facebook စာမျက်နှာတို့တွင် အခမဲ့ကြော်ငြာပေးခြင်း။

MEGA MAIN Real Estate

KNOTE INTERNATIONAL CO.,LTD




*Transportation Services*
- Border Trade (Thailand, China)
- Door to Door
- Local inland Transport

*Freight Services*
- Land (LCL/FCL)
- Sea (LCL/FCL)
- Air (LCL/FCL)
- Land Air/ Land Sea (LCL/ FCL)

*Project Cargo Services*
- Monthly, Quarterly, Yearly contract logistics

*Custom Clearance Services*
- Export/ Import License apply
- Export/ Import Custom Declaration
- Warehouse, Labour, Fork-lift truck, Crane rental
- Loading and Unloading

*Insurance Services*
- Cargo insurance (Land/Sea/Air)

No.54, Room no 608, 5th Floor, Waizayandar Tower, Waizayandar Main Road, Thingangyun Township, Yangon, Myanmar. Closed & Opens Monday to Friday 8:30AM-5PM,
Phone: +959 403 975 218, +959 403 975 240, +959 403 975 296
Email: management@knoteintl.com

REAL ESTATE RANGOON

**RER Com.,Ltd**

ရန်ကုန်မြို့ရှိ
Golden City Condominium, The century Condominium, Brilliance Mansion Condominium, ERC, Red Hill Tower, Emerald Bay Condominium အစရှိသည့် Condo အစုံအပြင် မြို့နယ်စုံ Mini Condo များစွာရှိတာ ကြောင့် လာရောက်လေ့လာဝယ်ယူနိုင်ပါတယ်

**FaceBook Page Name**
Real Estate Rangoon

**To Contact ☎**
**09765416486**

Viber & Call
+959795550835



# မြန်မာ့ရိုးရာ အစားအစာ ထန်းလျက်

မြင့်မြင့်သန်း(ပခုက္ကူ)

## မြန်မာ့ထန်းလျက်

မြန်မာနိုင်ငံတွင် ရှေးပဝေသဏီကတည်းက မြန်မာ့ရိုးရာ အစားအစာမျိုးစုံကို ပိုင်ဆိုင်ထားရှိသည်။ မြန်မာ့ရိုးရာအစားအစာ အများစုသည် အရသာရှိပြီး ကျန်းမာရေးနှင့် ညီညွတ်ကာ ဗီတာမင်များ ကြွယ်ဝစွာပါရှိသည်။ အစားအစာမျိုးစုံအနက်မှ မြန်မာထန်းလျက်သည် နာမည်ကျော်ကြားပြီး အရသာရှိသော ရိုးရာအစားအစာ တစ်ခုဖြစ်ကာ ဒေသခံများသာမက နိုင်ငံခြား ခရီးသွားများမှလည်း တွင်တွင်ကျယ်ကျယ် စားသုံးခဲ့ကြသည်။ ထန်းလျက်သည် ရှေးမြန်မာမင်းများလက်ထက်ကတည်းက လူကြိုက်များသော အစားအစာဖြစ်သည်။ ပုဂံခေတ်မှစ၍ ယနေ့ခေတ်ထိ ခေတ်အဆက်ဆက် နှစ်ခြိုက်စွာ စားသုံးခဲ့ကြသော အစားအစာတစ်မျိုးဖြစ်သည်။

ထန်းလျက်သည် ခန္ဓာကိုယ်အပူငြိမ်းစေသော အစားအစာ တစ်မျိုးဖြစ်ပြီး ယခုလို ပူပြင်းသောရာသီတွင် အမှန်တကယ် စားပေးသင့်သော မြန်မာ့ရိုးရာ အစားအစာတစ်မျိုးဖြစ်သည်။ မြန်မာ့ထန်းလျက်သည် သဘာဝအချိုတစ်မျိုးဖြစ်ပြီး အော်ဂဲနစ် အစားအစာဖြစ်၍ ကျန်းမာရေးအတွက် အထူးဆေးဖက်ဝင်လျက်ရှိသည်။ ထန်းလျက်မှာ အဖြူရောင် ထန်းလျက်ထက် အနီရောင်ရင့်ရင့်ရှိသော ထန်းလျက်မှာ ပိုမိုဆေးဖက်ဝင် အာနိသင်ရှိကြောင်း သိရှိရသည်။ ထန်းလျက်ကို မြန်မာတို့ မီးဖိုချောင်တွင် လေလုံသော ဖန်ပုလင်း၊ ကော်ဘူးများဖြင့်ထည့်၍ စားသုံးကြပြီး ရာသီဥတုပူပြင်းသော နွေရာသီ၌ နေ့ခင်းနေ့လယ်တွင် ရေနွေးကြမ်းဖြင့် တွဲဖက်ပြီး စားသုံးကြသလို ထမင်းစားပြီး အစာပြေရင်ချောင်စေရန် အချိုတည်း၍လည်း သရေစာအဖြစ် စားသုံးကြသည်။ ထန်းလျက်ကို ထန်းပင်မှရရှိသော ထန်းရည်ကို ကျိုချက်သန့်စင်ပြီး ထုတ်လုပ်ခြင်းဖြစ်၍ အာဟာရတန်ဖိုး အလွန်မြင့်မားသည်။ မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်း အထက်အညာဒေသများဖြစ်သည့် ကျောက်ပန်းတောင်း၊ ပုဂံ၊ ညောင်ဦး၊ ရေနံချောင်း၊ ဆိပ်ဖြူ၊ ပခုက္ကူ၊ ရေစကြိုမြို့နယ်အတွင်းရှိ ကျေးလက်ဒေသများတွင် ထန်းလျက် အများဆုံးထွက်ရှိသည်။

ထန်းလျက်ကို သရေစာအဖြစ် စားသုံးကြသလို မြန်မာ့ရိုးရာမုန့်များဖြစ်သော ထန်းသီးမုန့်၊ မုန့်လုံးကြီး၊ မုန့်လက်ဆောင်း၊ မုန့်ကြက်ဥ အပါအဝင် မြန်မာမုန့်အမျိုးအစား ၅၀ ခန့် ထည့်သွင်းအသုံးပြုလျက်ရှိသည့်အပြင် ပြည်တွင်းနေရာ အနှံ့အပြားရှိ Super Market ဆိုင်ကြီးများတွင်လည်း နို့ဒိန်ချဉ်ဘူးများနှင့် တွဲဖက်ပြီး သကြားအစားထိုး ကျန်းမာရေးနှင့် ညီညွတ်သည့် မြန်မာ့ထန်းလျက်ကို ကျိုချက်ပြီး ပူးတွဲ၍ ရောင်းချလျက်ရှိ၍ ပြည်တွင်းသုံးစွဲမှု မြင့်မားလျက်ရှိသည်။

## ထန်းလျက်ပြုလုပ်ပုံနှင့် ဈေးနှုန်းဈေးကွက်

အထက်အညာဒေသများတွင် ထန်းပင်ပေါများစွာ ပေါက်ရောက်ခြင်းဖြစ်၍ အညာဒေသ၏ သင်္ကေတသည်ထန်းပင်ဖြစ်သည်။ ထန်းလျက်ပေါများစွာ ထွက်ရှိသော အညာမြေဖြစ်သည်။ ထန်းပင်မှ တစ်ဆင့် လူတို့သောက်သုံးရာထန်းရည်ကို ရရှိပြီး အရည်မှတစ်ဆင့် ကျိုချက်သန့်စင်၍ ထန်းလျက်အမျိုးမျိုး ထုတ်လုပ်ရောင်းချကြသည်။ ထန်းလျက်ကျိုချက်ရာတွင် ထန်းရည်အနံ့အသက် ကင်းစင်ရန် မကျိုချက်မီ ထန်းရည်အိုးထဲသို့ တည်ခေါက်ထည့်၍ အသုံးပြုကြသည်။ ထန်းလျက်တွင် အမျိုးအစား အမျိုးမျိုးကွဲပြားလျက်ရှိပြီး အဖြူရောင်၊ အညိုရောင်နှစ်မျိုးရှိသည်။ အညိုရောင်ထန်းလျက် ကျိုချက်ရာတွင် သန့်စင်ပြီးထန်းရည်ကို မိုးပြဲဒယ်တွင်ထည့်၍ အပူပေးကာ ဆူပွက်ပြီး အရည်ပျစ်လာသည်အထိ မီးအချိန်အဆပေါ်မူတည်၍ သစ်သားယောင်းမဖြင့် မွှေပေးရသည်။ မွှေရင်း မွှေရင်း သင့်တော်သည့် အနေအထားရောက်ပြီး မွှေချိန်မိနစ် ၂၀ ခန့်အကြာတွင် အိုးကို မီးပူပေါ်က ချပြီး ၁၀ မိနစ်ခန့် ထပ်မံမွှေ၍ ခပ်နွေးနွေး အနေအထားရောက်လျှင် ထန်းလျက်ခဲများကို လိုသလို ပုံစံပြုလုပ်ပြီး ဆန်ကောထဲတွင်ထည့်၍ အရိပ်အောက်တွင် လေသလပ်ထားကြသည်။

ထန်းလျက်အဖြူကျိုချက်ရာတွင် ထန်းရည်ချို၏ အပေါ်ရည်ကို ခပ်ယူပြီး ကျန်ရှိသော အနယ်အနှစ်များကို သေချာသန့်စင်စွာ ကျိုချက်ပြီး ရိုးရိုးထန်းလျက်အပြင် မြေပဲ၊ နှမ်း၊ နို့၊ အုန်း၊ မန်ကျည်း၊ ဆီး၊ ပေါက်ပေါက်ပွင့် အမျိုးမျိုးကို ထန်းလျက်နှင့်ရော၍ ပြုပြင်ရောင်းချလျက်ရှိသည်။

ထန်းလျက်ဈေးကွက်အနေဖြင့် မြန်မာနိုင်ငံ၌ ထန်းလျက်ကို မြို့ပြ ကျေးလတ်ပါမကျန် စားသုံးသူများသည် မြန်မာ့ရိုးရာ အစားအစာ မုန့်မျိုးစုံတွင် ထည့်သွင်း၍အသုံးပြုကြသည်မှာ ဓလေ့တစ်ခုပင်ဖြစ်ပါသည်။ ယခုအခါတွင် ပြည်သူအများသည် ထန်းလျက်သုံးစွဲမှု သိသိသာသာ မြင့်တက်လာခြင်းဖြစ်၍ ပြည်တွင်းသုံးစွဲမှုများခြင်းအပြင် ပြည်ပဝယ်လိုအားကောင်း၍ ထန်းလျက်ဈေးကွက်ရောင်းလိုအား၊ ဝယ်လိုအားကောင်းခြင်းကြောင့် ထန်းလျက်ဈေးနှုန်းမှာလည်း သိသိသာသာ မြင့်တက်လာခြင်းကြောင့် ကျေးလက်နေထန်းလုပ်ငန်းတောင်သူများ အဆင်ပြေလျက်ရှိသည်။ ယခင်ဖြစ်ပေါ်ခဲ့သော ထန်းလျက်ဈေးနှုန်းမှာ ထန်းလျက်အရည်အသွေးလိုက်၍ ထန်းလျက် တစ်ပိဿာလျှင် ၂၀၂၂ ခုနှစ်တွင် ကျပ် ၂၀၀၀-၃၀၀၀၊ ၂၀၂၃ ခုနှစ်တွင် ကျပ် ၃၀၀၀-၅၀၀၀၊ ၂၀၂၄ ခုနှစ်တွင် ကျပ် ၅၀၀၀-၆၀၀၀ ဈေးအသီးသီးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြပြီး ယခု ၂၀၂၅ ခုနှစ်တွင် ထန်းလျက် တစ်ပိဿာလျှင် ကျပ် ၅၀၀၀ မှ ၁၂၀၀၀ ထိ ထန်းလျက်ဈေးနှုန်း သိသိသာသာမြင့်တက်ပြီး အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ဈေးကွက်အနေဖြင့် အထက်အညာဒေသထွက်ကုန် ထန်းလျက်များကို မြန်မာနိုင်ငံဒေသအနှံ့အပြားသို့ ဖြန့်ဖြူးလျက်ရှိပြီး ပြည်ပနိုင်ငံများသို့လည်း ပို့ကုန်အဖြစ် တင်ပို့လျက်ရှိရာ အသင့်စားအချိုမုန့်မျိုးစုံပြုလုပ်မှုအများဆုံးဖြစ်သော တရုတ်နှင့် အိန္ဒိယနိုင်ငံများသို့ တင်ပို့လျက်ရှိပြီး ယခုအချိန်တွင် ထန်းလျက်ဖြင့် ပြုလုပ်သော မြန်မာ့ရိုးရာ အစားအစာ မြန်မာမုန့်များကို စီးပွားရေးလုပ်ငန်းရှင်များမှ ခေတ်မီနည်းစနစ်ဖြင့် ပေါင်းစပ်၍ အထားခံအောင် ပြုလုပ်ပြီး ပြည်ပနိုင်ငံများဖြစ်သည့် စင်ကာပူ၊ အမေရိကန်၊ ဂျပန်နိုင်ငံများရှိ မြန်မာစားသောက်ဆိုင်များသို့လည်း တင်ပို့ရောင်းချလျက်ရှိ၍ ပြည်တွင်းထန်းလျက်ဈေးကွက် သိသိသာသာ မြင့်တက်လျက်ရှိပြီး ပြည်တွင်းထန်းလျက်ဈေးကွက် ခိုင်မာလျက်ရှိသည်။

## ထန်းလျက်စားသုံးခြင်းဖြင့် ရရှိသော ကျန်းမာရေး အကျိုးကျေးဇူးများ

မြန်မာ့ရိုးရာအစားအစာ ထန်းလျက်တွင် ဗီတာမင်နှင့် သတ္တုဓာတ်များ ကြွယ်ဝစွာ ပါရှိခြင်းကြောင့် လူသားအားလုံး၏ ကျန်းမာရေးကို များစွာအထောက်အကူဖြစ်စေသည်။ ထန်းလျက်တွင် ကယ်လိုရီနှင့် ကာဗိုဟိုက်ဒရိတ်၊ သံဓာတ်၊ ကယ်လဆီယမ်၊ မဂ္ဂနီဆီယမ်၊ ပိုတက်ဆီယမ်နှင့် အခြားခန္ဓာကိုယ်အတွက် လိုအပ်သည့် သတ္တုဓာတ်များစွာပါရှိသည်။ ခန္ဓာကိုယ်တွင် ရေဓာတ်ဆုံးရှုံးသည့်အခါ ရေဓာတ်ပြန်ဖြည့်ရန်အတွက် ထန်းလျက်ကို ရေနွေး(သို့မဟုတ်)ရေအေးဖြင့် သောက်ပေးခြင်းဖြင့် ရေဓာတ်ပြည့်ဝစွာ ရရှိစေသည်။ ထန်းလျက်၏ အချိုဓာတ်သည် ခန္ဓာကိုယ်အာဟာရ ပြည့်ဝ၍ အင်အားကို ပြည့်စေပြီး အရိုးနှင့် ကြွက်သားတစ်သျှူးများကိုလည်း သန်မာစေသည်။ ထန်းလျက်တွင်ပါရှိသော ဓာတ်တိုးဆန့်ကျင်ပစ္စည်းများသည် ကင်ဆာဖြစ်စေသည့် အရာများကို တိုက်ဖျက်သည့် ဗင်တာမင် C နှင့် A ကြွယ်ဝစွာ ပါရှိခြင်းကြောင့် ကင်ဆာရောဂါ ဖြစ်နိုင်ခြေကို လျှော့ချစေသည်။ အစာများများစားခြင်း၊ မတည့်သောအစာ စားမိခြင်းဖြစ်ပါက ထန်းလျက်စားပေးခြင်းဖြင့် အစာကြေ၍ ရင်ချောင်စေပြီး ဝမ်းချုပ်ခြင်းကိုလည်း သက်သာစေသည်။ ယခုပူပြင်းသော နွေရာသီအချိန်တွင် ချွေးထွက်များပြီး သွေးကျဲ၍ ခန္ဓာကိုယ်ပင်းပန်းနွမ်းနယ်မောဟိုက်ပါက ထန်းလျက်စားပေးခြင်းဖြင့် သွေးကိုပျစ်စေပြီး အပူဒဏ်ကို ခံနိုင်စေသည်။

ထန်းလျက်တွင် ဓာတ်တိုးဆန့်ကျင် အာနိသင်ပါ၍ ခန္ဓာကိုယ်အတွင်း အဆိပ်အတောက်များကို ဖယ်ရှားစေ၍ ကျန်းမာရေးအတွက် အထောက်အကူဖြစ်စေသည့် အစားအစာဖြစ်သော်လည်း ထန်းလျက်စားသုံးရာတွင် သင့်တင့်မျှတသည့် ပမာဏကိုသာ စားသုံးသင့်သည်။ သို့ဖြစ်ပါ၍ နေရာဒေသမရွေး အလွယ်တကူ ဝယ်ယူရရှိပြီး ကုန်ကျစရိတ် မများသည့် မြန်မာ့ရိုးရာအစားအစာ ထန်းလျက်ကို စားသုံးပေးသင့်ပါသည်။

ထန်းပင်သည် ရာသီမရွေးပေါက်ရောက်ကာ နှစ်ရှည်ခံ အမျိုးအစားဖြစ်ပြီး မြန်မာနိုင်ငံ အလယ်ပိုင်း အထက်အညာဒေသတွင် အများဆုံးတွေ့ရှိရသည်။ ထန်းပင်သည် တစ်ပင်လုံး အသုံးဝင်ပြီး လူသားအားလုံးအတွက် အကျိုးပြုသောအပင်ဖြစ်သည်။ မြန်မာ့ရိုးရာဓလေ့နှင့် လူနေမှုဘဝ မြင့်မားရေးတွင်းလည်း ထန်းပင်သည် တစ်စိတ်တစ်ပိုင်းမှ ပါဝင်လျက်ရှိသည်။ ထန်းပင်မှရသည့် ထန်းလျက်သည် စားသောက်ကုန်မုန့်မျိုးစုံအပြင် တိုင်းရင်းဆေးဝါးများတွင်လည်း ထည့်သွင်းအသုံး ပြုကြသည်။ ယခုအချိန်တွင် ဆေးဖက်ဝင်ထန်းလျက်ကို သကြားအစားထိုး အချိုဓာတ်ပစ္စည်းအဖြစ် တွင်ကျယ်စွာ အသုံးပြုလျက်ရှိသည်။ မြန်မာလူမျိုးများအတွက် ထန်းလျက်သည် အမြဲလိုအပ်လျက် ရှိသည်။ ထန်းပင်မှထွက်သော ပစ္စည်းများဖြင့် တန်ဖိုးမြှင့် ထုတ်ကုန်များအဖြစ် လက်မှုလုပ်ငန်း၊ စားသောက်ကုန်လုပ်ငန်းအမျိုးမျိုး ထုတ်လုပ်လျက်ရှိပြီး ပြည်တွင်း၊ ပြည်ပများမှလည်း ဝယ်ယူအားပေး၍ ဝင်ငွေကောင်းလျက်ရှိသည်။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ထန်းလျက်လုပ်ငန်းရှင်များနှင့် ပူးပေါင်း၍ ထန်းလျက်ခဲကုန်ကြမ်းမှတစ်ဆင့် ကုန်ချောထုတ်လုပ်၍ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ရေး ပြည်တွင်း MSMEs ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဖက်ဖက်မှ အားပေးမြှင့်တင်ဆောင်ရွက်ပြီး ဒေသခံ ထန်းတောင်သူများ၊ ကုန်သည်ပွဲစားများ၊ နည်းပညာရှင်များနှင့်ပူးပေါင်း၍ ဆောင်ရွက်ပါက ထန်းလုပ်ငန်းတိုးတက်၍ နိုင်ငံတော်အတွက် ပြည်ပဝင်ငွေ ရှာဖွေပေးနိုင်ပြီး ထန်းတောင်သူလုပ်သားဘဝ ပိုမိုတိုးတက်လာပြီး ထန်းတက်လုပ်သားများ ဝင်ငွေကောင်း၍ ထန်းတက်လုပ်ငန်းခွင် မြင့်မားခြင်းဖြင့် ကျေးလက်အညာဒေသ မြန်မာ့ရိုးရာထန်းလျက်ထုတ်လုပ်မှု လုပ်ငန်းများလည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ရေးသားတင်ပြအပ်ပါသည်။



# ရတနာကမ်းလွန် သဘာဝဓာတ်ငွေ့စီမံကိန်း တိုးမြှင့်ထုတ်လုပ်ရေး စွမ်းအင်ဝန်ကြီးဌာနနှင့် PTTEP တို့ လက်မှတ်ရေးထိုး

ရတနာကမ်းလွန်စီမံကိန်း သဘာဝဓာတ်ငွေ့မြေတွင် အထွက်နှုန်းကျဆင်းလာခြင်းကို ကုစားနိုင်ရန်အ တွက် တိုးမြှင့်သဘောတူညီချက်ကို စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် PTTEP International Ltd. တို့အကြား မေ ၉ ရက်က လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

နိုင်ငံတော်၏ အားထားရသည့် ကမ်းလွန်စီမံကိန်းတစ်ခုဖြစ်သည့် ရတနာကမ်းလွန် သဘာဝဓာတ်ငွေ့မြေတွင် အထွက်နှုန်းကျဆင်းလာခြင်းကို ကုစားနိုင်ရန်အတွက် စွမ်းအင်ဝန်ကြီးဌာနနှင့် PTTEP International Ltd. တို့ အထွက်နှုန်းတိုးမြှင့်ရေး ပူးပေါင်းဆောင်ရွက်ရန် စီမံဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ တစ်နှစ်အတွင်း စာချုပ်ချုပ်ဆိုနိုင်ခဲ့ခြင်းအပေါ် ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် ပူးပေါင်းဆောင်ရွက်ပေးကြသည့် ဆက်စပ်ဝန်ကြီးဌာနများနှင့် အထူးကြိုးစားဆောင်ရွက်ခဲ့ကြသည့် စွမ်းအင်ဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ PTTEP International Ltd. မှ တာဝန်ရှိသူများကို အထူးကျေးဇူးတင်ရှိကြောင်း စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်ကဆိုသည်။

ယင်းသို့ ချုပ်ဆိုသည့် စာချုပ်အရ ပိုမိုတိုးမြှင့်ထွက်ရှိလာမည့် သဘာဝဓာတ်ငွေ့များကို မြန်မာနိုင်ငံ ပြည်သူများသာမက ထိုင်းနိုင်ငံ ပြည်သူများအနေဖြင့်လည်း မျှဝေသုံးစွဲခွင့် ရရှိမည်ဖြစ်ကြောင်း စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် အတတ်နိုင်ဆုံးဖြည့်ဆည်း၍ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်သစ်စွမ်းအင်ကုမ္ပဏီ Total Energies-TTE နှင့် အမေရိကန်လုပ်ငန်း Chevron တို့မှ ရတနာကမ်းလွန်စီမံကိန်းမှ ထွက်ခွာခဲ့ပြီးနောက် ထိုင်းအစိုးရပိုင်ရေနံကုမ္ပဏီ PTTEP International မှ ပြည်တွင်းတွင် လုပ်ငန်းများ လုပ်ကိုင်နေခြင်းဖြစ်သည်။

# Max Cement က လျှော်ဒဏ်သင့် ဒေသများတွင် ဘိလပ်မြေများကို စက်ရုံတိုက်ရိုက်ဈေးဖြင့် ရောင်းချ

ငလျင်ဒဏ်သင့်ဒေသများရှိ အများပြည်သူများနှင့် သက်ဆိုင်သည့် ဌာနဆိုင်ရာ အဆောက်အအုံများ ပြုပြင်ရန်နှင့် ပြည်သူလူထု၏ တိုက်တာနေအိမ်များ တည်ဆောက်နိုင်ရန်အတွက် Max Cement မှ စက်ရုံတိုက်ရိုက်ဈေးများ သတ်မှတ်ကာ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

အများပြည်သူများနှင့် သက်ဆိုင်သည့် ဌာနဆိုင်ရာ အဆောက်အအုံများ ပြုပြင်တည်ဆောက်ရန်အတွက် ဝယ်ယူပါက တစ်အိတ်လျှင် ကျပ် ၁၇၅၀၀ နှုန်းဖြင့် ရောင်းချပေးလျက်ရှိပြီး ငလျင်ဘေးဒဏ်သင့်ခဲ့သည့် ပြည်သူများအနေဖြင့် မိမိတို့၏ တိုက်တာနေအိမ်များ ပြုပြင်တည်ဆောက်ရန် ဝယ်ယူမည်ဆိုပါက တစ်အိတ်လျှင် ကျပ် ၂၀၀၀၀ ဖြင့် ဝယ်ယူနိုင်မည်ဖြစ်သည်။

ဘိလပ်မြေများအား ပြင်ပဈေးကွက်တွင် စက်ရုံက သတ်မှတ်ပေးထားသည့် ဈေးနှုန်းထက် အဆမတန် ဈေးတင်ပြီး ရောင်းချမှုများမရှိစေရန် စက်ရုံက တိုက်ရိုက်မှာယူနေသည့် ကိုယ်စားလှယ်များကို သတ်မှတ်ဈေးနှုန်းဖြင့် ပြန်လည်ရောင်းချပေးရန် ဝန်ခံကတိ လက်မှတ်ရေးထိုးပြီးမှသာ ဖြန့်ချိပေးခြင်းဖြစ်ကြောင်း သိရသည်။

ငလျင်ဒဏ်သင့်နေရာများ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် Max Cement တောင်ဖီလာဘိလပ်မြေစက်ရုံက နေ့စဉ် တန် ၁၅၀၀ မှ တန် ၁၈၀၀ အထိ ထုတ်လုပ်လျက်ရှိပြီး ရေရှည်ထုတ်လုပ်ဖြန့်ဖြူးနိုင်ရန်လည်း စီမံဆောင်ရွက်ထားပြီးဖြစ်ကြောင်း သိရသည်။

Max Cement တောင်ဖီလာဘိလပ်မြေစက်ရုံမှ နေ့စဉ်ထုတ်လုပ်လျက်ရှိသည့် ဘိလပ်မြေများကို သိုလှောင်ထားခြင်းမရှိဘဲ အမှန်တကယ် လိုအပ်လျက်ရှိသည့် တည်ဆောက်ရေးလုပ်ငန်းခွင်များနှင့် သုံးစွဲသူများလက်ဝယ်သို့ ဖြန့်ခွဲရောင်းချပေးလျက်ရှိကြောင်း ပြောသည်။

နိုင်ငံတော်အနေဖြင့်လည်း ငလျင်ဘေးဒဏ်သင့် ဒေသများတွင် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ အသုံးပြုနိုင်ရန် ပြည်တွင်းရှိ ဘိလပ်မြေစက်ရုံများ စက်စွမ်းအားပြည့်လည်ပတ်နိုင်ရေးနှင့် ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေးအတွက် လိုအပ်သည့် အကူအညီများကို ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



# ပြည်တွင်း စက်သုံးဆီဈေး ကျဆင်းလာ

ပြည်တွင်းစက်သုံးဆီဈေး ပြန်လည်ကျဆင်းလာပြီး တစ်လီတာလျှင် ကျပ် ၃၀၀၀ အောက်သို့ ကျဆင်းလာကြောင်း စက်သုံးဆီအရောင်းဆိုင်များ၏ ဈေးနှုန်းများအရ သိရသည်။

စက်သုံးဆီဈေးမှာ မေ ၃၀ ရက် ရန်ကုန်ဈေးကွက်တွင် လက်လီဈေး အောက်တိန်း 92 Ron တစ်လီတာလျှင် ၂၈၀၅ ကျပ်၊ အောက်တိန်း 95 Ron တစ်လီတာလျှင် ၂၈၆၅ ကျပ်၊ ဒီဇယ် တစ်လီတာ ၂၄၃၅ ကျပ်၊ ပရီမီယံ (Premium) ဒီဇယ် တစ်လီတာလျှင် ၃၀၁၀ ကျပ်ဝန်းကျင်ဖြင့် ဈေးကျဆင်းလာခြင်းဖြစ်သည်။

မန္တလေးမြို့တွင်မူ အောက်တိန်း 92 Ron တစ်လီတာလျှင် ကျပ် ၂၉၂၀၊ အောက်တိန်း 95 Ron တစ်လီတာလျှင် ၂၉၇၅ ကျပ်၊ ဒီဇယ်တစ်လီတာ ၂၅၅၀ ကျပ်၊ ပရီမီယံ (Premium) ဒီဇယ် တစ်လီတာလျှင် ၃၁၂၅ ကျပ်ဝန်းကျင်ဖြင့်လည်းကောင်း၊ နေပြည်တော်တွင် စက်သုံးဆီလက်လီဈေး အောက်တိန်း 92 Ron တစ်လီတာလျှင် ၂၈၈၅ ကျပ်၊ အောက်တိန်း 95 Ron တစ်လီတာလျှင် ၂၉၄၅ ကျပ်၊ ဒီဇယ်တစ်လီတာ ၂၅၁၅ ကျပ်၊ ပရီမီယံ(Premium) ဒီဇယ် တစ်လီတာလျှင် ကျပ် ၃၀၉၀ ဝန်းကျင်ဖြင့် ဈေး ကျဆင်းလာခဲ့ခြင်းဖြစ်သည်။ စင်ကာပူနိုင်ငံ၏ MOPS စက်သုံးဆီဈေးနှုန်းသည် အတတ်အကျမရှိ ပုံမှန်အတိုင်းရှိနေကြောင်း သိရသည်။

လက်ရှိစက်သုံးဆီ အခြေအနေနှင့် ပတ်သက်၍ စက်သုံးဆီ တင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် ပြည်တွင်းစက်သုံးဆီ ဖူလုံမှုရှိစေရန်နှင့် ပြတ်လပ်မှုမရှိစေရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။




ကိုတိုး - စုစည်းသည်

# ရန်ကုန်တိုင်းတွင် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ်နှစ်ခု ခွင့်ပြု

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အလုပ်အကိုင်အခွင့်အလမ်းသစ်များ ဖန်တီးပေးနိုင်မည့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၇၇ သန်းပမာဏရှိ ရင်းနှီးမြှုပ်နှံလုပ်ငန်းသစ်နှစ်ခုကို ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၄/၂၀၂၅) ကြိမ် အစည်းအဝေးတွင် အတည်ပြုပေးခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီသည် စက်မှုကဏ္ဍတွင် ရာခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း နှစ်ခုတို့ကို အတည်ပြုပေးပြီး အတည်ပြုပေးသည့် လုပ်ငန်းများမှာ CMP စနစ်ဖြင့် wearing apparel အမျိုးမျိုးချုပ်လုပ်ခြင်း လုပ်ငန်းနှင့် ပြည်ပသို့ ၂၀ ရာခိုင်နှုန်းတင်ပို့ပြီး ပြည်တွင်း၌ ၈၀ ရာခိုင်နှုန်းရောင်းချမည့် သစ်အခြေခံသော သစ်သားပြားအမျိုးမျိုးနှင့် ပရိဘောဂအမျိုးမျိုး ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းများဖြစ်ကြောင်း သိရသည်။

အဆိုပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်းပမာဏမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၇၇ သန်းဖြစ်ပြီး ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်း ၁၀၀၅ ဦးအတွက် ဖန်တီးပေးနိုင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် အစည်းအဝေးတွင် မတည်ရင်းနှီးငွေ တိုးမြှင့်သည့် ကုမ္ပဏီသုံးခု အပါအဝင် အထွေထွေကိစ္စရပ်များ တင်ပြလာသည့် ကုမ္ပဏီ ၁၂ ခု၏ တင်ပြချက်များကိုလည်း ဆွေးနွေးဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

# “ရေရှည်ခံမယ်ဆိုပြီး စဉ်းစားလိုက်တဲ့အတွက် စတီးလ်နဲ့ မီးဖိုတွေ စပြီးထုတ်လုပ်ခဲ့တာ ဖြစ်ပါတယ်”

## Mingalar Bar(MB) လုပ်ငန်းတည်ထောင်သူ ဦးသူရအောင်နှင့် တွေ့ဆုံမေးမြန်းခြင်း

**မီးဖိုများအား မိရိုးဖလားအတိုင်းထုတ်လုပ်သည့် သံမီးဖို၊ မီးသွေးမီဖိုများဖြင့် အသုံးပြုနေရာမှ ယနေ့ခေတ်တွင် စတီးလ်မီးဖိုများလည်း ဈေးကွက်ထဲ ထိုးဖောက်ဝင်ရောက်လာလျက်ရှိသည်။ ပေါ့ပါးသယ်ယူရလွယ်ကူခြင်း၊ လေဝင်လေထွက်ကောင်းမွန်ခြင်း၊တာရှည်ခံခြင်း၊ လောင်ကျွမ်းအားကောင်းမွန်ခြင်း စသည့် ဂုဏ် သတ္တိများကြောင့် စတီးလ်မီးဖိုများ ဈေးကွက်အခိုင်အမာ ရရှိလာလျက်ရှိသည်။ သို့ဖြစ်ရာ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးများအပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဖြန့်ဖြူးလျက်ရှိပြီး စတီးလ်မီးဖိုများအား ဒီဇိုင်းဆန်းဆန်းဖြင့် ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသည့် Mingalar Bar(MB) လုပ်ငန်းတည်ထောင်သူ ဦးသူရအောင်နှင့် တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြလိုက်ရပါသည်။**

**မီးဖိုတွေကို စတီးလ်နဲ့ စတင်ထုတ်လုပ်ဖြစ်ပုံလေး ရှင်းပြပေးပါဦး။**

ကျွန်တော်တို့ စတင်ထုတ်လုပ်တာကတော့ လွန်ခဲ့တဲ့ ခြောက်နှစ်က စတင်ထုတ်လုပ်ခဲ့တာ ဖြစ်ပါတယ်။ ဒီထုတ်ကုန်ကို စတင်ထုတ်လုပ်ဖို့ စဉ်းစားဖြစ်တာက ကျွန်တော်တို့ဆီမှာက ကျေးလက်နေပြည်သူတွေက များတယ်။ မီးသွေးမီးဖိုတွေ၊ သံမီးဖိုတွေသုံးကြတယ်။ အဲမှာ မီးဖိုကို စတီးလ်နဲ့ထုတ်လုပ်မယ်ဆိုရင်တော့ ခံနိုင်ရည် သုံးဆ မြင့်မားလိမ့်မယ်။ ရေရှည်ခံမယ်ဆိုပြီး စဉ်းစားလိုက်တဲ့အတွက် စတီးလ်နဲ့ မီးဖိုတွေ စပြီးထုတ်လုပ်ခဲ့တာဖြစ်ပါတယ်။ အဲဒီကနေတစ်ဆင့် မီးသွေးသုံးစွဲမှုကလည်း လျှော့ချလို့လည်း မရသေးဘူးဆိုတော့ မီးသွေးကို သုံးတော့သုံးမယ်။ မီးသွေးအသုံးပြုမှု သက်သာတဲ့ မီးဖိုတွေ ထုတ်လုပ်ဖို့အတွက် စဉ်းစားပါတယ်။ အဲဒါကြောင့် မီးဖိုတွေက လောင်ကျွမ်းမှုလည်း အားကောင်းမယ်။ အသုံးလည်းခံတယ်။ လောင်စာသုံးစွဲမှု ၄၀ ရာခိုင်နှုန်းသက်သာအောင် စဉ်းစားပြီးတော့ ထုတ်လုပ် ခဲ့တာဖြစ်ပါတယ်။



**လက်ရှိမှာရော ဈေးကွက်ထိုးဖောက်မှုအခြေအနေ ဘယ်လိုရှိနေပါသလဲ။**

တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေရဲ့ မြို့နယ်တိုင်းမှာ နယ်ကိုယ်စားလှယ်တွေရှိပါတယ်။ အဓိကတော့ ခရိုင်အဆင့် မြို့နယ်လောက်ထိ ဆိုင်ရာ ကိုယ်စားလှယ်တွေရှိပါတယ်။ ရန်ကုန်မြို့မှာဆိုရင်တော့ သက်ဆိုင်ရာ ရှော့ပင်းမောလ်တွေ ဖြစ်တဲ့ စီးတီးမတ် (City Mart)၊ စိန်ဂေဟာတို့မှာလည်း တင်ပါတယ်။ နောက်ပြီး အွန်လိုင်းကနေတစ်ဆင့်လည်း ဖြန့်ဖြူးရောင်းချလျက်ရှိပါတယ်။

**ကုန်ကြမ်းရရှိမှု အခြေအနေလည်း ပြောပြပေးပါဦး။**

ကုန်ကြမ်းရရှိမှုအပိုင်းနဲ့ ပတ်သက်ပြီး လွယ်လွယ်ကူကူ ရရှိမယ်ဆိုရင်တော့ ပိုကောင်းပါတယ်။ ယခင်တုန်းကတော့ ကုန်ကြမ်းကို အိန္ဒိယနိုင်ငံကနေ တင်သွင်းပါတယ်။နောက်ပိုင်းကျတော့ အိန္ဒိယကနေ တင်သွင်းတာ နည်းနည်းခက်တော့ တရုတ်နိုင်ငံကနေ တင်သွင်းပါတယ်။ စတီးလ်တို့ သံတို့ တင်သွင်းရတာကတော့ နည်းနည်းတော့ အခက်အခဲရှိပါတယ်။ ဒါပေမယ့်လုပ်ငန်းရပ်တန့်သွားအောင် ခက်ခဲတာမျိုးလည်း မဟုတ်ပါဘူး။ကျွန်တော်တို့ လုပ်ငန်းဆက်လက်လည်ပတ်နိုင်အောင် တင်သွင်းပါတယ်။ ပြည်တွင်းဈေးကွက်ကနေ ဝယ်ယူတာတွေလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ မီးဖိုတွေထုတ်လုပ်တာမှာ သံမီးဖိုတွေဆိုတာက လက်ဖြစ်တွေလုပ်ကြတာ များပါတယ်။ ဒီဇိုင်းတွေ ဆွဲတာတော့ရှိပေမယ့် နည်းတာပေါ့လေ။ ကျွန်တော်တို့ကျတော့ မီးဖိုဒီဇိုင်းဆွဲခြင်းလုပ်ငန်းကို သေသေချာချာ ဆောင်ရွက်ကြပါတယ်။




**စတီးလ်မီးဖိုက အခြားသော မီးဖိုတွေနဲ့ယှဉ်ရင် ဘယ်လိုမျိုးကွာခြားမှုတွေ ရှိနိုင်ပါသလဲ။**

စတီးလ်မီးဖိုရဲ့ အားသာချက်က ပေါ့ပါးတာပါ။ ဈေးကွက်ထဲမှာရှိတဲ့ မီးဖိုတော်တော်များများက သုံးလေးပိဿာလောက်လေးပါတယ်။ ရန်ကုန်မှာနေတဲ့ သူတော်တော်များများက နေရာကျဉ်းတဲ့အခါကျတော့ မီးဖိုချက်ပြီး ဗီဒိုပေါ် တင်ထားမယ်။စားပွဲအောက်မှာ ထားထားမယ်ဆိုတဲ့အခါကျတော့ မီးဖိုက ပေါ့ပါးနေဖို့လိုအပ်ပါတယ်။ နောက် မီးဖိုက စတီးဖြစ်တဲ့အတွက် ရေးဆေးလို့ရပါတယ်။ မီးဖိုက စတီးဖြစ်တဲ့အတွက် သံချေးလုံးဝမတက်ဘဲနဲ့ သန့်သန့်ရှင်းရှင်း အသုံးပြုလို့ရပါတယ်။ နောက် လေဝင်လေထွက်စနစ်မှာက လေက အောက်ကနေလည်း ဝင်မယ်။ ဘေးကနေလည်း ဝင်မယ်ဆိုတော့ မီးတောက်အား များပါတယ်။ ဆိုလိုတာက အထဲမှာ ထည့်ထားတဲ့မီးသွေးကို အပြည့်အဝ လောင်ကျွမ်းစေတာဖြစ်ပါတယ်။ နောက်ပြီးတော့ မီးတောက်အားလည်း ပိုများတာဖြစ်တဲ့အတွက် လောင်စာအသုံးပြုတာ သက်သာစေပါတယ်။ သာမန် ရိုးရိုးမီးဖိုတစ်လုံးက ထမင်းချက် မိနစ် ၄၀ လောက်ကြာရင် ဒီမီးဖိုက ၂၅ မိနစ်လောက်ဆို ကျက်ပါတယ်။ မီးဖိုရဲ့ ထူးခြားတဲ့ စနစ်ကတော့ Air ချိန်ဘာဆိုတဲ့ စနစ်ပါဝင်ပါတယ်။ လိုအပ်တဲ့ဟာတွေကို အရင်ဆောက်ရပါတယ်။ ပြီးပြီဆိုမှ ကျွန်တော်တို့က မီးဖိုတစ်ခုပြီးမြောက်ဖို့အတွက် အဆင့်ဆင့်လုပ်တာဆိုရင် ၁၈ လလောက် ကြာမြင့်ခဲ့ပါတယ်။ အဓိကတော့ အိမ်သုံးအတွက် နှစ်မျိုးထုတ်လုပ်ထားပါတယ်။ မိသားစုသုံးဖို့ဆိုရင် ဆိုက်သေးထုတ်ပါတယ်။ အဲဒါကတော့ ကျပ် ၅၉၀၀၀ ဖြစ်ပါတယ်။ မိသားစု လေးဦးနဲ့အထက်ဆိုရင်တော့ ကျပ် ၇၅၀၀၀ နဲ့ ရောင်းပေးပါတယ်။ အဓိကကတော့ ဒီမီးဖိုတွေကို အညာဘက်ကနေ မှာယူတယ်။ နောက် ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးကနေလည်း တော်တော်လေး မှာယူကြပါတယ်။

တိပ္ပ

**အသေးစား၊ အလတ်စားလုပ်ငန်းရှင်အနေနဲ့ ကြုံတွေ့ရတဲ့ အခက်အခဲတွေရှိရင် ပြောပြပေးပါဦး။**

ပစ္စည်းကို ထုတ်လုပ်တဲ့နေရာမှာ အခက်အခဲတော့ အများကြီးသိပ်မရှိပါဘူး။ ဒီလိုပဲ ဖြတ်သန်းပြီး ကြိုးစားခဲ့တာဆိုရင် ခြောက်နှစ်တာကာလရောက်ပြီဆိုတော့ လုပ်ငန်းရပ်တည် လည်ပတ်နိုင်တဲ့အခြေ အနေတော့ ရောက်လာပါပြီ။ ဌာနဆိုင်ရာတွေက အကူအညီတွေလည်း ရယူခဲ့တာရှိပါတယ်။ အဓိက အခက်အခဲကတော့ စတီးလ်ပြားရရှိဖို့ပါပဲ။ ပြောချင်တာကတော့ ကိုယ့်လုပ်ငန်းလည်ပတ်နိုင်ဖို့အတွက် ကိုယ်တိုင်ကလည်း ဇွဲရှိရှိကြိုးစားပြီးတော့ ဌာနဆိုင်ရာတွေက အကူအညီတွေလည်း ရယူမယ်ဆိုရင်တော့ အောင်မြင်နိုင်မယ်လို့ ပြောချင်ပါတယ်။ ကျွန်တော်တို့နိုင်ငံတွေမှာက မီးဖိုထုတ်လုပ်တာက သမားရိုးကျ မိရိုးဖလာအတိုင်း ထုတ်လုပ်တာများပါတယ်။ မီးဖိုတွေထုတ်လုပ်မယ်ဆိုရင် အဓိက ဘာကိုစပြီး စဉ်းစားလဲဆိုတော့ ဘယ်နိုင်ငံတွေမှာ မီးဖိုဒီဇိုင်းအသစ်တွေထုတ်လဲ။ ဘယ်နိုင်ငံတွေမှာ လုပ်ငန်းအသစ်တွေ လုပ်ကြသလဲဆိုတာကို စဉ်းစားပါတယ်။ အဓိကထားပြောရရင်တော့ မီးဖိုဒီဇိုင်းအသစ်တွေက အာဖရိကမှာ တော်တော်ပေါပါတယ်။ နောက် အိန္ဒိယက စတီးလ်နဲ့ပတ်သက်ပြီး တော်တော်ဖွံ့ဖြိုးတိုးတက်တယ်ဆိုတော့ အဲဒီကနေလည်း လေ့လာရပါတယ်။ အဲတော့ အင်တာနက်ကနေ တွေ့တဲ့ဟာကို ဒီအတိုင်းသုံးလို့တော့ မရဘူးပေါ့။ စမ်းပြီးတော့ သုံးကြည့်ရတာပေါ့။စ မ်းကြည့်လို့ရပြီဆိုတော့မှ လုပ်ဆောင်တာဖြစ်ပါတယ်။ ပြည်တွင်းထဲမှာ လုပ်နေတဲ့ဟာတွေကို အခြေပြုပြီးတော့မှ အခြားနိုင်ငံတွေမှာ လုပ်နေတဲ့ဟာတွေကို ကိုးကားရတာပေါ့။

**ဖြည့်စွက်ပြောချင်တာများရှိပါသလား။**

ဈေးကွက်မှာ နယ်ဘက်ကို ဖြန့်ဝေတဲ့အပိုင်းရှိပါတယ်။ နောက်တစ်ခုက ပစ္စည်းဆိုတာက ပေါ်ပြူလာဖြစ်မှ ဝယ်ကြတာဆိုတော့ ပေါ်ပြူလာဖြစ်နိုင်မယ့်နေရာတွေ ဝင်ရတာပေါ့။ စီးတီးမတ်တို့ စိန်ဂေဟာတို့လည်း ဝင်ရတာပေါ့။ နယ်တွေကျတော့ အဲမှာဆိုင်သွားမဖွင့်နိုင်တော့ ကိုယ်စားလှယ်တွေကတစ်ဆင့် ဖြန့်ဖြူးပေးလျက်ရှိပါတယ်။ ကျွန်တော်တို့ကတော့ စတီးလ် အခြေပြုလုပ်ငန်းဖြစ်တဲ့အတွက် တပ်ဆင်ထားပုံအရ မီးဖိုထုတ်တယ်။ နောက် စုဗူးတွေလည်း ထုတ်လုပ်ပါတယ်။ နောက်ပိုင်းကျရင်တော့ စတီးလ်ပန်ကန်ပြားတို့၊ စတီးလ်ထမင်းအုပ်တို့လည်း ထုတ်လုပ်ဖြန့်ဖြူးသွားဖို့ရှိပါတယ်။ အခုဟာက အိန္ဒိယ၊ တရုတ်၊ ထိုင်းတို့ကနေ ဝင်လာတဲ့ ပစ္စည်းတွေလည်း ရှိတဲ့အခါကျတော့ ဈေးကွက်အ ခြေအ နေလေးတွေကို စောင့်ကြည့်နေတဲ့သဘောတော့ ရှိပါတယ်။ ဈေးကွက်က လက်ခံတယ်ဆိုရင်တော့ ဆက်လက်ထုတ်လုပ်သွားဖို့ရှိကြောင်း ပြောလိုပါတယ်။

# စားဖိုဆောင်သီးနှံ ကြက်သွန်ဖြူစိုက်ပျိုး တောင်သူဝင်ငွေတိုး

မြင့်မြင့်သန်း(ပခုက္ကူ)

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အဓိကထား၍ လုပ်ကိုင်သည့် စိုက်ပျိုးရေးထွန်းကားရာ နိုင်ငံဖြစ်ပြီး နှစ်စဉ် ဆန်စပါး၊ ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာ၊ ဝါ၊ ပဲမျိုးစုံနှင့် ကုန်စိမ်းသီးနှံများကို နှစ်စဉ် ရာသီအလိုက် စိုက်ပျိုးထုတ်လုပ်ကြပြီး သီးနှံမျိုးစုံအနက် ကုန်စိမ်းသီးနှံ ကြက်သွန်ဖြူကိုလည်း တစ်နိုင်တစ်ပိုင်မှ ဒေသစီးပွား ဖြစ်စိုက်ပျိုးကြသည်။

မြန်မာနိုင်ငံသည် ကြက်သွန်ဖြူကို ရှမ်းပြည်နယ်တွင် အများဆုံးစိုက်ပျိုးပြီး မကွေးတိုင်းဒေသကြီး ယောနယ်ဒေသများဖြစ်သည့် ဆော၊ ကျောက်ထု၊ ပေါက်မြို့များတွင် တစ်ပိုင်တစ်နိုင် စိုက်ပျိုးကြသည်။ ကြက်သွန်ဖြူအပင်သည် ပင်ပျော့ပင်ငယ်တစ်မျိုးဖြစ်ပြီး ရေအလွန်လိုအပ်သော သီးနှံတစ်မျိုးသည်။

အပူအအေး မျှတသော ရာသီဥတုကို ကြိုက်နှစ်သက်သော အပင်ဖြစ်သည်။ မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပေါက်မြို့နယ်သည် နှစ်စဉ် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိကြရာတွင် စားဖိုဆောင်သီးနှံတစ်မျိုးဖြစ်သော ကြက်သွန်ဖြူကို နှစ်စဉ် တစ်နိုင်တစ်ပိုင်စိုက်ပျိုးလျက်ရှိသည်။ ပေါက်မြို့နယ်အတွင်းရှိ မြောက်ဘက်၊ ရှားတော၊ ထန်းတပင်၊ ချောင်းကူးအုပ်စုအတွင်းရှိ ကျေးရွာများနှင့် သီးချောက်၊ ရေကြား၊ လယ်လန်းကျေးရွာများတွင် နှစ်စဉ် စိုက်ဧက ၅၀၀ ခန့် စိုက်ပျိုးကြောင်း၊ ယခုနှစ်တွင် ကြက်သွန်ဖြူမျိုးဥဈေးနှင့် သွင်းအားစုအမျိုးမျိုး ဈေးကြီးမြင့်ခြင်းကြောင့် ဒေသခံတောင်သူများအနေဖြင့် ရင်းနှီးမတည်ငွေများ၍ စိုက်ဧက ၃၅၀ ဧကခန့်သာ စိုက်ပျိုးကြောင်း၊ တောင်သူတစ်ဦးချင်းအနေဖြင့် တစ်ဧကမှ သုညဒသမ ၃ ဧကခန့်သာ တစ်နိုင်တစ်ပိုင် စိုက်ပျိုးကြောင်း သိရှိရသည်။

စိုက်ပျိုးမှုအနေဖြင့် ကြက်သွန်ဖြူသီးနှံသည် အအေးပိုင်းဒေသများတွင် အများဆုံး စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းမှုရှိကြောင်း၊ ဗမာကြက်သွန်ဖြူမျိုးကို အများဆုံးစိုက်ပျိုးကြောင်း၊ စိုက်ပျိုးမြေအနေဖြင့် စပါးခင်းကျွတ် လယ်ကွက်ယာမြေများနှင့် ကျောချောင်းနံဘေးရှိမြေများတွင် ကျင်းဖွဲ့၍ စိုက်ပျိုးကြောင်း၊ စပါးခင်းကျွတ် လယ်မြေများနှင့် ကျောချောင်းနံဘေးရှိ မြေများတွင် အောက်တိုဘာလကုန် နိုဝင်ဘာလဆန်းပိုင်းတွင် စိုက်ပျိုးကြောင်း၊ တောင်သူများအနေဖြင့် စိုက်ပျိုးရာသီ မတူညီကြောင်း၊ ကြက်သွန် ဖြူစိုက်ပင်သက်တမ်းမှာ လေးလခန့်ကြာမြင့်ကြောင်း၊ မတ်လကုန်တွင် ကြက်သွန်ဖြူ လှိုင်လှိုင်တူးဖော်၍ ရိတ်သိမ်းကြောင်း ဒေသခံ တောင်သူတစ်ဦးထံမှ သိရသည်။

စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်အနေဖြင့် ကြက်သွန်ဖြူတစ်ဧက စိုက်ပျိုးလျှင် ကြက်သွန်ဖြူ ပိဿာ၁၅၀ ခန့်ကုန်ကျပြီး တစ်ပိဿာလျှင် ကျပ် ၂၀၀၀၀ ဈေးဖြင့် ဝယ်ယူစိုက်ပျိုးရကြောင်း၊ ရေမြေရာသီဥတုနှင့် ကိုက်ညီသည့် (ဗမာ)ကြက်သွန်ဖြူဥသေးမျိုးကို စိုက်ပျိုးကြောင်း၊ ကြက်သွန်ဖြူဥကိုခွဲ၍ ရရှိသော အမြွှာင့် (အသေး)များကို စိုက်ပျိုးရကြောင်း၊ တောင်သူများအနေဖြင့် စိုက်ပျိုးရာတွင် ထယ်ချောင်းနောက် ဖြူးချခြင်း၊ မြေပြင်သို့ လက်ဖြင့်စိုက်ခြင်းအပြင် စပါးခင်းကျွတ် အငုတ်များကြားတွင် စူးဖြင့်ထိုး၍လည်း စိုက်ပျိုးကြောင်း၊ ကြက်သွန်ဖြူတစ်ပိဿာ စိုက်ပျိုးလျှင် ပျမ်းမျှ အထွက်ပိဿာ ၁၀ ပိဿာမှ ၁၂ ပိဿာခန့်ထွက်ရှိ၍ တစ်ဧက စိုက်ပျိုးလျှင် ပျမ်းမျှ ပိဿာ ၁၅၀၀-၁၇၀၀ ခန့်ထွက်ရှိပြီး၊ တစ်ပိဿာလျှင် သီးနှံအရည်အသွေးလိုက်၍ ကျပ် ၇၀၀၀-၈၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် ဒေသတွင်းနယ်မြေ အခြေအနေအရ လမ်းပန်းဆက်သွယ်ရေး အခက်အခဲဖြစ်၍ သွင်းအားစုအမျိုးမျိုးနှင့် စက်သုံးဆီဈေးမြင့်ခြင်းကြောင့် ကျပ် ၄၅-၅၀သိန်းခန့်ကုန်ကျ၍ ဝင်ငွေမှာ ကျပ် ၁၃၆ သိန်းခန့်ရရှိခြင်းကြောင့် တစ်ဧကစိုက်ပျိုးလျှင် ကျပ် ၉၁ သိန်းခန့် အကျိုးအမြတ်ရရှိကြောင်း သိရှိရသည်။

ဈေးကွက်အနေဖြင့် ယခင် ၂၀၂၄ ခုနှစ်တွင် ကြက်သွန်ဖြူတစ်ပိဿာ လက်ကားဈေး ကျပ် ၁၀၀၀၀၊ လက်လီဈေး ကျပ် ၁၅၀၀၀ မှ ၁၈၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခုနှစ်တွင် ကြက်သွန်ဖြူတစ်ပိဿာလျှင် လက်ကားဈေး ကျပ် ၇၀၀၀-၈၀၀၀ လက်လီဈေး ကျပ် ၁၀၀၀၀- ၁၂၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ပြီး ထွက်ရှိသည့်ကြက်သွန်ဖြူများကို ဒေသတွင်းဝယ်လက် ကုန်သည်များမှတစ်ဆင့် ပခုက္ကူ၊ ကမ္မ၊ မြစ်ခြေမြို့များနှင့် ချောက်၊ ဆိပ်ဖြူ၊ မင်းဘူးမြို့များသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရှိရသည်။ စိုက်တောင်သူများအနေဖြင့် ယခုနှစ်တွင် ပြည်တွင်းကြက်သွန်ဖြူဈေးနှုန်း ယခင်နှစ်ထက် အနည်းငယ် ဈေးကျဆင်းသော်လည်း သီးနှံအထွက် ကောင်းမွန် ခြင်းကြောင့် ယခုနှစ်တွင်လည်း တောင်သူအကျိုးအမြတ်ရရှိကြောင်း၊ ရှားတောကျေးရွာရှိ ကြက်သွန်ဖြူစိုက် တောင်သူတစ်ဦးထံမှသိရှိရသည်။

ပြည်တွင်းဈေးကွက်တွင် ဈေးကောင်းရရှိနေသော ကြက်သွန်ဖြူ သီးနှံသည် စားသုံးသူများအတွက် နေ့စဉ်မပါမဖြစ် မြန်မာတို့၏ မီးဖိုချောင်တွင် အခြေခံစားသောက်ကုန်တစ်မျိုးအဖြစ် သုံးစွဲလျက်ရှိသည့် ဆေးဖက်ဝင် သီးနှံတစ်မျိုးဖြစ်သည်။ နိုင်ငံ့စီးပွားရေးကို တစ်ထောင့်တစ်နေရာမှ အထောက်အပံ့ဖြစ်စေရေးအတွက် ပြည်တွင်းဈေးကွက်တွင် ဈေးကောင်းရရှိနေသည့် ကြက်သွန်ဖြူကို ရေမြေရာသီဥတုနှင့်ကိုက်ညီပြီး သင့်လျော်သော စိုက်ပျိုးမြေရှိသည့် တောင်သူများအနေဖြင့် နှစ်စဉ်မပြတ် တိုးချဲ့စိုက်ပျိုးသင့်ပါကြောင်း ရေးသားသုံးသပ် တင်ပြလိုက်ရပါသည်။

# မအူပင်မြို့နယ်တွင် ကြက်ဥ ဈေးကောင်းရရှိ၍ ဥစားကြက် မွေးသူများပြားလာ

သင်ဇင် (မအူပင်)

ဧရာဝတီတိုင်းအတွင်းရှိမအူပင်မြို့နယ်တွင် လယ်ယာစိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်သူ တောင်သူများ၊ ဒေသဖွံ့ဖြိုး တိုးတက်ရန်အတွက် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်လာသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များလည်းရှိသည်။ မွေးမြူရေးလုပ်ငန်းတွင် ငါးမွေးမြူရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ပြီး တစ်ဖက်တစ်လမ်း ဝင်ငွေပိုမိုရရှိနိုင်ရန်နှင့် ငါးမွေးမြူရာတွင် အထောက်အကူပြုစေရန်အတွက် ကြက်နှင့် ဘဲများကို ငါးကန်များတွင် တွဲဖက်၍ မွေးမြူလာကြသည်။ ထို့သို့ တစ်ပိုင်တစ်နိုင်မှစ၍ စီးပွားဖြစ် မွေးမြူရာတွင် မွေးမြူသည့် တိရစ္ဆာန်အတွက် သင့်လျော်ကောင်းမွန်သည့် မွေးမြူရေးခြံကို တည်ဆောက်ပေးရန်လိုအပ်ပြီး စနစ်တကျ မွေးမြူနိုင်မှသာ ကြက်ဥ/ဘဲဥ အထွက်ကောင်းမွန်မည်ဖြစ်သည်။ ကြက်ခြံများကို ရာသီဥတုဒဏ်ကို ခံနိုင်ရန်အတွက် နေဒဏ်၊ မိုးဒဏ်၊ လေဒဏ်များကို ခံနိုင်သည့် အဆောက်အဦးများ လိုအပ်သည်။ အသားတိုးကြက်မွေးမြူပါက ပြင်ပလူနှင့် အခြားသော သတ္တဝါများ ဝင်ရောက်မှုမရှိစေရန် ကြက်ခြံကို တည်ဆောက်ရမည်ဖြစ်သည်။ ကြက်များအား သဘာဝ လွှတ်ထားခြင်းထက် ခြံလှောင်မွေးမြူခြင်းဖြင့် အစာကျွေးခြင်း၊ ရေတိုက်ခြင်း၊ ဖမ်းယူခြင်း၊ ချိန်တွယ်ခြင်း၊ ရောင်းချခြင်း အစရှိသဖြင့် ကြက်ခြံစီမံခန့်ခွဲမှုများကို ဆောင်ရွက်ရာတွင် ပို၍ လွယ်ကူစေသည်။ တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများမှ ကြက်ဥနှင့် ဘဲဥများ ထွက်ရှိမှုနှင့် ရောင်းအားကောင်းမွန်လာမှုကြောင့် တိုးချဲ့မွေးမြူ လုပ်ကိုင်သူများပြားလာသည်။ ကြက်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ရာတွင် သွင်းအားစုများဖြစ်သည့် အစာနှင့် ဆေးဈေးများ အနည်းငယ်မြင့်တက်လာပြီး



ကြက်ခြံဆောက်လုပ်ရေးစရိတ်လည်း အနည်းငယ်မြင့်တက်လာသည့်အပြင် အထွေထွေကုန်ကျစရိတ်နှင့် လုပ်အားခများ မြင့်တက်လာသောကြောင့် ကြက်ဥဈေးနှုန်းများမြင့် တက်လာခြင်းဖြစ်ကြောင်း သိရသည်။

ဥစားကြက်များကို အကောင် ၁၀၀ လျှင် ငွေကျပ် ၃၀၀၀၀၀ နှုန်းဖြင့် ဝယ်ယူမွေးမြူရကြောင်း သိရသည်။ ယခင်ကဆိုလျှင် ငွေကျပ် ၂၅၀၀၀၀ ဖြင့် ဝယ်ယူမွေးမြူရသည်။ ဥစားကြက်များ ၁၆ ပတ်သား တစ်ကောင်လျှင် လက်ရှိဈေးနှုန်း ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ဝယ်ယူမွေးမြူရသည်။ ကြက်အကောင်ရေတိုးပွားရန် ကြက်သားဖောက်၍ မွေးမြူကြောင်းနှင့် ကြက်အကောင်ပေါက် ပြန်လည်ရောင်းချခြင်းများလည်းရှိကြောင်း ကြက်ခြံလုပ်ငန်းရှင်ထံမှ သိရသည်။

ကြက်ဥနှင့် ဘဲဥကို ဟင်းလျာအဖြစ် စားသုံးနေကြပြီး စားသောက်ကုန်လုပ်ငန်းများတွင်လည်း အသုံးပြုကြသည်။ အသားငါးဈေးများနှင့်အတူ ကြက်ဥနှင့် ဘဲဥဈေးများလည်း မြင့်တက်လာသဖြင့် ၂၀၂၄ခုနှစ် အောက်တိုဘာလမှစ၍ စားသုံးသူများ သက်သာသော ဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်ရန် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၏ လမ်းညွှန်မှုဖြင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ ဦးဆောင်၍ မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ကြက်ခြံ/ဘဲ ခြံမွေးမြူရေးလုပ်ငန်းရှင်များ၊ အရောင်းဒိုင်များပူးပေါင်း၍ ကြက်ဥတစ်လုံးလျှင် ကျပ် ၃၅၀၊ ဘဲဥတစ်လုံးလျှင် ကျပ် ၅၀၀ နှုန်းဖြင့် ပြည်သူများ လက်ဝယ်အရောက် နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ရောင်းချလာမှုအနေဖြင့် မအူပင်ခရိုင်အတွင်းရှိ (မအူပင်၊ ပန်းတနော်၊ ညောင်တုန်း၊ ဓနုဖြူ) တွင် တနင်္လာနေ့မှ သောကြာနေ့အထိ တစ်ရက်လျှင် ကြက်ဥအလုံးရေ ၂၅၅၀၀ နှင့် ဘဲဥအလုံးရေ ၂၅၀၀ ကို ပုံမှန်ရောင်းချပေးနေကြောင်း သိရသည်။ အခြားသော ကြက်သား၊ ငါးနှင့် ဆီများကိုလည်း ရောင်းချပေးနေပြီး စားသုံးသူရေးရာဦးစီးဌာနမှ နေ့စဉ်ရောင်းချမှု ပိဿာနှင့် ကြက်ဥ၊ ဘဲဥ အလုံးရေစာရင်းများကို ကြီးကြပ် ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မအူပင်ခရိုင်သည် စိုက်ပျိုးရေးကို အဓိကထားစိုက်ပျိုးသလို မွေးမြူရေးလုပ်ငန်းများလည်း လုပ်ကိုင်လျက်ရှိရာ မွေးမြူရေခြံမှ ထွက်ရှိသော ငါး၊ ကြက်ဥနှင့် ဘဲဥများကို ရန်ကုန်သို့ အဓိကထား တင်ပို့ရောင်းချနေကြောင်း သိရသည်။ မအူပင်မြို့နယ်အတွင်း ကြက်ခြံမွေးမြူရေးလုပ်ငန်းကို ၂၀၁၅ ခုနှစ်က စတင်လုပ်ကိုင် ဆောင်ရွက်လာကြသည်။ မအူပင်မြို့နယ်တွင် ဥစားကြက်ခြံ ၁၇၁ ခြံရှိပြီး အကောင်ရေ ၉၀၅၀၀၀ ဥစားကြက်ခြံပိုင်ရှင် ၂၂ဦး နှင့် အသားစား ကြက်ခြံ ၁၂၅ ခြံရှိပြီး မွေးမြူအကောင်ရေ ၅၈၀၀၀၀ မွေးမြူသူလုပ်ငန်းရှင် ၃၇ ဦးရှိကြပြီး ၎င်းခြံများမှ ကြက်ဥ၊ ဘဲဥများကို မြို့နယ်တွင်းရှိ လက်ကားဒိုင်များသို့ ရောင်းချခြင်းနှင့် နီးစပ်ရာမြို့များနှင့် ရန်ကုန်ဈေးကွက်သို့ တင်ပို့ကြောင်း သိရသည်။

မအူပင်မြို့နယ်၌ ဧပြီနောက်ဆုံးပတ်တွင် ကြက်ဥအလုံး ၃၀ ပါ တစ်ကတ်လျှင် ငွေကျပ် ၁၃၅၀၀ ဘဲဥဈေး အလုံး ၃၀ ပါ တစ်ကတ်လျှင် ကျပ် ၁၅၉၀၀၊ လက်လီဈေးအနေဖြင့် ကြက်ဥတစ်လုံးလျှင် ကျပ် ၅၀၀၊ ဘဲဥ တစ်လုံးလျှင် ကျပ် ၆၀၀ဖြင့် အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း သိရသည်။

မအူပင်မြို့နယ်မှ မွေးမြူထွက်ရှိသော ကြက်ဥ၊ ဘဲဥများကို မွေးမြူရေးခြံလုပ်ငန်းပိုင်ရှင်များက တစ်ပတ်လျှင် ခြောက်ဘီးကား တစ်စီးဖြင့် ရန်ကုန်သို့ တင်ပို့လျက်ရှိကြောင်း ကြက်ဥ၊ ဘဲဥများဈေး ကောင်းရလာသည့်အတွက် မွေးမြူရေးလုပ်ငန်းရှင်များ၊ ကြက်ခြံပိုင်ရှင်များ တွက်ခြေကိုက်ကြောင်း သိရသည်။

# ထိုင်းနိုင်ငံအနေဖြင့် ၂၀၂၅ ခုနှစ် ပထမ သုံးလပတ်အတွင်း ပြည်ပဆန်တင်ပို့မှု ၃၀ ရာခိုင်နှုန်း ကျဆင်းလျက်ရှိ

ထိုင်းနိုင်ငံ၏ ဆန်တင်ပို့မှုသည် ယခုနှစ် ပထမသုံးလပတ်တွင် မက်ထရစ်တန် ၂ဒသမ၁ သန်းအထိရှိပြီး ယခင်နှစ်များနှင့် နှိုင်းယှဉ်ပါက ၃၀ ရာခိုင်နှုန်း ကျဆင်းသွားခဲ့ကြောင်း ထိုင်းနိုင်ငံ စက်မှုအသင်းမှ ပြောကြားခဲ့သည်။

ထိုင်းဆန်တင်ပို့သူများအသင်း၏ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ Chookiat Ophaswongse က အိန္ဒိယနိုင်ငံသည် ဆန်ဖြူတင်ပို့မှု ပြန်လည်စတင်ခြင်း၊ အဓိကဆန်တင်သွင်းသည့် အင်ဒိုနီးရှားနိုင်ငံသည် ဆန်တင်သွင်းမှုဆိုင်ရာ အမှာစာများကို ခေတ္တဆိုင်းငံ့ထားခြင်းနှင့် အခြားနိုင်ငံများ၏ ဝယ်ယူမှုနှောင့်နှေးခြင်းတို့ကြောင့် ယခုကဲ့သို့ ထိုင်းဆန်တင်ပို့မှု ကျဆင်းသွားရခြင်းဖြစ်သည်ဟု ဆို သည်။

ထိုင်း ဆန်ဖြူတင်ပို့မှုပမာဏ ၅၃ ရာခိုင်နှုန်း ကျဆင်းသွားခဲ့သော်လည်း ထိုင်း jasmine ဆန် နှင့် parboiled ဆန်များ တင်ပို့မှုမှာ တိုးတက်မှုရှိခဲ့သည်။ ယခုနှစ်တွင် ဆန်အဓိက တင်သွင်းနိုင်ငံဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံသည် ဆန်တန်ချိန် တစ် သန်းအောက် တင်သွင်းရန် မျှော်မှန်းထားပြီး ယခုနှစ် နှောင်းပိုင်းတွင် တင်သွင်းမှု ပြန်လည်စတင်နိုင်ဖွယ်ရှိကြောင်း သိရသည်။ ထိုင်းနိုင်ငံသည် ယခင်နှစ်က ဘတ်ငွေ ၂၂၅ ဒသမ ၆၅ ဘီလီယံတန်ဖိုးရှိ ဆန် တန်ချိန် ၉ဒသမ၉၄ သန်းကို တင်ပို့ခဲ့ပြီး တင်ပို့မှု ပမာဏအရ အမေရိကန်နိုင်ငံသည် ထိုင်းနိုင်ငံ၏ တတိယအကြီးဆုံးဈေးကွက်ဖြစ်ခဲ့သည်။

ထို့ကြောင့် မစ္စတာ Chookiat သည် ထိုင်းကုန်ပစ္စည်းများအပေါ် တင်သွင်းအခွန်ကို ယခင်သုည ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းသို့ တိုးမြှင့်ကောက်ခံသည့် အမေရိကန်သမ္မတ Donald Trump ၏ မူဝါဒကို အနီးကပ် စောင့်ကြည့်ရန် အရေးကြီးကြောင်း အလေးပေး ပြောကြားခဲ့သည်။ အပြန်အလှန်အကောက်ခွန် ၃၆ ရာခိုင်နှုန်း ပြဋ္ဌာန်းရန် ရက် ၉၀ ကြာ ကြန့်ကြာမှုကြောင့် ပထမသုံးလပတ်တွင် ထိုင်း jasmine ဆန်ဝယ်လိုအား ပိုမိုတိုးမြှင့်လာစေပြီး တန်ချိန် ၂၀၀၀၀၀ ကျော် တင်ပို့နိုင်ခဲ့သည်။

ထိုင်း Jasmine ဆန်၏ အကြီးဆုံးဈေးကွက်ဖြစ်သည့် အမေရိကန်နိုင်ငံအနေဖြင့် တင်သွင်းအခွန် စည်းကြပ်မှုအား ၂၀ မှ ၂၅ ရာခိုင်နှုန်းအထိ တိုးမြှင့်ကောက်ခံမည်ဆိုပါက ထိုင်း jasmine ဆန်တင်ပို့မှုအပေါ် များစွာ ထိခိုက်စေနိုင်သည်ဟု Mr. Chookiat က ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံသည် အခွန် ၂၅ ရာခိုင်နှုန်း စည်းကြပ်မည်ဆိုပါက တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၀၀၀ ဝန်းကျင်ရှိသော Jasmine

## မြိတ်ကုန်သွယ်ရေးစခန်း

ဆန်၏ လက်ရှိပို့ကုန်ဈေးနှုန်းသည် အမေရိကန်ဒေါ်လာ ၁၂၅၀ ဝန်းကျင်အထိ မြင့်တက်လာနိုင်သည်ဟု Mr.Chookiat က ပြောသည်။ ထိုကဲ့သို့ ဈေးနှုန်းမြင့်တက်ခြင်းကို အမေရိကန် စားသုံးသူများက လက်ခံခြင်းမပြုပါက ထိုင်းနိုင်ငံ၏ ဆန်တင်ပို့မှု များစွာလျော့နည်းဖွယ်ရှိသည်ဟု အသင်းအဖွဲ့မှ ပြောကြားခဲ့သည်။

လွန်ခဲ့သည့်နှစ်တွင် ထိုင်းနိုင်ငံမှ အမေရိကန်နိုင်ငံသို့ ဆန်တန်ချိန် ၈၃၀၀၀၀ တင်ပို့ခဲ့ပြီး jasmine ဆန်တန်ချိန် ၆၃၀၀၀၀ နှင့် ထိုင်းဆန်မွှေး တန်ချိန် ၁၂၀၀၀၀ တို့ပါဝင်သည်။ ထိုင်းနိုင်ငံသည် နှစ်စဉ် ကမ္ဘာ့ဈေးကွက်သို့ jasmine ဆန်တန်ချိန် ၁ ဒသမ ၃ မှ ၁ ဒသမ ၄ သန်း တင်ပို့ခဲ့သည်။

ပထမသုံးလပတ်တွင် ဗီယက်နမ်နိုင်ငံသည် ဆန်တင်ပို့မှု စုစုပေါင်းတန်ချိန် ၂ ဒသမ ၃ သန်းဖြင့် ထိုင်းနိုင်ငံ၏ ဆန်တင်ပို့မှုထက် ပိုမိုခဲ့သည်။ အကယ်၍ ထိုင်းသည် အမေရိကန်ရှိ jasmine ဆန်ဈေးကွက်ဝေစုကို ဆုံးရှုံးသွားပါက ကမ္ဘာပေါ်ရှိ ဒုတိယအကြီးဆုံး ဆန်တင်ပို့သူနိုင်ငံအဖြစ်မှ တတိယနေရာသို့ ကျဆင်းနိုင်ခြေရှိသည်။

စိန်ခေါ်မှုများ ရှိနေသော်လည်း အသင်းအနေဖြင့် ၂၀၂၅ ခုနှစ်အတွက် ပို့ကုန်တန်ချိန် ၇ ဒသမ ၅ သန်းကို ဆက်လက်လျာထားပြီး ဤလျာထားချက်ကို နှစ်လယ်ပိုင်းတွင် ပြန်လည်အကဲဖြတ်ရန် စီစဉ်ထားသည်။

နောက်ထပ်စိုးရိမ်စရာမှာ ထိုင်းနိုင်ငံ၏ ကမ္ဘာလုံးဆိုင်ရာ ယှဉ်ပြိုင်နိုင်စွမ်းကို ထိခိုက်စေသည့် ဘတ်ငွေ၏ မတည်ငြိမ်သော ငွေလဲနှုန်းဖြစ်သည်။ ထိုင်းဆန် ပို့ကုန်ဈေးနှုန်းကို အခြားနိုင်ငံများနှင့် နှိုင်းယှဉ်လေ့လာမည်ဆိုပါက လက်ရှိတွင် ထိုင်း ၁၅ ရာခိုင်နှုန်း ဆန်ဖြူအတွက် တင်ပို့ဈေးနှုန်းမှာ တစ်တန်လျှင် ဒေါ်လာ ၄၀၀ မှ ၄၀၅ ခန့်ရှိပြီး ဗီယက်နမ်နိုင်ငံတွင် ဒေါ်လာ ၃၈၅ နှင့် အိန္ဒိယနိုင်ငံတွင် ဒေါ်လာ ၃၆၅ ရှိသဖြင့် ထိုင်းပို့ကုန်ဆန်ဈေး ပိုမိုများနေသည်ကို တွေ့ရမည်ဖြစ်သည်။

တရုတ်သင်္ဘောများ ပို့ဆောင်သည့် ကုန်စည်များအပေါ် အခွန်စည်းကြပ်မှုနှင့်ပတ်သက်၍ အမေရိကန်နိုင်ငံ၏ ကြေညာချက်သည် ထိုင်းဆန်တင်ပို့မှုကုန်ကျစရိတ် တစ်တန်လျှင် ၆ ဒေါ်လာ ထပ်တိုးလာနိုင်ကြောင်းနှင့် ဤမူဝါဒသည် အောက်တိုဘာလတွင် အကျုံးဝင်လာမည်ဖြစ်ကြောင်း အသင်းဥက္ကဋ္ဌ Charoen Laothammatas က ပြောကြားခဲ့သည်။

**Source: Bangkok Post**

# ဈေးနှုန်းကျဆင်းလာမှုအရ စားအုန်းဆီကို အိန္ဒိယကုန်သည်များ တိုးမြှင့်ဝယ်ယူ

အိန္ဒိယနိုင်ငံအနေဖြင့် စားအုန်းဆီကို ငါးလကြာမျှ တင်သွင်းမှု လျှော့ချခဲ့ရာမှ ယခုအခါ စားအုန်းဆီဈေးနှုန်းများသည် ပြိုင်ဘက်ပဲပုပ်ဆီ၏ ဈေးနှုန်းအောက်သို့ ကျဆင်းလျက်ရှိရာ စားသုံးဆီ ပြန်လည်သန့်စင်ပြုပြင်သည့် လုပ်ငန်းများ၏ ကုန်စည်သိုလှောင်ဖြည့်တင်းရန် အဝယ်အမှာစာများ ပေးပို့မှုကို တွန်းအားဖြစ်ပေါ်စေပြီး စားအုန်းဆီဝယ်ယူမှုမှာ စတင်၍ မြင့်တက်လာသည်ဟု ကုန်သည်လုပ်ငန်းရှင်လေးဦးက ရိုက်တာသတင်းဌာနသို့ ပြောကြားခဲ့သည်။

ကမ္ဘာ့အကြီးဆုံး စားအုန်းဆီ တင်သွင်းသူဖြစ်သော အိန္ဒိယနိုင်ငံ၏ ဝယ်ယူမှု မြင့်တက်လာခြင်းသည် ၂၀၂၅ ခုနှစ်အတွင်း ၁၀ရာခိုင်နှုန်းခန့်ဈေးနှုန်းကျဆင်းနေခဲ့သည့် မလေးရှားစားအုန်းဆီ ကြိုတင်ရောင်းချမှု စံပြုဈေးနှုန်း မြင့်တက်မှုကို အထောက်အပံ့ပြုလိမ့်မည်ဖြစ်သည်။ စားအုန်းဆီ ဈေးနှုန်းများသည် အဆမတန် မြင့်မားနေမှုအရ အိန္ဒိယအနေဖြင့် ဝယ်ယူတင်သွင်းမှုကို လျှော့ချခဲ့ခြင်းဖြစ်ကြောင်း၊ သို့သော် ယခုအခါ ပဲပုပ်ဆီထက် ဈေးနှုန်းသက်သာလာသဖြင့် ဆီပြန်လည် သန့်စင်ပြုပြင်သူများသည် ပိုမိုမှာယူလာကြကြောင်းဖြင့် Sunvin Group ဟင်းသီးဟင်းရွက်ဆီ ကုမ္ပဏီမှ အမှုဆောင်အရာရှိချုပ် Sandeep Bajoria က ပြောဆိုခဲ့သည်။


ဆီကုန်သည်များ၏ ပြောကြားချက်အရ လက်ရှိကာလတွင် အိန္ဒိယဆိပ်ကမ်းသို့ ၂၀၂၅ ခုနှစ် မေလအရောက် တင်သွင်းမည့် သင်္ဘောတင်စရိတ်၊ အာမခံကြေးနှင့် သယ်ယူပို့ဆောင်ခများ ပါဝင်ပြီးဖြစ်သော စားအုန်းဆီကြမ်း (Crude palm oil - CPO) တစ်တန်၏ ဆိပ်ကမ်းအရောက် CIF ဈေးနှုန်းသည် ဒေါ်လာ ၁၀၅၀ ခန့်ရှိပြီး ပဲပုပ်ဆီကြမ်းတစ်တန်၏ အလားတူ CIF ဈေးနှုန်းမှာမူ ဒေါ်လာ ၁၁၀၀ ခန့်ရှိကြောင်း သိရှိရသည်။

စားအုန်းဆီသည် ပဲပုပ်ဆီထက် ဒေါ်လာ ၁၀၀ ခန့် ပိုမိုလျက် ပရီမီယံဈေးနှုန်းအဆင့်သို့ ရောက်ရှိနေခဲ့သည့် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလမှစတင်၍ အိန္ဒိယဝယ်လက်များ အနေဖြင့် ဝယ်ယူမှုကို လျှော့ချထားခဲ့ခြင်းဖြစ်သည်။ အိန္ဒိယ၏ စားအုန်းဆီ တင်သွင်းမှုမှာ ဒီဇင်ဘာလမှ မတ်လအတွင်း တန်ချိန် ၁ ဒသမ ၅၇ သန်းခန့်ရှိပြီး ဧပြီလတွင် တန်ချိန် ၃၅၀၀၀၀ ခန့် တင်သွင်းဖွယ်ရှိရာ အဆိုပါငါးလအတွက် လစဉ်ပျမ်းမျှ တင်သွင်းမှုပမာဏမှာ ၃၈၄၇၁၂ တန်ခန့် ရှိမည်ဖြစ်သည်။

အိန္ဒိယ စားသုံးဆီကြိတ်ခွဲထုတ်လုပ်သူများအသင်း၏ အဆိုအရ ၂၀၂၄ ခုနှစ် အောက်တိုဘာလတွင် ကုန်ဆုံးသော ဈေးကွက် ရာသီနှစ်အတွင်း အိန္ဒိယနိုင်ငံ၏ လစဉ်ပျမ်းမျှ စားအုန်းဆီ တင်သွင်းမှုမှာ တန်ချိန် ၇၅၀၀၀၀ ခန့်ရှိကြောင်း သိရသည်။ အဆိုပါအသင်းအနေဖြင့် ဧပြီလအတွက် တင်သွင်းမှုအစီရင်ခံစာကို လာမည့် မေလ လလယ်ပိုင်း၌ ထုတ်ပြန်မည်ဖြစ်သည်။

အိန္ဒိယ၏ စားအုန်းဆီ တင်သွင်းမှုသည် မေလတွင် တန်ချိန် ၅၀၀၀၀၀ ခန့်နှင့် ဇွန်လတွင် တန်ချိန် ၆၀၀၀၀၀ ကို ကျော်လွန်နိုင်ကြောင်း၊ ဇူလိုင်လမှ စက်တင်ဘာလအတွင်း လစဉ်ပျမ်းမျှ တန်ချိန် ၇၀၀၀၀၀ ခန့်ကို တင်သွင်းဖွယ်ရှိကြောင်း ကုန်သည်များက ပြောဆိုထားသည်။ စားသုံးဆီ ကုန်သွယ်ရောင်းဝယ်ရေးလုပ်ငန်းတစ်ခုဖြစ်သော GGN Research မှ မိတ်ဖက်စီမံခန့်ခွဲသူ Rajesh Patel က လွန်ခဲ့သော ငါးလတာအတွင်း ပုံမှန်အောက် လျှော့ချတင်သွင်းခဲ့မှုကြောင့် အိန္ဒိယ၏ စားသုံးဆီ သိုလှောင်မှု လက်ကျန်ပမာဏမှာ လျော့ကျလျက်ရှိကြောင်း၊ သို့ဖြစ်ရာ ဆီသန့်စင်မှု လုပ်ငန်းများအနေဖြင့် ယခုအချိန်တွင် ပိုမိုတိုးမြှင့်တင်သွင်းရန် လိုအပ်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

**Source: Reuters, UNAL, DOCA**





# ပြည်ပသို့ ဆန်တင်ပို့ရန် အင်ဒိုနီးရှားသမ္မတ ခွင့်ပြု

စားနပ်ရိက္ခာလိုအပ်ချက်အရ နိုင်ငံတကာမှ အကူအညီ တောင်းခံလာပါက ပြည်တွင်း၌ ဆန်ပိုလျှံမှုအပေါ် မူတည်၍ လူသားချင်းစာနာထောက်ထားမှုအဖြစ် အကျိုးအမြတ်များစွာ ရယူခြင်းမရှိဘဲ အခြေခံထုတ်လုပ်မှုစရိတ်၊ သယ်ယူပို့ဆောင်မှုစရိတ်နှင့် ကိုင်တွယ်ထိန်းသိမ်းမှုစရိတ်များကာမိသည့်နှုန်းထားဖြင့် ဆန်တင်ပို့ခြင်းကို ခွင့်ပြုမည်ဟု အင်ဒိုနီးရှားသမ္မတ Prabowo Subianto က ဆူမားတြားတောင်ပိုင်းဒေသသို့ သွားရောက်သည့် ခရီးစဉ်အတွင်း ဧပြီ ၂၃ ရက်နေ့တွင် ပြောကြားခဲ့သည်။

မလေးရှားနိုင်ငံ၏ ဆန်ရောင်းချပေးရန် တောင်းဆိုမှုအပေါ် ပြည်တွင်းစားနပ်ရိက္ခာဖူလုံမှုကိုသာ အလေးပေးဆောင်ရွက်မည်ဟု အင်ဒိုနီးရှား စိုက်ပျိုးရေးဝန်ကြီး Andi Amran Sulaiman က ငြင်းပယ်ခဲ့အပြီး အင်ဒိုနီးရှားသမ္မတက ယခုကဲ့သို့ ဆန်တင်ပို့ရန် ခွင့်ပြုခဲ့ခြင်းဖြစ်သည်။

အချို့သောနိုင်ငံများသည် အင်ဒိုနီးရှားထံမှ ဆန်များကို ဝယ်ယူလိုသည်ဟု စိုက်ပျိုးရေးဝန်ကြီးနှင့် စားနပ်ရိက္ခာရေးရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးတို့က ၎င်းထံ သတင်းပို့တင်ပြလာကြောင်း၊ သို့ဖြစ်ရာ ဆန်တင်ပို့ရန်အတွက် အတည်ပြုခွင့်ပြုမိန့် ချမှတ်ပေးခဲ့ကြောင်း၊ အင်ဒိုနီးရှား၏ ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှုမှာ လွန်ခဲ့သော လေးလတာအတွင်း စံချိန်တင် မြင့်တက်ခဲ့ကြောင်း၊ သို့ရာတွင် အစိုးရ၏ သိုလှောင်ရုံများမှာ အပြည့်အဝ သိုလှောင်ထားရှိနှင့်ပြီးဖြစ်၍ ပိုလျှံသော ဆန်များသည် သိုလှောင်ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ စိန်ခေါ်မှုအသစ်တစ်ရပ် ဖြစ်ပေါ်လာခဲ့ကြောင်းဖြင့် သမ္မတ Mr. Prabowo က ပြောဆိုခဲ့သည်။

**Source: Asia News Network**
**UNAL, DOCA**



## ယှဉ်ပြိုင်နိုင်စွမ်း မြင့်တက်လာစေရေးအတွက် နိုင်ငံခြားသား စီးပွားရေးလုပ်ငန်းဆိုင်ရာဥပဒေ ပြင်ဆင် ဖြေလျှော့ရေး ထိုင်းနိုင်ငံ အတည်ပြု

ထိုင်းအစိုးရ သည် ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာစေရေး၊ ရင်းနှီးမြှုပ်နှံသူများ ပိုမိုအဆင်ပြေစွာ ဆောင်ရွက် နိုင်သည့် နိုင်ငံဖြစ်စေရေးအတွက် နိုင်ငံခြားသား စီးပွားရေး လုပ်ငန်းများဆိုင်ရာ ဥပဒေတွင်ပါရှိသည့် အချို့စည်းမျဉ်းစည်းကမ်း ကန့်သတ်ချက်များကို ပြင်ဆင်ဖြေလျှော့ရန် မူအားဖြင့် သဘောတူထားပြီးဖြစ်သည်။ ထိုင်းနိုင်ငံ ဥပဒေပြုပြင်ရေးကော်မရှင်သည် လက်ရှိပြောင်းလဲလာသည့် စီးပွားရေးအခြေအနေများနှင့် လိုက် လျော ညီထွေမှုရှိစေရေးအတွက် ထိုင်းစီးပွားရေးလုပ်ငန်းရှင်များကို အလွန်အမင်း ကာကွယ်ထားသည့် သက်တမ်းအားဖြင့် ၂၅ နှစ်ရှိသည့် အဆိုပါဥပဒေကို ပြုပြင်သင့်ကြောင်း အကြံပြုထားပြီးဖြစ်သည်။

ထို့ပြင် ဘဏ္ဍာရေးဝန်ကြီးဌာနက ထိုင်းနိုင်ငံတွင် နိုင်ငံခြားသားများ လုပ်ကိုင်ခွင့်ပြုသည့် လုပ်ငန်းအမျိုးအစားများနှင့် ထိုင်းလူမျိုးများ ကိုင်ဆောင်ထားရမည့် အစုရှယ်ယာ အချိုးအစားများအပေါ် ကန့်သတ်ထားသည့် ဥပဒေကို ပြန်လည်ပြင်ဆင်ရန် လိုအပ်ကြောင်း အကြံပြုတင်ပြထားသည်။

အကြံပြုချက်များအရ ထိုင်းအစိုးရအဖွဲ့သည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေသည့် စည်းမျဉ်းစည်းကမ်းများကို ဖယ်ရှား၍ ပြင်ဆင်ချက်မူကြမ်းရေးဆွဲရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ ဧပြီ ၂၂ ရက်က ညွှန်ကြားခဲ့သည်။

ထိုပြင်ဆင်မှုမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့် နည်းပညာအသစ်အဆန်းများ ရရှိလာမည်ဖြစ်ပြီး ထိုင်းနိုင်ငံ၏ စွန့်ဦးတီထွင်သူများ၊ လုပ်ငန်းအသစ်များ တိုးပွားလာစေရေးအတွက် အရေးကြီးကြောင်းကို အစိုးရ ပြောရေးဆိုခွင့်ရှိသူ Karom Polpornklang က ပြောကြားခဲ့သည်။

အနာဂတ် စီးပွားရေးနှင့် စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေသည့် မည်သည့် စည်းမျဉ်း ထုတ်ပြန်မှုမဆို ပြည်တွင်းအသားတင်ထုတ်ကုန် (GDP) အတွက် အလားအလာရှိသည့် အဓိက ပံ့ပိုးမှုဖြစ်သည်ဟု ကော်မရှင်က သုံးသပ်ထားခြင်းကြောင့် ပြင်ဆင်လိုခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထိုကဲ့သို့ ဥပဒေပြင်ဆင်ရန် အဆိုပြုချက်ကို ဘဏ္ဍာရေး၊ စီးပွားရေး၊ ပြည်ထဲရေးနှင့် အလုပ်သမားဝန်ကြီးဌာန သုံးခုအပြင် အမျိုးသားစီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်ရေးကောင်စီ၊ ရင်းနှီးမြှုပ်နှံမှု ဘုတ်အဖွဲ့တို့ ပူးပေါင်းဆွေးနွေး အတည်ပြုခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် ထိုင်းနိုင်ငံ၌ မှတ်ပုံတင်ထားသည့် ကုမ္ပဏီတစ်ခုသည် နိုင်ငံခြား အစုရှယ်ယာ အများဆုံး ၄၉ ရာခိုင်နှုန်းဖြင့် ကန့်သတ်ထားရှိပြီး လုပ်ငန်းအမျိုးအစားများစွာကို ထိုင်းနိုင်ငံသား လုပ်ငန်းရှင်များအတွက် အလေးပေး ရေးဆွဲထားခြင်းဖြစ်သည်။ အစုရှယ်ယာအများဆုံး ၄၉ ရာခိုင်နှုန်းသည် နိုင်ငံခြားသားများကိုယ်စား အစုရှယ်ယာများ ရယူရန် အလို့ငှာ ထိုင်းအမည်စာရင်းတင်သွင်းသူများကို အသုံးပြုလာသည့် ကိစ္စများ များပြားခြင်းကို ဖြစ်ပေါ်လာစေခြင်းကြောင့် စီးပွားရေးဝန်ကြီးဌာန အနေဖြင့် ယခုထက်ပိုမိုကောင်းမွန် ပြည့်စုံသည့်ဥပဒေ ပြင်ဆင်ရေးဆွဲရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံအနေဖြင့် ပြည်ပနိုင်ငံခြားသား စီးပွားရေးလုပ်ငန်း ပိုင်ဆိုင်မှုဆိုင်ရာဥပဒေ ပြင်ဆင်ရေးဆွဲရာတွင် ပြည်တွင်း စီးပွားရေးလုပ်ငန်းများကို ကာကွယ်ပေးခြင်းထက် ထိုင်းလူမျိုးများ ပိုင်ဆိုင်သည်ဖြစ်စေ နိုင်ငံခြားသားများ ပိုင်ဆိုင်သည်ဖြစ်စေ အခြားလုပ်ငန်းများနှင့် ယှဉ်ပြိုင်နိုင်စွမ်းပိုမိုစေရန်နှင့် စွမ်းဆောင်ရည်မြှင့်တင်ပေးနိုင်စေရန် အလေးထားထည့်သွင်းပြင်ဆင်ရေးဆွဲ ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း အစိုးရ ပြောရေးဆိုခွင့်ရှိသူ Karom Polpornklang က ပြောကြားခဲ့သည်။

**မြိတ်ကုန်သွယ်ရေးစခန်း၊ Soruce - Bangkok Post**


## နိုင်ငံရပ်ခြားမှ သံသတ္တုရိုင်း၊ ကျောက်မီးသွေးများကို ဝယ်ယူရန် ကုမ္ပဏီများအား အိန္ဒိယနိုင်ငံ တိုက်တွန်း

အိန္ဒိယနိုင်ငံသည် သံမဏိထုတ်လုပ်နိုင်မှု စွမ်းရည်ကို မြှင့်တင်ပေးနိုင်ရန်အတွက် သံသတ္တုရိုင်း၊ ကျောက်မီးသွေးနှင့် အခြား အဓိကကုန်ကြမ်းပစ္စည်းများကို နိုင်ငံရပ်ခြားမှဝယ်ယူရန် အိန္ဒိယကုမ္ပဏီများအား အားပေးတိုက်တွန်းလျက်ရှိကြောင်း အိန္ဒိယသံမဏိဆိုင်ရာအတွင်းဝန် Sandeep Poundrik က ဧပြီလ ၂၆ ရက်တွင်ပြောကြားခဲ့သည်။

ကမ္ဘာ့ဒုတိယအကြီးဆုံး သံမဏိကြမ်း ထုတ်လုပ်သည့် အိန္ဒိယနိုင်ငံ၏ လက်ရှိစုစုပေါင်း သံမဏိထုတ်လုပ်မှုသည် တန်ချိန် သန်း ၂၀၀ ခန့်ရှိပြီး ၂၀၃၀ ပြည့်နှစ်တွင် တန်ချိန် သန်း ၃၀၀ အထိထုတ်လုပ်နိုင်ရန် ရည်မှန်းထားသည်။ ထိုရည်မှန်းချက်ကို ပြည့်မီစေရန်အတွက် ကျောက်မီးသွေး တင်သွင်းမှုအား လက်ရှိတန် ချိန် ၅၈ သန်း ဝန်းကျင် မှ ၂၀၃၀ ပြည့်နှစ်တွင် တန်ချိန် သန်း ၁၆၀ အထိ တိုးလာမည်ဟု ခန့်မှန်းထားကြသည်။ သံမဏိအထွက်နှုန်း မြင့်တက်နေသော်လည်း ဩစတြေးလျနှင့် အမေရိကန်တို့မှ တင်ပို့မှုနည်းခြင်းကြောင့် မတ်လတွင်ကုန်ဆုံးခဲ့သော ဘဏ္ဍာနှစ်အတွင်း အိန္ဒိယနိုင်ငံ၏ ကျောက်မီးသွေးတင်သွင်းမှုသည် သုညဒသမ ၇ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ အိန္ဒိယနိုင်ငံသည် ကျောက်မီးသွေးလိုအပ်ချက်၏ ၈၅ ရာခိုင်နှုန်းအား ဖြည့်ဆည်းရန် သွင်းကုန်များအပေါ်တွင် အမှီပြုနေရပြီး ဩစတြေးလျသည် အဆိုပါ တင်သွင်းမှု၏ ထက်ဝက်ကျော်အား ထောက်ပံ့ပေးလျက်ရှိသည်။ အိန္ဒိယအစိုးရပိုင် မိုင်းတွင်း NMDC သည် အင်ဒိုနီးရှားနှင့် ဩစတြေးလျတို့တွင် ကျောက်မီးသွေးပိုင်ဆိုင်မှု အခွင့်အလမ်းများအား ရှာဖွေလျက်ရှိသည်။

**Source : Reuters**

**DOCAYangon**



## မလေးရှား–တရုတ် စက်မှုပူးပေါင်းဆောင်ရွက်မှု ဆက်ဆံရေး မြှင့်တင်

မလေးရှားနှင့် တရုတ်နိုင်ငံတို့ အကြား စက်မှုပူးပေါင်းဆောင်ရွက်မှုသည် ဘုံဖွံ့ဖြိုးတိုးတက်မှုများအတွက် အခွင့်အလမ်းသစ်များ ပေးဆောင်ခဲ့ပြီး တရုတ်နိုင်ငံ၏ တိုးတက်နေသော ဈေးကွက်သည် မလေးရှားနိုင်ငံ၏ စားအုန်းဆီလုပ်ငန်း၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသောအခန်းကဏ္ဍမှပါဝင်ကြောင်း မလေးရှား အစိုးရ အရာရှိတစ်ဦးက ပြောကြားခဲ့သည်။

မလေးရှားနိုင်ငံ စိုက်ပျိုးရေးနှင့် ကုန်စည်ဒိုင် ဒုတိယဝန်ကြီး Chan Foong Hin က နှစ်နိုင်ငံသည် မြင့်မားသော အဆင့်ဖလှယ်မှုများကို ထိန်းသိမ်းထားပြီး ပိုမိုခိုင်မာသော ကုန်သွယ်မှုလုပ်ငန်းများကို မြှင့်တင်ကာ ကဏ္ဍများစွာတွင် အောင်မြင်မှုများ ဆက်တိုက်ရရှိစေခဲ့ကြောင်း ပြောကြားခဲ့သည်။

ကိန်းဂဏန်း အချက်အလက်များအရ ၂၀၂၄ ခုနှစ်တွင် နှစ်နိုင်ငံ ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၂၁၂ ဘီလီယံအထိ ရောက်ရှိခဲ့ပြီး တရုတ်သည် မလေးရှား၏ အကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံအဖြစ် ၁၆ နှစ်ဆက်တိုက် ရပ်တည်ခဲ့ကြောင်း ပြောကြားခဲ့သည်။ တရုတ်နိုင်ငံသည် မလေးရှားစားအုန်းဆီ၏ အရေးကြီးဆုံး ဈေးကွက်များအနက် တစ်ခုဖြစ်ကြောင်းနှင့် ၂၀၂၄ ခုနှစ်တွင် တရုတ်နိုင်ငံသို့ မလေးရှား၏ စားအုန်းဆီတင်ပို့မှုသည် ရင်းဂစ် ၁၀ ဒသမ ၅၇ ဘီလီယံ (ဒေါ်လာ ၁၇ ဒသမ ၄ ဘီလီယံခန့်) ရှိကြောင်း Chan က ပြောကြားခဲ့သည်။

**Source: Khmer Times**

**Lynn (DOCA YGN)**

## ထိုင်းနိုင်ငံ၏ ပို့ကုန်တင်ပို့မှု ၂၀၂၅ ခုနှစ် မတ်လအတွင်း ပိုမိုတင်ပို့နိုင်ခဲ့

ထိုင်းနိုင်ငံ၏ ပို့ကုန်တင်ပို့မှုသည် ၂၀၂၅ ခုနှစ် မတ်လတွင် ဖေဖော်ဝါရီလထက် ၁၄ ရာခိုင်နှုန်း ပိုမိုမြင့်တက် တင်ပို့လာခဲ့သည်။ ယခုသီတင်းပတ်အတွင်း အမေရိကန်နိုင်ငံနှင့် တင်သွင်းခွင့် အခွန်ကိစ္စရပ်များနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးသွားမည်ဖြစ်ပြီး အပြုသဘောဆောင်သည့် ဆွေးနွေးမှုရလဒ်များ ရရှိမည်ဟု မျှော်လင့်ထားကြောင်း ထိုင်းနိုင်ငံ Pichai Naripthaphan က ဧပြီ ၂၁ ရက်တွင် ပြောကြားခဲ့သည်။

ပို့ကုန်တင်ပို့မှုလုပ်ငန်းသည် ထိုင်းနိုင်ငံစီးပွားရေး၏ အဓိက မောင်းနှင်အားဖြစ်ပြီး ဆွေးနွေးမှု အောင်မြင်ပါက ပို့ကုန်ကဏ္ဍ ဆက်လက်တိုးတက်နိုင်သည်ဟု ကုန်သွယ်ရေးဝန်ကြီးက ပြောကြားခဲ့သည်။

တောင်အာရှဒေသ ဒုတိယအကြီးဆုံး စီးပွားရေးအဖြစ် ရပ်တည်နေသည့် ထိုင်းနိုင်ငံမှ တင်သွင်းမှုကုန်ပစ္စည်းများအပေါ် ချမှတ်ထားသော ၃၆ ရာခိုင်နှုန်းအခွန်သည် အမေရိကန်သမ္မတ Donald Trump ၏ စီးပွားရေးမူဝါဒ စီမံမှုအရ ချမှတ်ထားသည့် အမြင့်ဆုံး အခွန်နှုန်းအနက် တစ်ခုဖြစ်သည်။

အမေရိကန်သည် ယခင်နှစ်က ထိုင်း၏ အကြီးဆုံးတင်ပို့ဈေးကွက်ဖြစ်ခဲ့ပြီး စုစုပေါင်းတင်ပို့မှု ၁၈ ဒသမ ၃ ရာခိုင်နှုန်း၊ ဒေါ်လာ ၅၄ဒသမ၉၆ ဘီလီယံတန်ဖိုး ရှိခဲ့သည်။ ထိုင်းနှင့်အမေရိကန်အကြား ကုန်သွယ်ရေး အမြတ်/အရှုံးကို ဝါရှင်တန် ထုတ်ပြန်ချက်အရ အမေရိကန်အနေဖြင့် လိုငွေ ဒေါ်လာ ၄၅ ဒသမ ၆ ဘီလျံရှိကြောင်း ဖော်ပြထားသည်။

**မြိတ်ကုန်သွယ်ရေးစခန်း၊ Source - Bangkok Post**

# ၂၀၂၅ ခုနှစ် ပထမ သုံးလပတ်အတွင်း ဗီယက်နမ် ပြည်တွင်းဆိုင်ကယ်ဈေးကွက် အားကောင်း

၂၀၂၅ ခုနှစ်၏ ပထမ သုံးလပတ်ကာလတွင် ဗီယက်နမ် ပြည်တွင်းဆိုင်ကယ်ဈေးကွက်သည် သိသာစွာနာလန်ထူလာခဲ့ပြီး အစီးရေ၆၇၃၀၀၀ ရောင်းချခဲ့ရကာ ၂၀၂၄ ခုနှစ် တူညီသည့်ကာလထက် ၁၁ဒသမ၄၈ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရသည်။

လျှပ်စစ်ဆိုင်ကယ်များ မိတ်ဆက်မှုနှင့် ဆန်းသစ်တီထွင်သော အရောင်းမြှင့်တင်သည့်ဗျူဟာများက ရောင်းချမှုအရှိန်မြှင့်တင်ပေးနိုင်ရုံမက စားသုံးသူများ၏ ဦးစားပေးမှုကို ပြန်လည်ပုံဖော် ပေးနိုင်ခဲ့ကြောင်းနှင့် ဗီယက်နမ် မော်တော်ဆိုင်ကယ်ထုတ်လုပ်သူများအသင်း၏ တင်ပြချက်အရ ၎င်းတို့၏ အဖွဲ့ဝင်ငါးခုဖြစ်သည့် Honda Vietnam၊ Yamaha Motor Vietnam၊ Piaggio Vietnam၊ Vietnam Suzuki နှင့် SYM Vietnam တို့သည် မော်တော်ဆိုင်ကယ် ၁၀၀ နီးပါး မိတ်ဆက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ ဈေးနှုန်းများမှာလည်း အမေရိကန်ဒေါ်လာ ၇၂၀ မှ ၄၈၀၀၀ ထိရှိပြီး လိုအပ်ချက်များအတွက် ကျယ်ပြန့်သော ရွေးချယ်မှုကို ပေးစွမ်းနိုင်ကြောင်း သိရသည်။ ထိုသို့ ကွဲပြားခြားနားစွာ ကမ်းလှမ်းနိုင်မှုသည် ဈေးကွက်၏ ကွဲပြားသော ကဏ္ဍများကိုဆွဲဆောင်ရန်နှင့် ယှဉ်ပြိုင်နိုင်စွမ်းစဉ် ဆက်မပြတ် ကြီးထွားမှုတွင် အလွန်အရေးပါကြောင်း သိရသည်။

Honda Vietnam သည် ဈေးကွက်တွင် အဓိကနေရာ၌ ဆက်လက်ဦးဆောင်နေပြီး ဈေးကွက်ဝေစု၏ ၈၀ ရာခိုင်နှုန်း ကျော်ရရှိထား ကြောင်း သိရသည်။ ကုမ္ပဏီသည် မတ်လတွင် ပြည်တွင်း၌ အစီးရေ ၂၀၂၅၄၆ စီး ရောင်းချခဲ့ရပြီး ၂၀၂၄ ခုနှစ် မတ်လနှင့်နှိုင်းယှဉ်ပါက ၅၀ ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရသည်။

အဆိုပါမြင့်တက်လာမှုသည် အမှတ်တံဆိပ် အားကောင်းမှုနှင့် ဗီယက်နမ် ပြည်သူများ၏ ဦးစားပေးမှုတို့ကြောင့် ဖြစ်ကြောင်း သိရ သည်။ ၂၀၂၅ ခုနှစ် ပထမ သုံးလပတ်ကာလတွင် ဗီယက်နမ် မော်တော်ဆိုင်ကယ်ဈေးကွက်အတွက် အဓိကမောင်းနှင်အားမှာ မော်ဒယ်များကွဲပြားမှုနှင့် ဈေးနှုန်းများကြောင့် ဖြစ်ကြောင်း သိရ သည်။

**Vietnam Plus, မြသူ (DOCA-YGN)**




# ၂၀၂၄ ခုနှစ်တွင် အင်ဒိုနီးရှား၏ ဆေးဘက်ဆိုင်ရာပစ္စည်းများ တင်ပို့မှု အမေရိကန်ဒေါ်လာ ၂၇၃ မီလီယံအထိ ရောက်ရှိခဲ့

စက်မှုဝန်ကြီးဌာနသည် ၂၀၂၄ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၏ ဆေးဘက်ဆိုင်ရာပစ္စည်း တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၂၇၃ မီလီယံ အထိ ရောက်ရှိခဲ့ပြီး ၎င်းပြည်တွင်းထုတ် ဆေးဘက်ဆိုင်ရာပစ္စည်းများ အရောင်းအဝယ်ကို e-catalogs မှတစ်ဆင့် ပြုလုပ်ခဲ့ကာ ၄၈ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရသည်။

စိုက်ပျိုးရေးစက် အစိတ်အပိုင်းနှင့် စက်မှုလုပ်ငန်းဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး Solehan က ဧပြီ ၂၃ ရက်တွင် GE Healthcare မှ မိတ်ဆက်ခဲ့သော အယ်ထရာဆောင်းထုတ်ကုန် နှစ်မျိုးသည် အင်ဒိုနီးရှားနိုင်ငံ ပြည်တွင်းဆေးဘက်ဆိုင်ရာ ပစ္စည်းစက်ရုံများ၏ ဈေးကွက်ချဲ့ထွင်ရန် အဆင်သင့် ဖြစ်နေမှုကို သက်သေပြနေခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။



ထို့အပြင် Solehan က အဆိုပါ ထုတ်ကုန်သစ်များတွင် အချိန်တိုတိုနှင့် အကျိုးများစွာအလုပ်လုပ်ဆောင်နိုင်ရန်နှင့် တိကျသော ဆေးစစ်ချက်များရရှိရန် ထောက်ပံ့ပေးနိုင်သည့် AI အားထည့်သွင်း တပ်ဆင်ထားကြောင်း ထပ်လောင်းပြောကြားခဲ့သည်။

အမျိုးသား စက်မှုလက်မှုရေးရာစနစ် (SINAS)၏ အချက်အလက်များအရ ဆေးဘက်ဆိုင်ရာပစ္စည်းထုတ်လုပ်သော ကုမ္ပဏီ ၃၉၃ ခုသည် အင်ဒိုနီးရှားနိုင်ငံ စီးပွားရေးနယ်ပယ်များ၌ စံသတ်မှတ်ခွဲခြားခြင်း အဖွဲ့အစည်း (KBLI) တွင် မှတ်ပုံတင်ထားပြီး ဖြစ်သည့်အပြင် ပြည်တွင်း အစိတ်အပိုင်း အသိအမှတ်ပြု (TKDN) ၏ ပြန်လည်ပေါင်းစည်းခြင်း အချက်အလက်များအရ အဆိုပါ ဆေးဘက်ဆိုင်ရာပစ္စည်း ထုတ်ကုန်များတွင် TKDN 2505 အသိအမှတ်ပြု တံဆိပ်များ တပ်ဆင်ပြီးဖြစ်ကြောင်း Solehan က အတည်ပြုခဲ့သည်။

Solehan က AI ပါဝင်သော အယ်ထရာဆောင်းကဲ့သို့ ဆေးဘက်ဆိုင်ရာ ပစ္စည်းများ ထုတ်လုပ်နိုင်စွမ်းသည် နိုင်ငံခြားဈေးကွက်များ၏ စိတ်ဝင်စားမှုကို ဖမ်းစားနိုင်ကြောင်း ပြောကြားခဲ့သည်။ ၎င်း၏ ဝန်ကြီးဌာနသည် လေ့လာမှုများမှတစ်ဆင့် ဆေးဘက်ဆိုင်ရာ ပစ္စည်းများအတွက် ကုန်ကြမ်းများ အားကောင်းစေမှုအပါအဝင် အမျိုးသားဆေးဘက်ဆိုင်ရာ ပစ္စည်းများ၏ အလားအလာကို မြှင့်တင်ရန်၊ ထုတ်ကုန်များ အထောက်အကူပြုရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ရန်နှင့် ဆန်းသစ်တီထွင်မှုများ အရှိန်အဟုန်မြှင့်တင်ရန်အတွက် ပညာရှင်များ၊ သုတေသန အဖွဲ့အစည်းများ နှင့် စပ်တူလုပ်ငန်းများတည်ထောင်ရန်အတွက် ထောက်ပံ့ပေးမည်ဖြစ်ကြောင်း သိရသည်။

တစ်ချိန်တည်းမှာပင် ကျန်းမာရေးဝန်ကြီး၊ လက်အောက်ရှိ ဆေးဝါးနှင့် ဆေးဘက်ဆိုင်ရာဌာနမှ ညွှန်ကြားရေးမှူးချုပ် Lucia Rizka Andalusia က ၎င်းပါတီအနေဖြင့် ကျန်းမာရေး နည်းပညာ အကဲဖြတ်မှု (HTA) မှတစ်ဆင့် ဆေးဘက်ဆိုင်ရာပစ္စည်းများ၏ တိကျမှုနှင့် အရည်အသွေးကို တိကျသေချာအောင် ပြုလုပ်ပေးနိုင်သော AI အား အဆိုပါ ဆေးဘက်ဆိုင်ရာပစ္စည်းများတွင် ထည့်သွင်းတပ်ဆင်ခြင်း နှင့် ၎င်းစမ်းသပ် တီထွင်မှုများ အပေါ် ထောက်ခံအားပေးကြောင်း ပြောကြားခဲ့သည်။

**Source: Antara**
**ညီမင်းထက် (DOCA-YGN)**

# အမေရိကန်နိုင်ငံမှ ဝက်သားတန်ချိန် ၁၂၀၀၀ တင်သွင်းမှုအား တရုတ်နိုင်ငံမှ ပယ်ဖျက်



တရုတ်နိုင်ငံမှ အမေရိကန်ဝက်သား တန်ချိန် ၁၂၀၀၀ မှာယူ တင်သွင်းမှုအား ပယ်ဖျက်လိုက်ကြောင်း ဧပြီလ ၂၅ ရက်နေ့က ထုတ်ပြန်သော အချက်အလက်များအရ သိရသည်။

၎င်းသည် ကိုဗစ် (၁၉) ကပ်ရောဂါ စတင်ဖြစ်ပွားပြီးချိန်မှစ၍ အကြီးမားဆုံး ဖျက်သိမ်းမှုတစ်ခုလည်းဖြစ်သည်။ တရုတ်နိုင်ငံသည် အမေရိကန် ဝက်သားတင်ပို့မှုအတွက် အဓိကဈေးကွက်တစ်ခုဖြစ်ပြီး တရုတ်နိုင်ငံသည် ၂၀၂၄ ခုနှစ်တွင် အမေရိကန်ဝက်သားတန်ချိန် ၄၇၅၀၀၀ နီးပါး တင်သွင်းခဲ့ကာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော်ရှိသည်။

တရုတ်နိုင်ငံ၏ ဆုံးဖြတ်ချက်သည် အမေရိကန် လယ်ယာထွက်ကုန်များအပေါ် မှီခိုအားထားမှုကို လျှော့ချရန် ကြိုးပမ်းမှုကို ဦးတည်နေပြီး စီးပွားရေးဆိုင်ရာ ထည့်သွင်းစဉ်းစားမှုများအပြင် ထိုပယ်ဖျက်မှုသည် သမ္မတ ဒေါ်နယ်ထရန့်လက်ထက် အမေရိကန်အစိုးရ၏ မြင့်မားသော အခွန်စည်းကြပ်မှုများကို လက်တုံ့ပြန်ခြင်းအဖြစ်လည်းမြင်ကြသည်။ ယခင်က သမ္မတ ဒေါ်နယ်ထရန့်သည် တရုတ်သွင်းကုန်များအပေါ် အကောက်ခွန် ၁၄၅ ရာခိုင်နှုန်း ချမှတ်ခဲ့ပြီး တရုတ်နိုင်ငံဘက်မှလည်း အမေရိကန်ပို့ကုန်များအပေါ် အကောက်ခွန် ၁၂၅ ရာခိုင်နှုန်း ပြန်လည်ချမှတ်ရန်လှုံ့ဆော်ခဲ့သည်။

ယခုအခါတွင် အမေရိကန်နိုင်ငံမှ ဝက်သားများသည် တရုတ်ဈေးကွက်သို့ ဝင်ရောက်သောအခါ အကောက်ခွန် ၁၇၅ ရာခိုင်နှုန်းနှင့် ရင်ဆိုင်ရမည်ဖြစ်ပြီး အခြားနိုင်ငံများထက် သိသိသာသာ ပိုမိုဈေးနှုန်းမြင့်မား၍ ပြိုင်ဆိုင်မှုလည်းနည်းပါးစေသည်။

တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် ဝက်သားအများဆုံး ထုတ်လုပ်သည့် နိုင်ငံဖြစ်သော်လည်း ပြည်တွင်းဝယ်လိုအားကို ပြည့်မီစေရန်အတွက် ထိုသို့ တင်သွင်းနေရခြင်းဖြစ်သည်။ လက်ရှိတွင် တရုတ်နိုင်ငံသည် စိုက်ပျိုးရေးပစ္စည်းများနှင့် အသားထောက်ပံ့မှုရရှိစေရန် ဥရောပနှင့် စပိန်နိုင်ငံတို့အပေါ် လွှဲပြောင်းမှီ ခိုမှုပြုနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

**Source : idnfinancials.com, ဟန်ကိုကျော်(DOCAYGN)**

# ဝန်ထမ်းများ၏ စတော့ပိုင်ဆိုင်မှု အစီအစဉ်

ထွန်းသက်ထွန်း

ကုမ္ပဏီတစ်ခုမှ ထုတ်ဝေထားသည့် စတော့ရှယ်ယာများကို ၎င်းကုမ္ပဏီ၏ ဝန်ထမ်းများအား ပိုင်ဆိုင်ခွင့်ပေး သည့်အစီအစဉ်ကို Employee Stock Ownership Plan (ESOP) ဟုခေါ်သည်။ ESOP ရှယ်ယာများသည် ကုမ္ပဏီတွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများရရှိသည့် လုပ်ခလစာများ၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး ကုမ္ပဏီ၏ စွမ်းဆောင်ရည်မြင့်တက်ရေးနှင့် ရှယ်ယာဈေးနှုန်းများ မြင့်တက်စေရေးတို့ကို ရည်ရွယ်၍ ESOP အစီအစဉ်ကို ဆောင်ရွက်လေ့ရှိသည်။ ဤအစီအစဉ်ကို ဝန်ထမ်းများသို့ ပါဝင်ခွင့်ပြုခြင်းဖြင့် ကုမ္ပဏီ၏ အကျိုးစီးပွားကို ပိုမိုတိုးတက်လိုစိတ်ဖြစ်ပေါ်စေသလို ရှယ်ယာရှင်များအတွက် အကောင်းဆုံးဖြစ်စေရန် မည်သို့ဆောင်ရွက်မည်ဆိုသည့် တွန်းအားများလည်း ဖြစ်ပေါ်စေသည်။

ကုမ္ပဏီသည် ဝန်ထမ်းများအား အပိုစရိတ်များ မကုန်ကျစေဘဲ ရှယ်ယာပိုင်ဆိုင်ခွင့်များကို ပေးအပ်လေ့ရှိသည်။ ကုမ္ပဏီသည် ဝန်ထမ်းများပိုင်ဆိုင်သည့် ရှယ်ယာများကို လုံခြုံအပ်နှံဌာန (trustee)များတွင် အပ်နှံထားပြီး အရင်းနှင့် တိုးပွားလာသည့် ငွေများကို ဝန်ထမ်းဘဝ ကုန်ဆုံးသည်အထိ ထိန်းသိမ်းထားရှိသည်။ ကုမ္ပဏီသည် ဝန်ထမ်းများထည့်ဝင်ထားသည့် ငွေမှ နှစ်စဉ်ရရှိသည့် အမြတ်အစွန်းများကို ထပ်မံထည့်ဝင်စေပြီး ဝန်ထမ်းဘဝမှ အနားယူသည့် အချိန်မှသာ ပြန်လည်ထုတ်ပေးလေ့ရှိသည်။ ဝန်ထမ်း အငြိမ်းစားယူသည့် အချိန် (သို့) အလုပ်မှ ထွက်ခွာသည့်အချိန်တွင် ကုမ္ပဏီသည် ၎င်းဝန်ထမ်း၏ ပိုင်ဆိုင်ထားသည့် ရှယ်ယာများအားလုံးကို အပြီးအပိုင် ပြန်လည်ဝယ်ယူလိုက်ကာ ငွေများကိုအမ်းလိုက်သည်။ သို့သော် ဝန်ထမ်းသည် ရှယ်ယာများကို ယူဆောင်သွားခွင့်မရှိဘဲ ငွေသားဖြင့်သာ တစ်လုံးတစ်ခဲတည်း ခံစားခွင့် ရှိသည်။ အလုပ်ထုတ်ခံရသည့် ဝန်ထမ်းများသည် မိမိထည့်ဝင်ထားသည့် ငွေပမာဏကိုသာ ခံစားခွင့်ရှိသည်။ ကုမ္ပဏီတစ်ခုချင်းစီ၏ ESOP အစီအစဉ်အပေါ် မူတည်ကာ အရစ်ကျထုတ်ယူခြင်း သို့မဟုတ် တစ်လုံးတစ်ခဲတည်း ပေးအပ်ခြင်းကို ပြုလုပ်နိုင်သည်။ ဝန်ထမ်း အငြိမ်းစားယူချိတ်တွင် ကုမ္ပဏီအနေနှင့် ပြန်လည်အမ်းပေးလိုက်သည့် ရှယ်ယာများကို အခြားသူသို့ ပြန်လည် ဖြန့်ချိခြင်း သို့မဟုတ် ဖျက်သိမ်းခြင်းများ ပြုလုပ်နိုင်သည်။


ဝန်ထမ်းများအားလုံးမှ ပိုင်ဆိုင်သည့် ကော်ပိုရေးရှင်းများလည်းရှိသည်။ ၎င်းတို့သည် သမဝါယမ အသင်းများနှင့် ပုံစံတူသည်။ သို့သော် ကွဲလွဲသည့်အချက်မှာ ရှယ်ယာထည့်ဝင်သည့်ပမာဏ တူညီစွာ မရှိခြင်းပင်ဖြစ်သည်။ အဆိုပါကော်ပိုရေးရှင်းအများစုတွင် ဝန်ထမ်းများကို မဲပေးပိုင်ခွင့် ပြုထားပြီး အချို့သောဝါရင့်ဝန်ထမ်းကြီးများကို ရှယ်ယာအရေအတွက် ပိုမိုခံစားခွင့်ပေးထားခြင်းလည်းရှိသည်။

အဆိုပါစတော့ပိုင်ဆိုင်မှု အစီအစဉ်တွင် အပိုဆောင်းအကျိုးခံစားခွင့်များပါရှိပြီး ဝန်ထမ်းများကို ကုမ္ပဏီအား ရန်လိုစေသည့် အပြုအမူများကို အကာအကွယ်ပြုထားသည့်အပြင် ကုမ္ပဏီတစ်ခုချင်းစီ၏ ကော်ပိုရိတ် အစဉ်အလာများအရ ကုမ္ပဏီစီမံခန့်ခွဲမှုအဖွဲ့မှ လိုအပ်သလို ထိန်းကျောင်းနိုင်သည့် အခွင့်အရေးကို ဖန်တီးထားသည်။ သို့အတွက် ကုမ္ပဏီဝန်ထမ်းများအနေနှင့် ကုမ္ပဏီရှယ်ယာများကို လိုအပ်သလောက် ဝယ်ယူခွင့်ကိုလည်း ထိန်းချုပ်ထားသည်။

ESOP အစီအစဉ်များကို အောက်ပါအတိုင်း ထပ်မံခွဲခြားထားသည်။

**• Direct Purchase Program**

ဤအစီအစဉ်သည် ဝန်ထမ်းအား ၎င်း၏အခွန်ဆောင်ပြီးသား လစာမှ ဝန်ထမ်းတာဝန်ထမ်းဆောင်သည့် ကုမ္ပဏီအသီးသီး၏ စတော့များကို တိုက်ရိုက်ဝယ်ယူခွင့်ရှိသည့် အစီအစဉ်ဖြစ်သည်။ အချို့သောနိုင်ငံများတွင် အခွန်တာဝန်ကျေသော ဝန်ထမ်းများအတွက် ကုမ္ပဏီရှယ်ယာများကို လျှော့နှုန်းဖြင့် ဝယ်ယူခွင့်အစီအစဉ် Special Tax Qualified Plan များကို ချမှတ်ထားသည်။




**• Restricted Stock**

ဤအစီအစဉ်သည် ကုမ္ပဏီဝန်ထမ်း တစ်ဦးအနေဖြင့် အချိန်ကာလတစ်ခု အထိတာဝန်ထမ်းဆောင်ပြီးချိန် (သို့မဟုတ်) သတ်မှတ်ထားသည့် ရည်မှန်းချက် ပြည့်မီသည့် အချိန်တွင် လက်ဆောင်ပေးခြင်း သို့မဟုတ် ဝယ်ယူခွင့်ပြုသည့် အစီအစဉ်တစ်ခုဖြစ်သည်။ အရည်အချင်း ပြည့်မီသည့် ဝန်ထမ်းအနေနှင့် သတ်မှတ်ကာလအတွင်း မိမိကုမ္ပဏီ၏ ရှယ်ယာများကို ပုံသေဈေးနှုန်းဖြင့် ဝယ်ယူခွင့်ပြုသည့် အစီအစဉ်ဖြစ်သည်။

**• Phantom Stock**

ဤအစီအစဉ်သည် စွမ်းဆောင်ရည်ပြည့်ဝသည့် ဝန်ထမ်းများသို့ ဆုကြေးပေးအပ်သည့် အစီအစဉ်ဖြစ်သည်။ ပေးအပ်သည့် ငွေသားဆုကြေးကို ရှယ်ယာပေါက်ဈေးဖြင့် တန်ဖိုးသတ်မှတ်ကာ ပေးအပ်ခြင်းဖြစ်သည်။

**• Stock Appreciation Right**

ဤအစီအစဉ်သည် ကုမ္ပဏီ၏ စီမံခန့်ခွဲမှုအဖွဲ့ သို့မဟုတ် ဝန်ထမ်းများသို့ ကုမ္ပဏီ ဝင်ငွေများ တိုး တက်ရရှိခြင်းအတွက် ဆုကြေးပေးသည့်အစီအစဉ်ဖြစ်သည်။ အဆိုပါ ဝန်ထမ်းများ မူလပိုင်ဆိုင်သည့် ရှယ်ယာအရေအတွက်အလိုက် ရှယ်ယာအသစ်များ အချိုးကျထည့်ပေးခြင်း သို့မဟုတ် ငွေသားများ ပေးအပ်ခြင်း ပြုလုပ်ခြင်းဖြစ်သည်။

## ESOP ၏ အကျိုးကျေးဇူးများ

ESOP အစီအစဉ်သည် ကုမ္ပဏီဝန်ထမ်းများအနေနှင့် မိမိတာဝန်ထမ်းဆောင်သည့် ကုမ္ပဏီ၊ အဖွဲ့အစည်းတွင် ပြန်လည်ရင်းနှီးမြှုပ်နှံခြင်းဖြင့် ကောင်းမွန်သည့် ရလဒ်များ ရရှိစေရန် စီမံရေးဆွဲထားခြင်းဖြစ်သည်။ အဆုံးတွင် ဝန်ထမ်းများသည် ကုမ္ပဏီ၏ ရှယ်ယာများကို ပိုင်ဆိုင်လာပြီး ကုမ္ပဏီကို အောင်မြင်တိုးတက်အောင် ဆောင်ရွက်လိုသည့်စိတ်များ ဖြစ်ပေါ်စေကာ ကုမ္ပဏီ၏ ရှယ်ယာတန်ဖိုးများ မြင့်တက်စေရန် လှုံ့ဆော်မှုများကို ဖြစ်ပေစေမည်ဖြစ်သည်။ ထို့အပြင် ကုမ္ပဏီစတော့များ ပိုင်ဆိုင်ကြသည့် ဝန်ထမ်းများအနေနှင့် မိမိကုမ္ပဏီတွင် ရေရှည်တာဝန်ထမ်းဆောင်လိုသည့်စိတ်များ ဖြစ်ပေါ်လာစေကာ အလုပ်ထွက်သည့်နှုန်းများလည်း လျော့ကျသွားစေနိုင်မည်ဖြစ်သည်။

ကောက်စာ

ESOP အစီအစဉ်တွင်ပါဝင်သည့် ဝန်ထမ်းများ၏ ရှယ်ယာများကို Trust ဌာနများတွင် အပ်နှံထားပြီး ဝန်ထမ်း အလုပ်မှ အနားမယူမချင်း ထုတ်ခွင့်မရှိပါ။ ဝန်ထမ်းအလုပ်မှ ထွက်သည့်အချိန် သို့မဟုတ် အနားယူသည့် အချိန်တွင်မှသာ အဆိုပါရှယ်ယာများကို ထုတ်ယူကာ ဈေးကွက်တွင် ရောင်းချခြင်း သို့မဟုတ် ကုမ္ပဏီသို့ပြန်လည်ရောင်းချခြင်းတို့ကို ပြုလုပ်နိုင်သည်။ အဆိုပါရှယ်ယာများကို ပြန်လည် မရောင်းချမချင်း အခွန်ပေးဆောင်ရန် မလိုအပ်ပါ။

## ESOP အစီအစဉ်၏ ဆိုးကျိုးများ

ESOP အစီအစဉ်တွင် ပါဝင်သော ဝန်ထမ်းများအနေနှင့် မိမိတို့စုဆောင်းငွေများကို ကုမ္ပဏီရှယ်ယာများ ဝယ်ယူရခြင်းကြောင့် အခြားသော စုဆောင်းငွေ Saving အခွင့်အရေးများ မရှိတော့ခြင်း၊ အခြားသော ခွဲချမ်းစိတ်ဖြာ ရင်းနှီးမြှုပ်နှံနိုင်သည့် အခွင့်အရေးများကို ဆုံးရှုံးစေနိုင်သည်။ ဘဏ္ဍာရေးကျွမ်းကျင်သူများက မိမိတို့ပိုင်ဆိုင်ပစ္စည်း Asset တန်ဖိုး၏ ၁၀ ရာခိုင်နှုန်း ထက်ပို၍ ကုမ္ပဏီစတော့များကို မဝယ်ယူရန် အကြံပြုထားပါသည်။ အကယ်၍ မိမိတို့ကုမ္ပဏီ၏ စွမ်းဆောင်ရည်ကျဆင်းမှု၊ ဝင်ငွေလျော့ကျမှုများဖြစ်လာပါက ရှယ်ယာဈေးနှုန်းများလည်း ကျဆင်းနိုင်ကာ အလုပ်မှ ထွက်ခွာနိုင်သည့်အခြေအနေများလည်း ပေါ်ပေါက်နိုင်သည်။ သို့သော် ဤကဲ့သို့ အခြေအနေမျိုးဖြစ်လာပါကလည်း ကုမ္ပဏီအနေဖြင့် ငွေစုဆောင်းသည့် အစီအစဉ်တွင် ရရှိနိုင်သည့် ပြန်ရနှုန်းများကို ပေးနိုင်သည့် တုန့်ပြန်ဆောင်ရွက်မှုများ ဆောင်ရွက်ခြင်းဖြင့် ဆုံးရှုံးနိုင်ခြေများကို အကာအကွယ် ရရှိစေနိုင်သည်။

## အောင်မြင်သည့် ESOP ဖွဲ့စည်းပုံ

- ပညာရည်မြင့်မားပြီး လုပ်ခလစာကောင်းမွန်သည့် ဝန်ထမ်းအင်အားစု ရှိရန်လိုအပ်သည်။ ဤ အချက်သည် လွန်စွာအရေးကြီးသည်။ အဘယ့်ကြောင့်ဆိုသော် ဝန်ထမ်းများကို ပိုင်ရှင်အဖြစ် စိတ်ဓာတ်များသွတ်သွင်းပေးရခြင်း၊ လွှဲပြောင်းရယူနိုင်သည့် အရည်အချင်းများရှိရန် လိုအပ်ခြင်းကြောင့် ဖြစ်ပါသည်။
- ကုမ္ပဏီသည် ငွေသားစီးဆင်းမှု Cash flow အသင့်အတင့် ကောင်းမွန်ရန်လိုအပ်သည်။ ထို့အပြင် အရည်အချင်းပြည့်ဝသည့် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးအဖွဲ့လည်း ရှိရန်လိုအပ်သည်။

ESOP အစီအစဉ်သည် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့ (Private Equity Fund) များနှင့် တည်ထောင်သူပိုင်ရှင်များအတွက် ထွက်ပေါက်ဗျူဟာ (Exit Strategy) တစ်ခုဖြစ်သည်။ မိမိကုမ္ပဏီ ၏ ရှယ်ယာများကို ရောင်းထုတ် လိုသည့်အခါဖြစ်စေ၊ အခြားသော ကုမ္ပဏီတစ်ခုက ဝယ်ယူလိုသည့်အခါဖြစ်စေ ESOP အစီအစဉ်ကို ကြားခံထားကာ ဆောင်ရွက်လေ့ ရှိကြသည်။ သို့သော်လည်း Exit Strategy ပြုလုပ်နိုင်ရန်အတွက် ကုမ္ပဏီသည် အောက်ဖော်ပြပါ အချက်များနှင့် ပြည့်စုံရန် လိုအပ်သည်။

- စီးပွားရေးလုပ်ငန်းရှင်၊ ကုမ္ပဏီပိုင်ရှင်များအနေနှင့် ၎င်းတို့၏ စတော့များကို ဝန်ထမ်းများသို့ သင့်တင့်မျှတသည့် ဈေးနှုန်းဖြင့် ပေးအပ်ထားခြင်းနှင့် အရည်အချင်းပြည့်ဝသည့် ကုမ္ပဏီ စီမံခန့်ခွဲမှုအဖွဲ့ကို ဖွဲ့စည်းထားခြင်း။
- ကုမ္ပဏီများ (အထူးသဖြင့် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့ Private Equity Fund) များအနေနှင့် ကုမ္ပဏီ ဝယ်ယူခြင်း ပေါင်းစည်းခြင်းအတွက် စရိတ်စကများ သက်သာလိုသည့်အခါ (သို့မဟုတ်) ပြိုင်ဖက်ကုမ္ပဏီများနှင့် ယှဉ်၍ ဈေးပြိုင်ဝယ်ယူလိုခြင်း။
- ကုမ္ပဏီ တိုးချဲ့ရေးအတွက် လက်ရှိ ရယူထားသည့် ချေးငွေများကို ဖယ်ထုတ်လိုသည့်အခါ။

# ajrBu;r a&o;rñ jrerm t;vyie;

ဝေဝေမင်း (ပြည်)

မြန်မာနိုင်ငံတွင် MSMEs လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆန်မှတစ်ဆင့် တန်ဖိုးမြှင့်ထုတ်ကုန်၊ သစ်၊ ဝါးများမှတစ်ဆင့် တန်ဖိုးမြှင့်ထုတ်ကုန်၊ တွင်းထွက်များမှတစ်ဆင့် တန်ဖိုးမြှင့် ထုတ်ကုန်၊ ဝါဂွမ်းမှတစ်ဆင့်တန်ဖိုးမြှင့်ထုတ်ကုန်၊ ချည်ထည်များ ထုတ်လုပ်ခြင်းနှင့် မြေကြီးမှတစ်ဆင့် တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်၍ရောင်းချကြသည်။

ယခုလိုအချိန်သည် မြန်မာနိုင်ငံ၏ ရာသီဥတုမှာ ပူပြင်းခြောက်သွေ့သော နွေရာသီအခါကာလ ဖြစ်သည့်အတွက် မြေကြီးမှတစ်ဆင့် တန်ဖိုးမြှင့်ထုတ်ကုန် မြေအိုးများထုတ်လုပ်ရောင်းချခြင်း လုပ်ငန်းများဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ရာသီဥတုပူပြင်းလာသည်နှင့်အမျှ လူတို့သည် အေးမြသောအစားအစာနှင့် သောက်သုံးရေများကို သောက်သုံးလာကြသည်။ အလွန်ပူပြင်းသည့် အချိန်တွင် ရေခဲသေတ္တာ၊ Water Cooler မှ ရေများသည် လူတို့အတွက် ဘေးဥပဒ်အန္တရာယ်များဖြစ်နိုင်သဖြင့် သောက်သုံးရန်မသင့်ကြပါ။ ထို့ကြောင့် သဘာဝကပေးသော မြေကြီးမှတစ်ဆင့် တန်ဖိုးမြှင့်ထုတ်ကုန် မြေအိုးများကို ရေထည့်၍ သောက်သုံးကြသဖြင့် ကျန်းမာရေးလည်း ကောင်းမွန်လာနိုင်သလို သောက်ရေအေးအေး လေးကို လည်း သောက်သုံးနိုင်မည်ဖြစ်သည်။

မြေကြီးမှတစ်ဆင့် တန်ဖိုးမြှင့်ထုတ်ကုန် မြေအိုးလုပ်ငန်းကို ပြည်ခရိုင်အနေဖြင့် ပန်းတောင်းနှင့် ပေါက်ခေါင်းမြို့နယ်များတွင် စီးပွားဖြစ်လုပ်ကိုင်ကြသည်။ ပန်းတောင်းမြို့နယ်တွင် ဖောင်းကန်ရွာနှင့် ပေါက်ခေါင်းမြို့နယ် ချောင်းကောင်းကျေးရွာတို့တွင် မြေအိုးဖုတ်ခြင်း လုပ်ငန်းများကို တွင်ကျယ်စွာ လုပ်ကိုင်လာခဲ့သည်မှာ နှစ်ပေါင်းများစွာကြာမြင့်လာခဲ့သည်။ ထုတ်လုပ်သော အိုးများမှာ သောက်ရေအိုး၊ ရေခပ်အိုး၊ ပန်းအိုး၊ ထမင်းချက်အိုးစသည်ဖြင့် ဘက်စုံသုံးအိုးများကို ဆိုဒ်စုံထုတ်လုပ်ရောင်းချကြပြီး သင်္ကြန်ကာလများတွင်လည်း အကြိုအိုး၊ အတာအိုးတို့ကိုလည်း ထုတ်လုပ်ရောင်းချကြသည်။

အိုးလုပ်ငန်းကို အောက်တိုဘာလမှစ၍ ဧပြီလအထိ လုပ်ကိုင်ကြပြီး မိုးတွင်းကာလဖြစ်သော မေလမှ စက်တင်ဘာအထိ ငါးလအကြာ အလုပ်နားချိန်ဖြစ်ကြသည်။ ထိုသို့အလုပ်နားချိန်တွင် ကုန်ကြမ်းပစ္စည်းများဖြစ်သော မြေကြီး၊ ဖွဲနှင့်ထင်းများကို စုဆောင်းကြသည်။ မိုးလများကုန်ချိန်တွင် အိုးဖုတ်ရန်အတွက် စတင် လုပ်ကိုင်ကြသည်။ အိုးဖုတ်ရန်တစ်ဖိုလျှင် အလုပ်သမား ခြောက်ဦးခန့်လိုအပ်ပြီး အိုးဖိုတစ်ဖိုလျှင် အိုးအလုံးပေါင်း သောင်းပြောင်း တစ်သောင်းခန့်ဖုတ်ယူရရှိသည်။ အိုးတစ်ဖို ဖုတ်လျှင် သုံးနာရီသာ ကြာမြင့်ပြီး တစ်နေ့လျှင် အိုးတစ်ဖိုသာ ထုတ်ယူနိုင်ကြောင်း သိရသည်။ အိုးဖုတ်ရာတွင် ဆောင်းရာသီ၌ ဖုတ်သည့်အိုးမှာအကောင်းဆုံးဖြစ်ပြီး ရှေးလူကြီးသူမများက ဆောင်းရာသီတွင်ဖုတ်သည့် သောက်ရေအိုးကို တစ်နှစ်ပတ်လုံး အေးသဖြင့် ဝယ်ယူသုံးစွဲကြသည်။

ယခင်က သောက်ရေအိုးနှင့် အခြားအိုးများကို ရှေးရိုးအတိုင်း ထုတ်လုပ်သုံးစွဲကြရာ ယခုအချိန်တွင် ခေတ်မီတိုးတက်လာသည်နှင့်အမျှ အသစ်အဆန်းများကို ထုတ်လုပ်လာကြသဖြင့် ဈေးကောင်းများလည်း ပိုမိုရရှိလာသည်။ ရိုးရိုးသမားရိုးကျသောက်ရေအိုးအပြင် ဆန်းသစ်တီထွင် အဆင့်မြှင့်တင်ပြီး ဇီးကွက်ပုံ သောက်ရေအိုးများ၊ ဖရုံသီးပုံစံ သောက်ရေအိုးများ၊ ငါးကြင်းကွက်သောက်ရေအိုးများကို ထုတ်လုပ် ရောင်းချလာနိုင်ကြသည်။ ထိုသို့မြေကြီးကို ဆန်းသစ်တီထွင် အဆင့်မြှင့်တင်၍ တိုးတက်ထုတ်လုပ်လာနိုင်သဖြင့် MSMEs ကဏ္ဍများလည်း တိုးတက်လာခဲ့သည်။

မြေအိုးဈေးကွက်အနေဖြင့် ပန်းတောင်းမြို့နယ်မှထွက်ရှိသော အိုးများကို ပန်းတောင်းမြို့၊ ဥသျှစ်ပင်မြို့၊ ပြည်မြို့နှင့် အခြားမြို့များသို့ တင်ပို့ရောင်းချကြသလို ပေါက်ခေါင်းမြို့နယ်မှထွက်ရှိသော မြေအိုးများကို ပေါက်ခေါင်းဒေသတွင်းအပြင် ပေါင်းတလည်နှင့် ပြည်မြို့များသို့ လည်းတင်ပို့ရောင်းချကြသည်။

သင်္ကြန်ကာလအတွင်း အကြိုအိုးနှင့် အတာအိုးများကို ထုတ်လုပ်ရောင်းချနိုင်ခဲ့ကြပါသည်။ ပြည်မြို့ရှိ ဈေးကွက်များတွင် မြေအိုးမျိုးစုံ ရောင်းချလျက်ရှိပြီး လမ်းလျှောက်ဈေးသည်များကလည်း အိမ်တိုင်ရာ ရောက် တစ်လမ်းဝင် တစ်လမ်းထွက်လိုက်လံရောင်းချကြသဖြင့် အရောင်းအဝယ်မှာ တွင်ကျယ်လျက်ရှိသည်။ ရောင်းချ သည့် ဈေးနှုန်း များအနေဖြင့်လည်း ဈေးအမျိုးမျိုးရှိကြပြီး ရိုးရိုးသောက်ရေအိုးကြီး တစ်လုံးလျှင် ကျပ် ၃၅၀၀-၄၀၀၀၊ အလတ်တစ်လုံးလျှင် ကျပ် ၂၅၀၀-၃၀၀၀၊ ဇီးကွက်ပုံ၊ ဖရုံသီးပုံ၊ ငါးကြင်းကွက်ပုံ၊ သောက်ရေ အိုးများမှာ တစ်လုံးလျှင် ကျပ် ၇၀၀၀-၈၀၀၀ ဖြင့် ရောင်းချသလို ပန်းအိုးများနှင့် အခြားအိုးမျိုးစုံကိုလည်း သူ့ဈေးနှင့်သူ အသီးသီး ရောင်းချလျက်ရှိသည်။



မြေကြီးကို တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် အိုးမျိုးစုံထုတ်လုပ်ရောင်းချကြသဖြင့် ကျေးရွာနေပြည်သူများအနေဖြင့်လည်း အလုပ်အကိုင်ခွင့်အလမ်းများလည်းရရှိနိုင်သလို ထုတ်လုပ်ရောင်းချသူများအနေဖြင့် ဝင်ငွေအဖြစ် တစ်လျှင် ခုနစ်လ ဝင်ငွေများရရှိနိုင်မည်ဖြစ်၍ အိုးထုတ်လုပ်သူ လုပ်ငန်းရှင်များအနေဖြင့်လည်း မြေကြီးမှ ရွှေသီးနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံအတွင်း ပြည်တွင်းလက်မှုထုတ်ကုန်အနေဖြင့် သဲအိုး၊ မြေအိုး၊ ကျောက်အိုး၊ စဉ့်အိုး အမျိုးမျိုးကို ဒေသအလိုက် ထုတ်လုပ်လျက်ရှိသည်။

ကြော်ငြာ